# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ခိုင်မာမြဲမြံစွာရပ်တည်နိုင်**

လောကဓံတရားများနှင့် တွေ့ကြုံရသော ရဟန္တာအရှင်မြတ်တို့သည် အမျက်ထွက်ခြင်းမရှိ။ သည်းခံ၏။ မြေကြီးကဲ့သို့ လည်းကောင်း၊ တံတိုင်းကြီးကဲ့သို့ လည်းကောင်း ခိုင်မာမြဲမြံစွာ ရပ်တည်နိုင်၏။ အရှင်သာရိပုတ္တရာ၏ အမျက်မထွက်၊ သည်းခံခြင်းနှင့် ပြည့်စုံသောစိတ်ကို ရှိခိုးကော်ရော် ပူဇော်ကန်တော့ရာ၏။

**အရဟန္တဝဂ်(ဓမ္မပဒ-၉၅)**


၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာ ၂၁ ရက်၊ ဗုဒ္ဓဟူးနေ့ အတွဲ (၅၈)၊ အမှတ် (၀၅၂)


# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ပဥ္စမနေ့ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၀**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ပဥ္စမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းဖြေကြားခြင်းနှင့် အဆို တစ်ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် မောက်မယ် မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်း၏ **မော်တော်ယာဉ်ဝယ်ယူပြီးနောက် အမည်ပေါက်ပြောင်းလဲရာတွင် အခွန်စိမ်းပြေသ အခွန်ဆောင်ပြီးမှ အမည်ပြောင်းလဲခွင့်ပြုခြင်းကို ကညနမှ ဖြေလျှော့ဆောင်ရွက်ပေးပြီး မော်တော်ယာဉ် မှတ်ပုံတင်စာအုပ်နောက်ကျောပါ သတိပြုရန်အချက်များ အမှတ်စဉ် (၈)တွင် မော်တော်ယာဉ် ဝယ်ယူသူမှ တရားဝင်ပိုင်ဆိုင်ကြောင်း တရားရုံးတွင် သက်သေခံနိုင်သည်အထိ ပြင်ဆင်ပြဋ္ဌာန်းပေးနိုင်မည့် စီမံချက်မျိုး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် ကျောဖုံးအတွင်းဘက်ပါ သတိပြုရန်အချက်များ အမှတ်စဉ်(၈) တွင် ဖော်ပြထားသည့်အချက်မှာ အငြင်းပွားမှုမဖြစ်စေရန် ထည့်သွင်းထားခြင်းသာဖြစ်ပြီး မော်တော်ယာဉ်ဝယ်ယူသူမှ တရားဝင်ပိုင်ဆိုင်ကြောင်း တရားရုံးတွင်


*စာမျက်နှာ ၅ ကော်လံ ၁* ✤





ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ပဥ္စမနေ့ ကျင်းပစဉ်။



# လားရှိုးမြို့ တန်ဆောင်တိုင် မီးပုံးပျံပွဲတော် ဖွင့်ပွဲအခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပ

လားရှိုး နိုဝင်ဘာ ၂၀

**ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့၌ တတိယအကြိမ် တန်ဆောင်တိုင်မီးပုံးပျံပွဲတော် ဖွင့်ပွဲအခမ်းအနားကို ချယ်ရီမြိုင်အိမ်ရာကွင်းတွင် နိုဝင်ဘာ ၂၀ ရက် ညနေ ၅ နာရီက စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။** (ဝဲပုံ)

အဆိုပါ မီးပုံးပျံပွဲတော်အား နိုဝင်ဘာ ၂၀ ရက်မှ ၂၂ ရက်အထိ သုံးရက်တိုင် ကျင်းပသွားမည်ဖြစ်ပြီး စိန်နားပန်မီးပုံးပျံ ငါးလုံး၊ ညမီးကျည်မီးပုံးပျံ ၁၀ လုံး စုစုပေါင်း ၁၅ လုံး၊ အရန်မီးပုံးပျံများဖြင့် လွှတ်တင်သွားမည် ဖြစ်သည်။ နိုင်ငံကျော် တေးသံရှင်များပါဝင်သော စတိတ်ရှိုးအစီအစဉ်များ၊ မြန်မာ့ရိုးရာ ခြင်းအလုခတ်ပြပွဲများ၊ နိဗ္ဗာန်ဈေးပွဲတော်များ၊ အမျိုးသား အမျိုးသမီး ချောတိုင်တက်ပွဲများ ပါဝင်ကြောင်း သိရသည်။

တန်ဆောင်တိုင်မီးပုံးပျံပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးကျော်သူဇော်က အမှာစကားပြောကြားပြီး မီးပုံးပျံပွဲတော်ဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်ချိုက ပွဲတော်အတွက် စီမံဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

တန်ဆောင်တိုင်မီးပုံးပျံပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သူ၊


*စာမျက်နှာ ၈ ကော်လံ ၁* ❍





# ဥပဒေနှင့် ဥပဒေစိုးမိုးရေး

ရန်ကုန်မြို့အပါအဝင် မြို့ကြီးများရှိ ပြည်သူအများစုတို့ ယခုတလော ကြုံတွေ့ခံစားနေရသည့် ပြဿနာများတွင် လမ်းပိတ်ဆို့မှုနှင့် လမ်းဘေးဈေးသည်များသာမက လော်စပီကာ အသံဆူညံမှု ပြဿနာတစ်ခု တိုးလာနေသည်။

အစဉ်အလာများအရ ဝါလကင်းလွတ်လာပြီဆိုလျှင် သီတင်းကျွတ်ပွဲတော်၊ တန်ဆောင်တိုင်ပွဲတော်၊ ကထိန်သင်္ကန်းကပ်လှူပွဲ စသည့် ပွဲတော်များ အလှူအတန်းများ နိုင်ငံအနှံ့ပေါ်ပေါက်လာချေပြီ။

ထုံးတမ်းစဉ်လာနှင့် ရိုးရာဓလေ့တို့အရ ပွဲလမ်းများဆင်ယင်ကျင်းပကြသည့်နေရာတွင် ခေတ်မီလာသော နည်းပညာတို့၏ အကူအညီဖြင့် ပိုမိုတိုးတက်လာသည်တို့ ရှိသကဲ့သို့ ခေတ်မီနည်းပညာတို့က ပံ့ပိုးလိုက်သည့်အခါ အပေါ်မှာတင်ပြသကဲ့သို့ ကျယ်လောင်မြည်ဟည်းနေသော သီချင်းသံများကလည်း လမ်းများပေါ်သို့ ကျယ်လောင်ဆူညံစွာ လျှံကျလာသည်ကို ကြားနေကြရသည်။

မြန်မာတို့၏ အစဉ်အလာယဉ်ကျေးမှုများအရ ပျော်ရွှင်မှုကို အားပေး၏။ လှူတန်းရက်ရောမှုများကလည်း သူမတူအောင်ရှိကြကာ ကုသိုလ်ယူကြရ၏။ သို့သော်လည်း ကျယ်လောင်ပြင်းထန်လှသော အသံဆူညံမှုတို့သည်ကား ပျော်ရွှင်မှုနှင့်လည်း မဆိုင်၊ ယဉ်ကျေးမှုကိုလည်း ကိုယ်စားမပြု၊ ပတ်ဝန်းကျင်လူမှုအဖွဲ့အစည်းအတွက်လည်း ကုသိုလ်မတိုးဟု ဆိုရပါမည်။

ထို့ထက်ပိုဆိုရလျှင်မူ ဥပဒေကိုလည်း ကျော်လွန်ဖောက်ဖျက်ရာရောက်နေခဲ့ပြီ။ အသံချဲ့စက်ဆိုင်ရာ လော်စပီကာဆိုင်ရာ ဥပဒေတို့က ရှိပြီးသား။ ဒီမိုကရေစီအမှောင်ခေတ်ကဆိုလျှင် ပျော်ပွဲရွှင်ပွဲများတွင် ဆိုကြပြောကြရင်း နိုင်ငံရေးနှင့်စပ်လျဉ်းသည့်ဆိုသံ အနည်းငယ်ပါသည်ဆိုကာမျှဖြင့် အသံချဲ့စက်ဆိုင်ရာဥပဒေကိုကိုင်ကာ ပွဲပြုလုပ်ခွင့် ပိတ်တော့သည်။

အသံချဲ့စက်ဥပဒေ၏ အနှစ်သာရမှာ ပြည်သူတို့ အေးချမ်းတည်ငြိမ်စွာ လုပ်ကိုင်နေထိုင်မှုကို အနှောင့်အယှက်မဖြစ်ရေးကို အခြေပြု၏။ နေရာဒေသနှင့် အချိန်တို့ကိုလိုက်၍၊ ဥပမာအားဖြင့် ဆေးရုံဝန်းကျင်၊ စာသင်ကျောင်းဝန်းကျင်တွင် မည်သို့မည်ပုံသာ အသုံးပြုခွင့်ရှိသည်ဟူသော စည်းကမ်းများက ရှိပြီးဖြစ်၏။

ကားများပေါ်တွင် အသံချဲ့စက်များ ကျယ်လောင်မြည်ဟည်းလှသော အသံအိုးကြီးများကို တင်ပြီး အရပ်တကာလှည့်နေသည်က မတင့်တယ်လွန်းလှဟု ယူဆပါသည်။

အခြေခံအားဖြင့် လူမှုအဖွဲ့အစည်းကို ပညာ၊ ကျင့်ဝတ်သိက္ခာ၊ သီလ၊ တရားဥပဒေစသည်တို့ဖြင့် ထိန်းကျောင်း၏။

အခြေခံလူ့ကျင့်ဝတ်တို့ကို အခြေပြု၍ လူမှုအဖွဲ့အစည်းပေါ် အန္တရာယ်ပြုမှုများ ခြိမ်းခြောက်မှုများဖြစ်မလာရအောင် တားဆီးကာကွယ်နိုင်ရန် အလို့ငှာ မျှတသော ဥပဒေများကို ရေးဆွဲထား၏။

လူမှုအဖွဲ့အစည်းကလည်း ထိုဥပဒေများကို လိုက်နာကြရသည်။ ဥပဒေချိုးဖောက်ကာ လူ့အဖွဲ့အစည်းကို ထိခိုက်အောင် ပြုနေသူများကို ပြုသူ၏ အပြစ်နှင့်လျော်ညီသည့် ဥပဒေဖြင့် တားဆီးခြင်း၊ ဆုံးမခြင်း၊ ပညာပေးခြင်း၊ အရေးယူ ပြစ်ဒဏ်ပေးခြင်းတို့ကို လုပ်ဆောင်ရ၏။ သည်လိုနည်းဖြင့် လူ့လောကကို စောင့်ရှောက်ကြရ၏။ မိမိတို့ လူမှုအဖွဲ့အစည်းက သတ်မှတ်ရေးဆွဲထားသော ဥပဒေ စည်းမျဉ်းများအတိုင်း ဥပဒေရေးရာနှင့် ပတ်သက်၍ အများက တာဝန်အပ်နှင်းပေးခံရသူများက တရားစီရင်ဆုံးဖြတ်အပြစ်ပေးရ၏။

ထို့ကြောင့် ဥပဒေစိုးမိုးရေးဟူသည် လူ့လောကငြိမ်းချမ်းစွာ ရှင်သန်တိုးတက်ရေးအတွက် အလွန်အရေးကြီးလှပါ၏။ ဥပဒေကို လျှော့ချည်တင်းချည် လိုသလို ပြုပြင်ခဲ့သော အချိန်ကာလရှည်ကြီးကို ဖြတ်သန်းခဲ့ရသော မြန်မာနိုင်ငံအဖို့ ဥပဒေစိုးမိုးရေး၏ အရေးကြီးမှုကို ပို၍ပင် ခံစားနားလည်နိုင်ကြပါမည်။

ပြီးနောက်၊ ဥပဒေဆိုသည်က အတတ်နိုင်ဆုံး အတိကျဆုံးသော စနစ်တို့ဖြင့် လူမှုအဖွဲ့အစည်းကို အကာအကွယ်ပေးနိုင်အောင်ရေးဆွဲထား၏။ သည်ဥပဒေအတိုင်း လူမှုအဖွဲ့အစည်းကို စောင့်ရှောက်နိုင်ရန် အလို့ငှာ ဥပဒေစိုးမိုးရန်လို၏။

ဥပဒေစိုးမိုးနိုင်ရေးအတွက် ဥပဒေလိုက်နာသည့် ပြည်သူလူထုဖြစ်ရေး အရေးကြီးသကဲ့သို့ အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဥပဒေပြုရေး မဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်တို့က တာဝန်ယူထားသူများတွင်လည်း ကြီးလေးသော တာဝန်များရှိပါ၏။

ယခုလတ်တလော ပြဿနာဖြစ်သည့် အသံချဲ့စက်ကိစ္စမှာ ခက်ခဲလွန်းလှသော အမှုကိစ္စမဟုတ်ပါ။ သည်လိုကိစ္စမျိုးမှသည် တုတ်တရမ်းရမ်း ဓားတရမ်းရမ်း အုပ်စုဖွဲ့ရမ်းကားမှုများကအစ လူစည်ကားရာ အများသူငါ ရှေ့မှောက်မှာပင် သေနတ်ဖြင့်ပစ်သည့် ဥပဒေမဲ့ အကြမ်းဖက်လုပ်ရပ်များအထိ အရေးမယူ၊ မဖြေရှင်းနိုင်မဖြစ်သင့်တော့ဟု ယူဆပါသည်။

ဥပဒေစိုးမိုးမှုအတွက် အဓိကတာဝန်ရှိသူများက အမှန်တကယ် ဥပဒေစိုးမိုးအောင် ကြံဆဆောင်ရွက်ကြဖို့လိုပါမည်။ ။

## စားနပ်ရိက္ခာဖူလုံရေးနှင့် အာဟာရပြည့်ဝရေးအခြေခံသည့် စိုက်ပျိုးမှုဖြစ်ပေါ်တိုးတက်ရေးဆွေးနွေး



**နေပြည်တော် နိုဝင်ဘာ ၂၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ယမန်နေ့က ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)ဌာနေကိုယ်စားလှယ် Ms. Xiaojie Fan နှင့် ဥရောပသမဂ္ဂအဖွဲ့မှ Mr. Pedro. Campo – Llopis နှင့်အဖွဲ့အား တွေ့ဆုံသည်။

ထိုသို့ ဆွေးနွေးစဉ် စားနပ်ရိက္ခာဖူလုံရေးနှင့်အာဟာရပြည့်ဝရေးအခြေခံသည့် စိုက်ပျိုးမှု ဖြစ်ပေါ်တိုးတက်စေရေး လုပ်ငန်းရပ်များကို လည်းကောင်း၊ အပင်ပိုးမွှား ရောဂါကင်းရှင်းရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ရေးဆွဲပြီးဖြစ်သော လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မဟာဗျူဟာ(ADS) စီမံကိန်းဆိုင်ရာအကောင်အထည်ဖော်မှုများတွင် FAO မှ ကူညီပေးမည့် အစီအစဉ်များကိုလည်းကောင်း၊ မြန်မာနိုင်ငံ၏ ကဏ္ဍပေါင်းစုံ ပါဝင်ဆောင်ရွက်မည့် အာဟာရပြည့်ဝရေးဆိုင်ရာအစီအစဉ်များ(MS. NPAN)တွင် ဥရောပသမဂ္ဂမှ ကူညီပေးမည့် အစီအစဉ်များကို လည်းကောင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော် မဟာဗန္ဓုလပန်းခြံ၌ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၀**

ရန်ကုန်တိုင်းဒေသကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော်ကို နိုဝင်ဘာ ၂၀ ရက်မှ ၂၂ ရက်အထိ မဟာဗန္ဓုလပန်းခြံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ယခုအခါ မဟာဗန္ဓုလပန်းခြံအတွင်း၌ LED မီးသီးများဖြင့် အဝင်မုခ်ဦး၊ လျှောက်လမ်းနှင့် ပန်းရုံများတွင် အလှဆင်ထွန်းညှိထားသည်ကို တွေ့ရသည်။ ထို့ပြင် မြန်မာ့ရိုးရာ စောင်း၊ သမင်၊ ဒေါင်း အစရှိသော အလှပုံများအပြင် တိုင်းဒေသကြီး၏ အထိမ်းအမှတ်ပုံများ၊ အထိမ်းအမှတ်တံဆိပ်များကို မီးအလှဖြင့် ဆင်ယင်ပုံဖော်ထွန်းညှိထားသည်ကို တွေ့ရသည်။

“လာရောက် အပန်းဖြေတဲ့ မိသားစုတွေ စိတ်လက်အပန်းဖြေတဲ့အခါမှာ မျက်စိပသာဒဖြစ်ပြီး ကြည့်ကောင်းအောင်၊ အဆင်ပြေအောင် ဆင်ထားပါတယ်” ဟု မီးအလှဆင်မှုများ လိုက်လံကြီးကြပ်လျက်ရှိသည့် ပရိမီယာကော်ဖီမှ ကိုကျော်လင်းထိုက်က ပြောသည်။

ထို့ပြင် အဖိတ်နေ့ညနှင့် တန်ဆောင်တိုင်လပြည့်ညများတွင် မြန်မာပြည်သိန်းတန်၊ အာဇာနည်၊ အောင်ထက်၊ ဖြူဖြူကျော်သိန်း၊ နီနီခင်ဇော်အပါအဝင် အခြားနာမည်ကျော် အဆိုတော်များဖြင့် ဖျော်ဖြေတင်ဆက်မည်ဖြစ်ပြီး သီးလေးသီးအငြိမ့်အပြင် မြန်မာ့အကအလှများဖြစ်သည့် အိုးစည်ဗုံမောင်း၊ ကိန္နရီကိန္နရာ၊ ငြိမ်းချမ်းရေးကို ဖော်ကျူးထားသော အကများဖြင့် ပွဲတော်သို့လာရောက်သူ ပြည်သူများအား တင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။



မီးထွန်းပွဲတော်သို့ လာရောက်သော ပြည်သူများအား မဲဇလီဖူးသုပ်၊ ထမင်းကြော်နှင့် ပရီမီယာကော်ဖီတို့ကို တိုက်ကျွေးမည့်အပြင်ပရီမီယာထုတ်ကုန်များကို နိဗ္ဗာန်ဈေးပွဲတော် ကျင်းပ၍ ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။ မဟာဗန္ဓုလပန်းခြံအတွင်း ပရီမီယာကော်ဖီမှ တန်ဆောင်တိုင်ပွဲတော်အတွက် မီးအလှထွန်းညှိခြင်းသည် ဒုတိယအကြိမ်ထွန်းညှိခြင်းဖြစ်ပြီး ၂၀၁၇ခုနှစ်ကလည်း ပထမအကြိမ် တန်ဆောင်တိုင်မီးထွန်းပွဲတော်ကို ကျင်းပခဲ့ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

## အမျိုးသားနေ့အကြို နယ်လှည့်ဟောပြောပွဲ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲကျင်းပ

**နောင်ချို နိုဝင်ဘာ ၂၀-** ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲခရိုင် နောင်ချိုမြို့အတွင်းရှိ အခြေခံပညာကျောင်းများဖြစ်သော အမက(၂)၊ အမက(၄) စာသင်ကျောင်းများတွင် (၉၈)နှစ်မြောက် အမျိုးသားနေ့အကြို နယ်လှည့်ဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲများကို ယမန်နေ့က ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သန်းသန်းထွေးက မိမိလူမျိုးဂုဏ်ကို ထိန်းသိမ်းရန်၊ မိမိအမျိုးအနွယ် မပျောက်ပျက်ရအောင် စောင့်ရှောက်ထိန်းသိမ်းရန်နှင့် အမျိုးသားနေ့ဖြစ်ပေါ်လာပုံအကြောင်းကို ရှင်းလင်းပြောကြားခဲ့ရာ သက်ဆိုင်ရာကျောင်းအုပ်ဆရာမကြီးများက အသိပညာပေးဟောပြောပွဲများ မကြာခဏလာရောက်ဆောင်ရွက်ပေးခြင်းကြောင့် ကလေးငယ်များ အသိပညာဗဟုသုတ တိုးပွားစေ၍ ကျေးဇူးတင်ရှိကြောင်း ပြန်လည်ပြောကြားခဲ့သည်။

**စိုးဝင်း (နောင်ချို)**

ထင်သာမြင်သာပြုပြင်စရာ

## မြေသယ်ယာဉ်များ မြို့တွင်းအရှိန်ပြင်းစွာ မောင်းနှင်မှုကြောင့် ယာဉ်အန္တရာယ်စိုးရိမ်နေရ

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း ရန်ကုန်-မန္တလေးလမ်းပိုင်းကို နိုင်လွန်ကတ္တရာ လေးလမ်းသွားအဖြစ် ဆောင်ရွက်လျက်ရှိရာ နေ့စဉ်မြေသယ်ယာဉ်များ မြို့တွင်း၌ အရှိန်ပြင်းစွာ မောင်းနှင်မှုများကြောင့် ယာဉ်အန္တရာယ်ဖြစ်ပွားမည်ကို



စိုးရိမ်နေရကြောင်း ဆွာမြို့ဒေသခံများက ပြောကြားသည်။

“မြေသယ်ယာဉ်တွေ မြို့တွင်းကိုဖြတ်တဲ့အချိန်မှာ အရှိန်လျှော့မောင်းသင့်တယ်။ မြေတင်ပြီးမောင်းလာတော့လည်း အရှိန်ပြင်းတယ်။ မြေချပြီးအပြန်ဆိုပိုဆိုးတယ်။ ကျွန်တော်တို့အထင် အပြင်ကယာဉ်တွေကို သီးသန့်ငှားထားတာလားမသိဘူး။ ခေါက်ကြေးရလို့ တစ်ရက်ကို ခေါက်ရေများများရအောင် မောင်းတဲ့သဘောရှိတယ်။ မြို့တွင်းမှာအရောင်းအဝယ်ကိစ္စနဲ့သွားလာကြတဲ့သူတွေ၊ ကျောင်းသား ကျောင်းသူတွေရှိတဲ့အတွက် ယာဉ်အန္တရာယ်အများကြီးရှိပါတယ်”ဟု ဆွာမြို့ခံတစ်ဦးက ပြောသည်။

ရန်ကုန်-မန္တလေးကားလမ်းကို လေးလမ်းသွား နိုင်လွန်ကတ္တရာလမ်းအဖြစ် တိုးချဲ့ဆောင်ရွက်လျက်ရှိရာ လိုအပ်သောမြေများအား ရေနီမြို့တောင်ဘက် ဆပ်သေတောင်ရွာအနောက်ဘက်ရှိ တောင်ကုန်းများမှမြေကို သယ်ယူ၍ မြို့လှ၊ သာဂရ၊ ဆွာမြို့များကိုဖြတ်သန်းကာ ရေတာရှည်မြို့မြောက်ဘက် သပြေတန်းကျေးရွာအနီးမှ ဆွာမြို့အကြားအထိ လုပ်ငန်းများဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

**သန်းလွင်**

## ၂၀၁၈ ခုနှစ် ၊ ၉၈ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

တိုင်းရင်းသားအားလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့၊
ပြည်ထောင်စု ငြိမ်းချမ်းရေး ပူးပေါင်းပါဝင်တည်ဆောက်စို့။
၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်
(၂-၁၂-၂၀၁၈)

## ၂၀၁၈ ခုနှစ် ၊ ၉၈ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

★ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
★ ပြည်ထောင်စုငြိမ်းချမ်းရေး ပူးပေါင်းပါဝင်တည်ဆောက်ရေး၊
★ တိုင်းရင်းသားအားလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊
★ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး။

# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၀**

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီသည် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေကြမ်းနှင့် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေကြမ်းတို့နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်များ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဖလား ဖူဆယ်(အမျိုးသား)ပြိုင်ပွဲ ပိတ်ပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားတက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၂၀**

ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဖလား ပထမအကြိမ် အမျိုးသား (ဖူဆယ်) ပြိုင်ပွဲ ပိတ်ပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဖူဆယ်ပြိုင်ပွဲရုံ၌ ယမန်နေ့ ညနေပိုင်းက ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ တက်ရောက်၍ ဆုများပေးအပ်သည်။ **(ယာပုံ)**



**ဂုဏ်ပြုဆုဖလား ပေးအပ်**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေက ပထမဆုရရှိသည့် နေပြည်တော် မီးသတ်ဦးစီးမှူးရုံးအသင်းကို ဂုဏ်ပြုဆုဖလားနှင့် ဆုငွေများကို ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက ဒုတိယ ဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးအသင်း၊ အမြဲတမ်းအတွင်းဝန်နှင့် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က တတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးအသင်းနှင့် အသန့်ရှင်းဆုံးဆုရရှိသည့် အသင်းတို့ကို ဆုများပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **သတင်းစဉ်**

## အိုင်ယာလန်သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူ

**နေပြည်တော် နိုဝင်ဘာ ၂၁**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသည် Mr. Joseph Anthony Cotter အား ဗန်ကောက်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော အိုင်ယာလန်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီး ဖြစ်သည်။

Mr. Joseph Anthony Cotter အား ၁၉၅၇ ခုနှစ်၊ မေလတွင် မွေးဖွားခဲ့ပြီး ၁၉၇၄ ခုနှစ်တွင် Midleton CBS ကျောင်းမှ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။ ၎င်းသည် မြေယာမှတ်ပုံတင်ဦးစီးဌာန၊ တရားမျှတမှု၊ သာတူညီမျှမှုနှင့် ဥပဒေရေးရာ ပြုပြင်ပြောင်းလဲမှုဦးစီးဌာနနှင့် အနုပညာ၊ အားကစားနှင့် ခရီးသွားလုပ်ငန်းဦးစီးဌာနတို့တွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၀၆ ခုနှစ်၊ မေလတွင် အိုင်ယာလန် နိုင်ငံခြားရေးဝန်ကြီးဌာန၌ စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဌာန၏ ရုံးအဖွဲ့မှူးအဖြစ် လည်းကောင်း၊ ၂၀၀၉ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ဇမ်ဘီယာနှင့် နမီးဘီးယားနိုင်ငံဆိုင်ရာ အိုင်ယာလန်သံအမတ်ကြီးအဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၄ ခုနှစ်မှ လက်ရှိအချိန်အထိ ဆော်ဒီအာရေဗျ၊ ဘာရိန်း၊ အိုမန်၊ ယီမင်နှင့် အီရတ်နိုင်ငံများဆိုင်ရာ အိုင်ယာလန် သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ ၎င်းသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သမီးတစ်ဦး ရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး ဌာနေကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၀**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အဖြစ် ခန့်အပ်ပြီးဖြစ်သည့် Mr. Johan Cels အား ယမန်နေ့ ညနေ ၄ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ယခုအခါ ဝန်ကြီးဌာနနှင့် UNDP ၊ UNHCR တို့အကြား နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုး၍ လက်တွဲပူးပေါင်းဆောင်ရွက်နေမှု၊ ရခိုင်ပြည်နယ်၏ ထိလွယ်ရှလွယ်ဖြစ်သည့် အရေးကိစ္စများအား UNHCR ဌာနေကိုယ်စားလှယ်အနေဖြင့် နိုင်ငံတကာအတွေ့အကြုံများရှိပြီး ဖြစ်သည်နှင့်အညီ လက်တွေ့ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ရာတွင် ပကတိအခြေအနေအတိုင်း ရှုမြင်သုံးသပ် ဆောင်ရွက်နိုင်ရေး၊ ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ Technical Working Group ၏ လုပ်ငန်း ဆောင်ရွက်မှု၊ ရခိုင်ပြည်နယ်အတွင်းရှိ UNHCR ၏ ယခင်ရုံးအဆောက်အအုံများနှင့် မောင်တောရှိ UNHCR ရုံးအဆောက်အအုံများ ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်ရေးနှင့် ထပ်မံတိုးချဲ့ဆောင်ရွက်မည့် လုပ်ငန်းများ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နေရပ်စွန့်ခွာသွားသူများအား မိမိတို့ဘက်မှ ပြန်လည်လက်ခံနိုင်ရေးအတွက် လုပ်ငန်းများ၊ ၎င်းတို့အား ပြန်လည်နေရာချထားပေးနိုင်မည့် ကျေးရွာများအခြေအနေနှင့် ပြန်လည်နေရာချထားပေးပြီးနောက် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများ၊ နေရပ်စွန့်ခွာသွားသူများ မှန်ကန်သည့် သတင်းအချက်အလက်များ ရရှိရေးနှင့် ယုံကြည်မှုတည်ဆောက်ရေးတို့အတွက် ဆောင်ရွက်မည့်လုပ်ငန်းများ၊ ယင်းလုပ်ငန်းစဉ်များအား မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနှင့် နှစ်နိုင်ငံရှိ UNHCR တို့ ညှိနှိုင်းပူးပေါင်းဆောင်ရွက်နေမှု၊ ဝန်ကြီးဌာနအနေဖြင့် UNDP ၊ UNHCR တို့နှင့် လက်တွဲပူးပေါင်း၍ MoU ပါ အချက်အလက်များ အောင်မြင်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် ဂွမြို့နယ် ပြည်သူ့ဝန်ဆောင်မှုရုံးဖွင့်ပွဲ တက်ရောက်

ဂွ နိုဝင်ဘာ ၂၀

ဂွမြို့နယ် ပြည်သူ့ဝန်ဆောင်မှုရုံး(One Stop Shop - OSS)ဖွင့်ပွဲကို ယနေ့ ညနေ ၃ နာရီက ဂွမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးဝင်းအတွင်း၌ ကျင်းပရာ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် တက်ရောက်ဖွင့်လှစ်သည်။

အခမ်းအနားတွင် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာတို့က ဂွမြို့နယ် ပြည်သူ့ဝန်ဆောင်မှုရုံးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့သည် ပြည်သူ့ဝန်ဆောင်မှုရုံးအတွင်း ဌာနဆိုင်ရာများက ပြည်သူများအား ဝန်ဆောင်မှုပေးနေသည့် အခြေအနေများအား လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ ပြည်သူ့ဝန်ဆောင်မှုရုံး၌ ဌာနဆိုင်ရာများမှ ဝန်ဆောင်မှုလုပ်ငန်းများအားလုံးကို လျှောက်ထားနိုင်ပြီး ပြည်သူများအနေဖြင့် သိရှိလိုသည့် အကြောင်းအရာများရှိပါက ဂွမြို့နယ်အုပ်ချုပ်ရေးမှူး၊ ဖုန်း - ၀၉-၇၇၂၉၆၃၃၀၁ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

ဇင်ဦး(မြန်မာ့အလင်း)



**အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် ဂွမြို့နယ် ပြည်သူ့ဝန်ဆောင်မှုရုံးအတွင်း ပြည်သူများအား ဝန်ဆောင်မှုပေးနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။** ဓာတ်ပုံ - သီဟစည်သူ

# မြန်မာနှင့် ဗြိတိန်နိုင်ငံ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး ဗြိတိန်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ ပိုမိုလာရောက် ရင်းနှီးမြှုပ်နှံရေး ဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၂၀

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် British High Commission ၏ အာရှပစိဖိတ်ဒေသဆိုင်ရာ Her Majesty's Trade Commissioner , Ms. Natalie Black နှင့် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး H.E. Mr. Daniel Patrick Brendon Chugg နှင့် အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး၌ လက်ခံတွေ့ဆုံသည်။** (အောက်ပုံ)



တွေ့ဆုံစဉ် မြန်မာနှင့် ဗြိတိန်နိုင်ငံ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၊ မြန်မာနိုင်ငံ အထည်ချုပ်ကဏ္ဍမှသာမက အခြားကဏ္ဍများမှ ပို့ကုန်များအား ဗြိတိန်နိုင်ငံသို့ တိုးမြှင့်တင်ပို့နိုင်ရေးနှင့် ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ ဗြိတိန်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ ပိုမိုလာရောက်ရင်းနှီးမြှုပ်နှံရေးနှင့် အားပေးမြှင့်တင် ဆောင်ရွက်သွားရေး၊ မြန်မာနိုင်ငံ၌ နိုင်ငံခြားသားကုမ္ပဏီ၊ မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသား ပေါင်းစည်းဆောင်ရွက်သည့် ကုမ္ပဏီများအား စည်းကမ်းချက်များနှင့်အညီ လက်လီလက်ကား ကုန်စည်ရောင်းဝယ်ခွင့်ပြုခြင်းအပါအဝင် အခြားဖြေလျှော့ဆောင်ရွက်ပေးမှုများနှင့် အဆင့်ဆင့်ဆက်လက်၍ ဖြေလျှော့ဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ တရားမဝင်ကုန်သွယ်မှု တားဆီးပိတ်ပင်ရေးအတွက် နည်းပညာနှင့် စွမ်းဆောင်ရည်မြှင့်တင်ပေးမှုအစီအစဉ်များရယူကာ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်သွားရေး၊ မြန်မာနိုင်ငံအား ဥရောပသမဂ္ဂမှ ပေးအပ်ထားသည့် ကုန်သွယ်မှုအထူးအခွင့်အရေး Generalized System of Preference (GSP) နှင့် Everything But Arms (EBA) တို့အား ပြန်လည်စိစစ်သုံးသပ်နေသည့်အပေါ် ဗြိတိန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံဘက်မှ ရပ်တည်ပေးသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံ၏ ဆောင်ရွက်ချက်များကိုလည်း အားပေးထောက်ခံပေးသွားမည်ဖြစ်ကြောင်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ ဥပဒေရေးရာဌာနမှ Ms. Loana Luca နှင့် အဖွဲ့အား တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၀**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်သည် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ ဥပဒေရေးရာဌာနမှ Ms. Loana Luca ဦးဆောင်သောအဖွဲ့အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုနှင့် ပတ်သက်၍ ပြည်ပတွင် နိုင်ငံခြားငွေစာရင်းများ ဖွင့်လှစ်ထားရှိမှု၊ ပို့ကုန်ရငွေများ အပြည့်အဝရရှိရေး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပြည်တွင်းသို့ လွယ်ကူစွာ ဝင်ရောက်နိုင်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်

**နေပြည်တော် နိုဝင်ဘာ ၂၀**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ **မိုး/ဇလ**

# ဒုတိယဝန်ကြီး ဦးအောင်ထူး Doing Business 2019 (Myanmar) အစီရင်ခံစာရှင်းလင်းပွဲသို့ တက်ရောက် အမှာစကားပြောကြား

**နေပြည်တော် နိုဝင်ဘာ ၂၀**

ကမ္ဘာ့ဘဏ်မှ နှစ်စဉ်ထုတ်ပြန်လျက်ရှိသည့် Doing Business 2019 (Myanmar) အစီရင်ခံစာနှင့် ပတ်သက်၍ ရှင်းလင်းပွဲကို နိုဝင်ဘာ ၁၉ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ Novotel Max Hotel တွင်ကျင်းပခဲ့ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ရှင်းလင်းပွဲတွင် ဒုတိယဝန်ကြီး ဦးအောင်ထူးက ကမ္ဘာ့ဘဏ်မှ Doing Business အစီရင်ခံစာကို နှစ်စဉ်ထုတ်ပြန်လျက်ရှိပြီး ယခုနှစ်တွင် မြန်မာနိုင်ငံရရှိသည့် အဆင့်မှာ ယခင်နှစ်အတိုင်း မပြောင်းလဲဘဲ (၁၇၁) ဆင့်တွင် တည်ရှိနေကြောင်း၊ သို့သော် ရမှတ်မှာ ယခင်နှစ် (၄၄ ဒသမ ၂၁) ထက် ရမှတ်ပိုမိုမြင့်မားပြီး ယခုနှစ်တွင် (၄၄ ဒသမ ၇၂) မှတ် ရရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၈ ခုနှစ်တွင် ဆောင်ရွက်ခဲ့သည့် ပြုပြင်ပြောင်းလဲမှုများအနက် ကမ္ဘာ့ဘဏ်မှ ထည့်သွင်းရေတွက်ခဲ့ခြင်းမရှိသော ပြုပြင်ပြောင်းလဲမှုများမှာ လာမည့်နှစ် ၂၀၂၀ အစီရင်ခံစာတွင် ထည့်သွင်းတွက်ချက် သွားနိုင်ရန်နှင့် အညွှန်းကိန်းနယ်ပယ် (၁၀)ခုအလိုက် ပြုပြင်ပြောင်းလဲမှုများကို လာမည့် ၂၀၂၀ အစီရင်ခံစာတွင် ထည့်သွင်းတွက်ချက်နိုင်ရေးအတွက် အညွှန်းကိန်းတစ်ခုလျှင် ပြုပြင်ပြောင်းလဲမှုအနည်းဆုံး (၃)ခု စီခန့် ဆောင်ရွက်သွားသင့်ကြောင်း၊

လက်ရှိ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များအနေဖြင့် World Bank Group (IFC) မှအကြံပေးပုဂ္ဂိုလ်များနှင့် နှစ်ပတ်တစ်ကြိမ် တွေ့ဆုံပြီး ရှေ့လုပ်ငန်းစဉ်များ ဆွေးနွေးခြင်း၊ အညွှန်းကိန်းတာဝန်ခံအဖွဲ့များဖြင့် အလှည့်ကျဆွေးနွေးခြင်း၊ ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ Ease of Doing Business ကို သီးခြား Website တစ်ခု ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ အမှတ်များစွာရရှိခဲ့သည့် အာဖဂန်နစ္စတန်၊ တရုတ်၊ အိန္ဒိယနိုင်ငံများကိုလည်း အတုယူရမည်ဖြစ်ကြောင်း၊ ယခုလုပ်ငန်းစဉ်သည် ပြည်တွင်း၊ ပြည်ပလုပ်ငန်းတွင် အခြေအနေဖြင့် စီးပွားရေးလုပ်ငန်းများကို အစိုးရဌာနများနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် လွယ်ကူလျင်မြန်ပြီး အချိန်တိုတိုနှင့် ကုန်ကျစရိတ်နည်းပါးရေးကိုရည်ရွယ်ပြီး ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ရည်မှန်းချက်ကို လက်ရှိ ၁၇၁ မှ အဆင့် (၁၀၀)အထက်ရရှိရေး ရည်မှန်းထားပါကြောင်း ပြောကြားသည်။




ဆက်လက်၍ မြန်မာနိုင်ငံ၏ Doing Business အဆင့်မြင့်မားရေးမှာ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် ဆက်သွယ်ဆောင်ရွက်ရသည့် ဌာနဆိုင်ရာများသာမကဘဲ ပုဂ္ဂလိက ကဏ္ဍ၏ ပူးပေါင်းဆောင်ရွက်မှုသည်လည်း အရေးပါသည့် အခန်းကဏ္ဍတွင်ရှိနေကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးက Doing Business 2019 ( Myanmar ) အစီရင်ခံစာနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကာ သက်ဆိုင်ရာ အသင်းအဖွဲ့အလိုက် အထောက်ကူပြု ခေါင်းဆောင်များမှ လက်ရှိဆောင်ရွက်နေမှု အခြေအနေနှင့် ရှေ့ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကမ္ဘာ့ဘဏ်အုပ်စု IFC ၏ Country Manager , Mr. Vikram Kumar က Doing Business 2019 Report နှင့် ပတ်သက်၍ ဆွေးနွေးတင်ပြပြီး တက်ရောက်လာသူများ၏ မေးမြန်းမှုများကို ရှင်းလင်းပြောကြား၍ ဖြည့်စွက်အကြံပြုချက်များကို မှတ်တမ်းတင်ခြင်းများ ဆောင်ရွက်ခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအောင်ထူးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

✤ *ရှေ့ဖုံးမှ*

သက်သေခံနိုင်သည်အထိ လောလောဆယ် ပြင်ဆင်ပြဋ္ဌာန်းပေးနိုင်ခြင်း မရှိသေးပါကြောင်း၊ ဌာနအနေဖြင့် လက်ရှိရင်ဆိုင်နေရသည့် ယာဉ်ပိုင်ရှင် အမည်ပေါက်နှင့် နေရပ်လိပ်စာများမှန်ကန်မှု မရှိခြင်းပြဿနာသည် မလွဲမသွေ ဖြေရှင်းကျော်လွှားရန် လိုအပ်နေသည်ဟု ခံယူသည့်အတွက် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပြီး ပြုပြင်ပြောင်းလဲနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနတစ်ခုတည်းက ဆုံးဖြတ်ဆောင်ရွက်ရသည့် ကိစ္စရပ်မဟုတ်သည့်အတွက် ညှိနှိုင်းအတည်ပြုချက် ရရှိချိန်တွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်အားလုံး၏ လက်ရှိပိုင်ရှင်အမည်၊ နေရပ်လိပ်စာ မှန်ကန်တိကျမှု ရှိစေရေးအတွက် အလေးထား ပြုပြင်ပြောင်းလဲ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

## ဆိုရှယ်မီဒီယာ စောင့်ကြည့်ထိန်းကျောင်းမှု ပြုလုပ်နိုင်ရေးအဖွဲ့ကို ဖွဲ့စည်းခြင်း၊ စောင့်ကြည့် ထိန်းကျောင်းခြင်းတို့မှာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အပါအဝင် တည်ဆဲဥပဒေများနှင့် ညီညွတ်

မိတ္ထီလာ မဲဆန္ဒနယ်မှ ဒေါက်တာဦးမောင်သင်း၏ **နိုင်ငံတော်သမ္မတရုံး၏ အထူးရန်ပုံငွေမှ ဆိုရှယ်မီဒီယာ စောင့်ကြည့်ရေးအတွက် ငွေကျပ်သန်းပေါင်း ၆၄၂၆ သန်း သုံးစွဲခြင်းသည် မည်သူများက မည်သည့်ဥပဒေအရ မည်သည့်အတိုင်းအတာအထိ မည်သို့သောအကြောင်းအရာများ စောင့်ကြည့်၍ မည်သို့အပြစ်ပေးအရေးယူမည်ဖြစ်ပြီး ဤလုပ်ငန်းစဉ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် တည်ဆဲဥပဒေများနှင့် ညီညွတ်မှု ရှိ၊ မရှိနှင့် နိုင်ငံတော်သမ္မတရုံး၏ အထူးရန်ပုံငွေသုံးစွဲမှု မူဝါဒနှင့် ကိုက်ညီခြင်း ရှိ၊ မရှိ သိလိုခြင်း**နှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက နိုင်ငံတော်သမ္မတရုံးအနေဖြင့် Social Media Monitoring Team ၏ လုပ်ငန်းများဆောင်ရွက်ရန်အတွက် လိုအပ်သည့် နည်းပညာနှင့် စက်ပစ္စည်းများဝယ်ယူရန် စုစုပေါင်း ငွေကျပ် ၆၄၂၆ သန်း မှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်း လျာထားချက်တွင် မပါဝင်သော်လည်း နိုင်ငံတော်လုံခြုံရေး၊ ရပ်ရွာအေးချမ်းတည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေး လုပ်ငန်းများကို လျင်မြန်စွာ အထောက်အကူပြုနိုင်ရေးအတွက် မသုံးစွဲလျှင် မဖြစ်သည့် အရေးပေါ်ကိစ္စရပ် ဖြစ်နေပါသဖြင့် ကျခံသုံးစွဲခွင့်ပြုရန်အတွက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအရ နိုင်ငံတော်သမ္မတရုံးမှ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ၍ သဘောတူခွင့်ပြုချက်ရယူပြီး ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တင်ပြခြင်းတို့ကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ဆိုရှယ်မီဒီယာ စောင့်ကြည့်ထိန်းကျောင်းမှု ပြုလုပ်နိုင်ရေးအဖွဲ့ (Social Media Monitoring Team-SMMT)ကို ဖွဲ့စည်းခြင်း၊ စောင့်ကြည့်ထိန်းကျောင်းခြင်းတို့မှာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အပါအဝင် တည်ဆဲဥပဒေများနှင့် ညီညွတ်ပြီး လိုအပ်သောစက်ပစ္စည်းများ ဝယ်ယူခဲ့ခြင်းမှာလည်း အရေးပေါ်ရန်ပုံငွေသုံးစွဲမှု မူဝါဒနှင့် ကိုက်ညီပါကြောင်း ရှင်းလင်းဖြေကြားသည်။

လယ်ဝေး မဲဆန္ဒနယ်မှ ဦးမျိုးဇော်ဦး၏ **လယ်ဝေးမြို့နယ်ရှိ အာဆီယံပြည်ထောင်စုလမ်းမကြီးနှင့် ရန်ကုန်-မန္တလေး လမ်းဟောင်းသို့ ဆက်သွယ်ဖောက်လုပ်ထားသည့် ရွှေပြည်တော်ဝင်လမ်းပေါ်တွင် အများပြည်သူသွားလာ၍မရအောင် ပိတ်ဆို့ထားသည့် ရထားသံလမ်းကူးဂိတ် အတားအဆီးအား ပြန်လည်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ရန်ကုန်-မန္တလေးရထားလမ်းပေါ်ရှိ မိုင်တိုင်အမှတ် (၂၁၉) ကြေးနန်းခန်း အမှတ် (၁၃) နှင့် (၁၄)ကြားရှိ ရွှေပြည်တော်ဝင်ကားလမ်းကူးအား ပြန်လည်ပြုပြင်ခြင်း၊ ရထားလမ်းဘေးနှစ်ဖက်တွင် ဒေသခံပြည်သူများသွားလာနိုင်ရန် ရွာအဝင်လမ်းများ ဖောက်လုပ်ခြင်း၊ ပွွန်ပေါက်တံတားများဆောက်လုပ်ခြင်း၊ ဂိတ်တံခါးနှင့် ဂိတ်တဲများပြုလုပ်ခြင်း၊ ဂိတ်စောင့်များနေထိုင်ရန် နှစ်ခန်းတွဲနေအိမ်ပြုပြင်ခြင်း၊ သတိပေးဆိုင်းဘုတ်များတပ်ဆင်ခြင်း၊ ခန့်မှန်းကုန်ကျစရိတ်မှာ ငွေကျပ် ၄၁ ဒသမ ၂ သန်းခန့် ကုန်ကျမည်ဖြစ်ပြီး ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် မြန်မာ့မီးရထား မြို့ပြအင်ဂျင်နီယာဌာန သာမန်အသုံးစရိတ်မှကျခံ၍ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလကုန်ခန့်တွင် ဆောင်ရွက်ရန် စီစဉ်လျာထားပါကြောင်း ရှင်းလင်းဖြေကြားသည်။



ဒုတိယဝန်ကြီး
ဦးကျော်မျိုး



မိတ္ထီလာမဲဆန္ဒနယ်မှ
ဒေါက်တာ ဦးမောင်သင်း

## ပုဏ္ဏားကျွန်းမြို့နယ် တောဖျားချောင်းဒေသ၊ ဆင်သီပိန္နဲ တောကျေးရွာဆိပ်ကမ်း၌ ပြိုကျပျက်စီးသွားသော ကမ်းထိန်းနံရံ ပေ ၁၅၀ နှင့် ကမ်းပြိုမြေ ပေ ၁၃၀၀ ခန့်တို့ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာ ရေးနှစ်တွင် ဘဏ္ဍာငွေ ခွဲဝေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်

ပုဏ္ဏားကျွန်း မဲဆန္ဒနယ်မှ ဦးဦးထွန်းမောင်၏ **ပုဏ္ဏားကျွန်းမြို့နယ် တောဖျားချောင်းဒေသ၊ ဆင်သီပိန္နဲတောကျေးရွာဆိပ်ကမ်း၌ ပြိုကျပျက်စီးသွားသော ကမ်းထိန်းနံရံ ပေ ၁၅၀ နှင့် ကမ်းပြိုမြေ ပေ ၁၃၀၀ ခန့်တို့ကို စနစ်တကျတည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ပြိုကျသွားသော ကမ်းထိန်းနံရံ ပေ ၁၅၀ နှင့် ထပ်မံလိုအပ်သော အခြေအနေများကို ကွင်းဆင်းတိုင်းတာစစ်ဆေးပြီး ရရှိသောအချက်အလက်များ အပေါ်အခြေခံ၍ ဆောင်ရွက်သင့်သည့် အစီအမံများရေးဆွဲကာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်အစိုးရ ဖြည့်စွက်ရန်ပုံငွေတွင် ရန်ပုံငွေ တင်ပြတောင်းခံပြီး ဘဏ္ဍာငွေ ခွဲဝေရရှိမှုအပေါ်မူတည်၍ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်မှု ဦးစီးဌာန၏ နည်းပညာအကူအညီဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရခိုင်ပြည်နယ် အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ လေးမျက်နှာ မဲဆန္ဒနယ်မှ ဦးဇော်မင်းသိန်း၊ ကောလင်း မဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင်နှင့် အင်းစိန် မဲဆန္ဒနယ်မှ ဦးမောင်မောင်ဦးတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးတို့က ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်မှ ဦးအေးနိုင်၏ **ကမ္ဘာ့အမွေအနှစ်၊ အာရှအမွေအနှစ် အသိအမှတ်ပြုခံ သဘာဝထိန်းသိမ်းရေး နယ်မြေများ အပါအဝင် နိုင်ငံတစ်ဝန်းသဘာဝ ထိန်းသိမ်းရေးနယ်မြေများ၊ ကမ္ဘာ့ရှားပါးတောရိုင်း တိရစ္ဆာန်မျိုးစိတ်များအား ဒေသခံပြည်သူတို့၏ အခွင့်အရေးထိခိုက်မှု အနည်းဆုံးဖြင့် ပိုမိုအင်အားဖြည့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်စေရန်အတွက် သက်ဆိုင်ရာသစ်တောဦးစီးဌာန၏ ဝန်းကျင်၊ သားငှက်ဌာနခွဲအား ဦးစီးဌာနကြီးတစ်ရပ်အဖြစ် မြှင့်တင်တိုးချဲ့လျက် ဘဏ္ဍာငွေတိုးမြှင့်သုံးစွဲကာ အနာဂတ် မြန်မာတိုင်းရင်းသား သားသမီးမြေးမြစ်တို့အကျိုးအတွက် ရေရှည်တည်တံ့ခိုင်မြဲစေရန်လည်းကောင်း၊ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုအား ဝိုင်းဝန်းကူညီထိန်းသိမ်းနိုင်ရန်အတွက်လည်းကောင်း၊ သဘာဝအလှအပ အရင်းအမြစ်များကို ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက်လည်းကောင်း၊ ဂေဟခရီးသွားစနစ်တိုးတက်စေရန်အတွက်လည်းကောင်း၊ စီမံချက်များ ချမှတ်ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို တင်သွင်းရာတွင် လူဦးရေတိုးတက်များပြားခြင်း၊ လယ်ယာမြေတိုးချဲ့ခြင်း၊ စက်မှုလုပ်ငန်းများချဲ့ထွင်ခြင်း၊ ရွှေ့ပြောင်းတောင်ယာလုပ်ကိုင်ခြင်း၊ သစ်အလွန်အကျွံထုတ်လုပ်ခြင်း၊ ပင်လယ် သမုဒ္ဒရာ၊ မြစ်၊ ချောင်း၊ အင်းအိုင်များအတွင်း ဓာတုပစ္စည်းများအသုံးပြုခြင်း၊ အဆင့်မြင့်ငါးဖမ်းကိရိယာများကို စနစ်တကျသုံးစွဲမှုမရှိခြင်း၊ ရှားပါးအပင်နှင့် တိရစ္ဆာန်များကို စီးပွားဖြစ်ထုတ်ယူဖမ်းဆီးရောင်းဝယ်မှုပြုခြင်း၊ ထိန်းချုပ်မှုအားနည်းခြင်းတို့ကြောင့် သဘာဝနယ်မြေများနှင့် ဇီဝမျိုးစုံမျိုးကွဲများ ပြုန်းတီးပျောက်ကွယ်လျက်ရှိနေပါကြောင်း။

၂၀၁၈ ခုနှစ် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေနှင့် အားလုံးလွှမ်းခြုံ၍ စနစ်တကျ ပိုမိုထိန်းသိမ်းနိုင်စေရန် သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနခွဲအား ညွှန်ကြားရေးမှူးချုပ်အဆင့်ရှိ ဦးစီးဌာနကြီးတစ်ခုအဖြစ် ကျိုးကြောင်းဖော်ပြချက်ဖြင့် မဖြစ်မနေဖွဲ့စည်းပေးရန် လိုအပ်လျက်ရှိပါကြောင်း၊ ဘဏ္ဍာငွေပိုမိုတိုးချဲ့သုံးစွဲလျက် လိုအပ်သောယာဉ်ယန္တရားများ၊ စက်ပစ္စည်းများ၊ ဒစ်ဂျစ်တယ်နည်းပညာသုံးပစ္စည်းများဖြင့် ပိုမိုထိရောက်စွာ ကာကွယ်စောင့်ရှောက်စေလိုပါကြောင်း။

## သဘာဝနယ်မြေများ၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းထားမှုကြောင့် ကမ္ဘာ့ရာသီဥတုထိန်းသိမ်းမှုကို အထောက်အကူပြုစေမည်ဖြစ်

စီမံချက်များ ချမှတ်ရေးဆွဲလျက် ခရီးသွားလုပ်ငန်း အဆင့်မြှင့်တင်ဆောင်ရွက်မည်ဆိုလျှင် ဒေသခံများအတွက် အကျိုးစီးပွားပိုမိုဖြစ်ထွန်းစေပြီး နိုင်ငံသားများနှင့် နိုင်ငံတကာခရီးသွားပြည်သူများအနေဖြင့် မြန်မာနိုင်ငံ၏ သဘာဝအလှတရားများကို ခံစားရင်း သဘာဝနယ်မြေများကို ချစ်ခင်မြတ်နိုးထိန်းသိမ်းတတ်စေခြင်း၊ ဝိုင်းဝန်းကာကွယ်ထိန်းသိမ်းလိုစိတ်များ ဖြစ်ပေါ်လာစေမည်ဖြစ်ပါကြောင်း၊ သဘာဝနယ်မြေများ၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းထားမှုကြောင့် ကမ္ဘာ့ရာသီဥတုထိန်းသိမ်းမှုကိုလည်း အထောက်အကူပြုစေမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆင်ပေါင်ဝဲ မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးနေထက်ဝင်းက ထောက်ခံဆွေးနွေးသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ယင်းအဆိုနှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးသည်။

အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဦးကျော်စိုးလင်းက ဖတ်ကြားတင်ပြပြီး ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို နိုဝင်ဘာ ၂၇ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# တရုတ်-မြန်မာ ချစ်ကြည်ရေး ပညာသင်ဆုပေးအပ်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၀**

မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော တရုတ်-မြန်မာ ချစ်ကြည်ရေး ပညာသင်စရိတ် ထောက်ပံ့ခြင်းစီမံချက်၏ ၂၀၁၈ ခုနှစ် တရုတ်-မြန်မာ ချစ်ကြည်ရေး ပညာသင်ဆုပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ Royal Ace Hotel ၌ ကျင်းပသည်။ **(ယာပုံ)**




### အမှာစကားပြောကြား

အခမ်းအနားတွင် တရုတ်-မြန်မာ ချစ်ကြည်ရေး ပညာသင်စရိတ် ထောက်ပံ့ခြင်း စီမံချက်ဆောင်ရွက်မှု ဗီဒီယိုမှတ်တမ်းကို ပြသပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ သံမှူးကြီး Ms. Li Xiao Yan (ခေါ်) ဒေါ်နွဲ့ကလျာနှင့် ပညာရေးဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ အေးမြင့်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် သံမှူးကြီး Ms. Li Xiao Yan (ခေါ်) ဒေါ်နွဲ့ကလျာနှင့် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအေးမြင့်တို့က တရုတ်-မြန်မာ ချစ်ကြည်ရေး ပညာသင်ဆုရရှိသော တရုတ်-မြန်မာ ချစ်ကြည်ရေးကျောင်းများမှ ကိုယ်စားလှယ်များနှင့် ပညာရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကို ပညာသင်ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် တရုတ် - မြန်မာ ချစ်ကြည်ရေးကျောင်းများ ကိုယ်စား ရန်ကုန်တိုင်းဒေသကြီး အမှတ်(၉) အခြေခံပညာ အလယ်တန်းကျောင်း (လှိုင်သာယာ)မှ ဆရာမ ဒေါ်စိုးစိုးလွင်ကလည်းကောင်း၊ ထူးချွန်ဆုနှင့် ပညာသင်ထောက်ပံ့ကြေးရရှိကြသည့် ကျောင်းသား ကျောင်းသူများကိုယ်စား အမှတ် (၇) အခြေခံပညာအထက်တန်းကျောင်း (ဇမ္ဗူသီရိ)မှ ကျောင်းသူ မထူးနေခြည်လွင် ကလည်းကောင်း ကျေးဇူးတင်စကား ပြောကြားကြသည်။

### ဆုများချီးမြှင့်

ထို့နောက် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ အခြေခံပညာ အထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများက တေးသီချင်းများ၊ တေးသရုပ်ဖော်များဖြင့် သီဆိုကပြဖျော်ဖြေကြပြီး ဖျော်ဖြေကြသည့် ကျောင်းသား ကျောင်းသူများကို တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော တရုတ် - မြန်မာ ချစ်ကြည်ရေး ပညာသင်စရိတ် ထောက်ပံ့ခြင်း စီမံချက်ကို ၂၀၁၆ ခုနှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကာ ယခုအချိန်ထိ မြန်မာနိုင်ငံအတွင်း၌ တရုတ်-မြန်မာ ချစ်ကြည်ရေးကျောင်း ပေါင်း ၂၀ တည်ဆောက်နိုင်ခဲ့ပြီးဖြစ်သည်။ ထို့ပြင် တရုတ်-မြန်မာ ချစ်ကြည်ရေး ပညာသင်ဆု စီမံချက်ကိုလည်း ၂၀၁၇ ခုနှစ်တွင် စတင်အကောင်အထည်ဖော်နိုင်ခဲ့ပြီး ယခုနှစ်အထိ တရုတ်- မြန်မာ ချစ်ကြည်ရေး စာသင်ကျောင်းများနှင့် ပညာရေးအဖွဲ့အစည်းများသို့ မြန်မာငွေကျပ်သန်း ၈၅၀ ထောက်ပံ့နိုင်ခဲ့ကာ ကျောင်းသား ကျောင်းသူ ၄၀၀၀ ကျော်ကို ပံ့ပိုးကူညီနိုင်ခဲ့ပြီး ဖြစ်သည်။

### ကူညီထောက်ပံ့ပေး

တရုတ်-မြန်မာ ချစ်ကြည်ရေး ပညာသင်ဆု စီမံချက်ကို မြန်မာနိုင်ငံအတွင်းမှ ပညာထူးချွန်သော ကျောင်းသား ကျောင်းသူများကို ဆုများချီးမြှင့်ရေး၊ မိသားစုအခက်အခဲနှင့် ပညာသင်ရန် အခက်အခဲရှိသော ကျောင်းသား ကျောင်းသူများကို ကူညီထောက်ပံ့ပေးရေး စသည့် ရည်မှန်းချက်များဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# မူးယစ်ဆေးဝါးအန္တရာယ် စုပေါင်းကာကွယ်ကြရမယ်

ဇော်ဇော်(တရားလွှတ်တော်ရှေ့နေ)

မြန်မာနိုင်ငံတစ်ဝန်းမှ တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများ ဖော်ထုတ်ဖမ်းဆီးရရှိမှုများကို နိုင်ငံတော်သမ္မတရုံးက သတင်းထုတ်ပြန်ချက်များအဖြစ် ပုံမှန်ထုတ်ပြန်ပေးလျက်ရှိသည်ကို တွေ့ရပါသည်။ တစ်နည်းဆိုရလျှင် နိုင်ငံတော်သမ္မတ၏ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းစဉ်မှာ အောင်မြင်မှု လမ်းကြောင်းပေါ်သို့ ရောက်ရှိနေခြင်းပင် ဖြစ်ပါသည်။ ထိုလမ်းကြောင်းပေါ်မှ မူးယစ်ဆေးဝါးကင်းစင်သော ပန်းတိုင်သို့ ချောမွေ့အဆင်ပြေစွာ လှမ်းလျှောက်နိုင်ဖို့ အစိုးရအဖွဲ့အစည်းများ၊ NGO များ၊ နိုင်ငံသူနိုင်ငံသားများက လမ်းကြောင်းရှင်းပေးကာ ပါဝင်ကူညီကြရမည်လည်း ဖြစ်ပါသည်။ ပြိုင်တူ အရှိန်မြှင့်တွန်းခြင်းဖြင့် အောင်မြင်မှု ပန်းတိုင်ဆီသို့ လျင်မြန်သောအရှေ့ဖြင့် ရောက်ရှိစေပါမည်။

### အမည်သစ်အမည်ဆန်း မူးယစ်ဆေးဝါးများ

ဖမ်းဆီးရမိမှုများတွင် စိတ်ကြွရူးသွပ်ဆေးပြား အရေအတွက် သန်းဂဏန်းအထိရှိပြီး ဘိန်း(အရည်၊ အခဲ၊ အမှုန့်)၊ ဆေးခြောက်နှင့် Ketamine, Ecstasy, Ice စသည့် အမည်သစ်အမည်ဆန်း မူးယစ်ဆေးဝါးများ ပါဝင်ကြသည်။ ပြည်သူများအနေဖြင့် မူးယစ်ဆေးဝါးထုတ်လုပ်ဖြန့်ဖြူးသူ၊ ရောင်းဝယ်ဖောက်ကားသူ၊ သုံးစွဲသူများကို သိရှိကြသော်လည်း အားနာခြင်း၊ ကြောက်ရွံ့ခြင်း၊ ကိုယ်နှင့်မဆိုင်ဘူးဟု ယူဆခြင်းများကြောင့် သက်ဆိုင်ရာသို့ သတင်းမပေးဘဲနေလျှင် မိမိနှင့် မိမိ မိသားစု၊ ဆွေမျိုးအသိုင်းအဝိုင်းများဆီသို့ပါ မူးယစ်ဆေးဝါးအန္တရာယ်ရောက်ရှိလာတတ်ပါသည်။ သို့ဖြစ်ရာ ထိုသို့မဖြစ်ရလေအောင် ပေးသည့်သတင်း မပေါက်ကြားစေရခြင်း၊ သတင်းပေးသူကို မပေါက်ကြားစေခြင်း၊ ဆုငွေချီးမြှင့်ခြင်းများပြု၍ လျှို့ဝှက် တိုင်ကြားနိုင်အောင် ဖိတ်ခေါ်လမ်းဖွင့်ပေးထားသည်ကို သတိပြုကြစေလိုပါသည်။

နယ်စပ်ဒေသများမှတစ်ဆင့် အလုံးအရင်းနှင့် ဝင်ရောက်လာသော မူးယစ်ဆေးဝါးများသည် မြို့ပေါ်ဒေသများသို့သာမက ကျေးလက်ဒေသများထိသို့ပင် ပျံ့နှံ့ရောက်ရှိလာနေသည်ကို တွေ့ရပါသည်။ နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သော ကျေးလက်ဒေသများသို့တိုင် မူးယစ်ဆေးဝါးများ ရောက်ရှိလာခြင်းသည် နိုင်ငံ၏လူ့စွမ်းအားအရင်းအမြစ်နှင့် လယ်ယာစိုက်ပျိုးရေးအလုပ်များကို ထိခိုက်ကျဆင်းစေခြင်းလည်း ဖြစ်စေပါသည်။ ထို့ကြောင့် ကျေးလက်တောရွာနေသူများ မူးယစ်ဆေးဝါးသတိ အမြဲရှိကြရပါမည်။

> “မူးယစ်ဆေးဝါးထုတ်လုပ်ဖြန့်ဖြူးခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်း၊ သုံးစွဲခြင်းများဖြင့် လူမှုဘဝလုံခြုံမှုများ လျော့နည်းလာစေသလို ကာယကံရှင် မူးယစ်သမားများ၏ ဘဝသည်လည်း ပျက်စီးခြင်းဖြင့်သာ အဆုံးသတ်ကြရပါမည်။ ထို့ကြောင့် တစ်ဦးချင်းစီမှသည် စုပေါင်းအားဖြင့် မူးယစ်ဆေးဝါးအန္တရာယ်ကို ကာကွယ်ကြပါစို့”

### မူးယစ်ဆေးဝါးပျံ့နှံ့မှု

မူးယစ်ဆေးဝါးကို ရောင်းချရန်အလို့ငှာ လက်ဝယ်ထားရှိမှု ပုဒ်မ-၁၉(က) ဖြင့် တရားစွဲခံထားရသူအများစုသည် စီးပွားဖြစ်၊ ကြီးပွားချမ်းသာနိုင်မည့် အလုံးအရင်းပမာဏမျိုးဖြင့် ဖမ်းဆီးရမိခဲ့ခြင်းမဟုတ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ပင်ရင်းထံမှ တစ်ဆင့်ခံဝယ်ယူ၍ မိမိကိုယ်တိုင်နှင့် တခြားသုံးစွဲသူများကို လက်သိပ်ထိုးရောင်းဝယ်ခြင်းဖြင့် လက်ဝယ်ထား တွေ့ရှိခြင်းဖြစ်ကြသည်။ စားဝတ်နေရေးအခက်အခဲကြောင့် ဖြတ်လမ်းလိုက်ကာ လတ်တလောငွေရှာကြခြင်း ဖြစ်နိုင်ပါသည်။ ထို့ကြောင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး တိုးမြှင့်ဆောင်ရွက်ကြရမည်ဟု မြင်မိပါသည်။ ၎င်းတို့ထံမှ ဝယ်ယူသူ (သုံးစွဲသူ)များကိုလည်း ဆေးဖြတ်နိုင်ရန် ပြည်သူများက ဝိုင်းဝန်းရှာဖွေဖော်ထုတ်ကာ ကူညီကြရမည် ဖြစ်ပါသည်။ ရောင်းသူရှိနေသရွေ့ဝယ်ယူသုံးစွဲသူ မပြတ် ရှိနေဦးမည်ဖြစ်ပါသည်။ သုံးစွဲသူရှိနေသရွေ့ ထုတ်လုပ်ဖြန့်ဖြူးသူများလည်း ရှိနေဦးမည်မှာ သံသရာလည်သလို ဖြစ်နေပါသည်။ မူးယစ်ဆေးဝါးသုံးစွဲသူများကို ထောင်ဒဏ်ချမှတ်ခြင်း မပြုတော့ဘဲ လူမှုရေးအကျိုးပြုလုပ်ငန်းများ လုပ်ဆောင်စေခြင်းဖြင့် ပြင်ဆင်သတ်မှတ်ပေးခဲ့သည်မှာ သုံးစွဲသူပပျောက်ရေးကို ရည်ရွယ်ရေးရှုလို၍သာ ဖြစ်ပါသည်။ တစ်နွယ်ငင် တစ်စင်ပါ၊ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ ဆိုသလိုသုံးစွဲသူမရှိပါက ရောင်းဝယ်သူမရှိ ဖြစ်လာမည်။ ရောင်းဝယ်မည့်သူမရှိက ထုတ်လုပ်ဖြန့်ဖြူးမှုများ လည်း ဆိတ်သုဉ်းသွားကြမည်ဖြစ်ပါသည်။

### နိုင်ငံသားတိုင်းတွင် တာဝန်ရှိ

မူးယစ်ဆေးဝါးဖော်ထုတ်စုံစမ်း ဖမ်းဆီးမှုများတွင် သက်ဆိုင်ရာတာဝန်ရှိ ဖမ်းဆီးသူများသာမက မိမိအပါအဝင် နိုင်ငံသားတိုင်းတွင် တာဝန်ရှိနေသည်ကို မမေ့သင့်ပေ။

မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ယခုကဲ့သို့ ကြိုးပမ်းဆောင်ရွက်မှုများကို မြန်မာနိုင်ငံ၏ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သံတမန်များ၊ INGO များမှတစ်ဆင့် ကုလသမဂ္ဂဆိုင်ရာ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့အစည်းများသို့ မြင်တွေ့ကြားသိအောင် အခါမလပ် ဆက်သွယ်တင်ပြကြခြင်းဖြင့် ထိုအဖွဲ့အစည်းများက မြန်မာနိုင်ငံ၏ဆောင်ရွက်ချက်များအပေါ် အားပေးကူညီခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းများ တိုးမြှင့်ရရှိ စေမည်ဖြစ်ပါသည်။ မူးယစ်ဆေးဝါးအန္တရာယ်သည် မြန်မာနိုင်ငံတွင်သာမက တစ်ကမ္ဘာလုံးနှင့် သက်ဆိုင်သည့် အရေးကိစ္စ ဖြစ်နေပါသည်။ လူမှုကွန်ရက်ဖေ့စ်ဘွတ်တွင် ဆေးခြောက်၏ ကျန်းမာရေးနှင့် ပတ်သက်သော အသုံးဝင်မှု၊ အကျိုးပြုမှုများကို ရေးသားဖော်ပြသည်ကို ဖတ်ဖူးပါသည်။ ဆေးခြောက်သာမက မည်သည့်နွယ်မြက်သစ်ပင်မဆို ကျန်းမာရေးအတွက် အသုံးဝင်အကျိုးပြုမှုများ သူ့ဟာနှင့်သူ ရှိကြသော်လည်း ဆေးခြောက်အား အသုံးပြု(သုံးစွဲ)ခြင်းဖြင့် ပင်ကိုမူလ အသိဉာဏ် (စိတ်)ပပျောက်ပြီး စွဲလမ်းသွားစေတတ်သဖြင့် မူးယစ်ဆေးဝါးအဖြစ် သက်ဆိုင်ရာပညာရှင်များက သတ်မှတ်ခဲ့ခြင်းဖြစ်ပါ သည်။ တန်ဆေးလွန်ဘေး ဆိုသကဲ့သို့ ဖြစ်ပါသည်။

### မူးယစ်ဆေးဝါးအန္တရာယ်ကာကွယ်

တရားရုံးများရှိ အမှုခေါ်စာရင်း၌ မူးယစ်ဆေးဝါးမှုများကို မပြတ်တွေ့ရှိနေရပါသည်။ များများဖမ်းမှ မြန်မြန်ပျောက်မည် ဖြစ်ပါသည်။ တရားရုံးများမှ ထိရောက်ဟန့်တားသော ပြစ်ဒဏ်များ ချမှတ်ခြင်းဖြင့် မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး လုပ်ငန်းကို တစ်ဖက်တစ်လမ်းမှ ပံ့ပိုးကူညီရာရောက်မည်ဖြစ်ပါသည်။ မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုများတွင် လူအုပ်စုအသွင်ဖြင့် လက်နက်ခဲယမ်းများ၊ ယာဉ်များ၊ မူးယစ်ဆေးထုတ်လုပ်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းများ၊ ငွေကြေးများ ပါဝင်သည်ကို ကြည့်ခြင်းအားဖြင့် မူးယစ်ဆေးဝါး ထုတ်လုပ်ဖြန့်ဖြူးမှု မည်မျှအထိ ကျယ်ပြန့်များပြားလာနေသည်ကို သိနိုင်ပါသည်။

မူးယစ်ဆေးဝါးထုတ်လုပ်ဖြန့်ဖြူးခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်း၊ သုံးစွဲခြင်းများဖြင့် လူမှုဘဝလုံခြုံမှုများ လျော့နည်းလာစေသလို ကာယကံရှင် မူးယစ်သမားများ၏ ဘဝသည်လည်း ပျက်စီးခြင်းဖြင့်သာ အဆုံးသတ်ကြရပါမည်။ ထို့ကြောင့် တစ်ဦးချင်းစီမှသည် စုပေါင်းအားဖြင့် မူးယစ်ဆေးဝါးအန္တရာယ်ကို ကာကွယ်ကြပါစို့ဟု တိုက်တွန်းရေးသားတင်ပြလိုက်ရပါသည်။ ။



## ပြည်သူ့ဝန်ထမ်း စီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာသင်တန်း အမှတ်စဉ်(၅)ဖွင့်

**နေပြည်တော် နိုဝင်ဘာ ၂၀**

ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပြည်သူ့ဝန်ထမ်းအကယ်ဒမီတွင် အရာထမ်းလောင်း အခြေခံသင်တန်း ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာသင်တန်း အမှတ်စဉ်(၅) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က ပတ္တမြားခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးစောဗယ်လင်တိုင်းက ယခုသင်တန်းကို ပြည်ထောင်စုရာထူးဝန်အဖွဲ့ မှ ကျင်းပခဲ့သည့် ပြန်တမ်းဝင်အရာရှိ ဝင်ပေါက်ရာထူး စာမေးပွဲများတွင် ဖြေဆိုအောင်မြင်ခဲ့သည့် ဌာနအတွင်း ဝန်ထမ်းများ၊ ပြင်ပမှ နိုင်ငံ့တာဝန် စတင်ထမ်းဆောင်ကြမည့် အရာထမ်းလောင်းများနှင့် နိုင်ငံသားပိုင် ပြင်ပပုဂ္ဂလိကကုမ္ပဏီ၊ အဖွဲ့အစည်း၌ တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများအား စွမ်းဆောင်ရည် ပိုမိုမြှင့်တင်ပေးနိုင်ရေး၊ အရည်အသွေးပြည့်မီသော ဝန်ထမ်းကောင်းများ ဖြစ်လာစေရေး၊ နိုင်ငံတော်၏ စီးပွားရေးမူဝါဒ ရည်မှန်းချက်များကို အထောက်အကူဖြစ်စေရေး ပြည်သူပိုင်ကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍများ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ရည်ရွယ်ပြီး ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၉၂ ဦး၊ သင်တန်းသူ ၆၆ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ၁၉-၁၁-၂၀၁၈ ရက်မှ ၈-၃-၂၀၁၉ ရက်အထိ ရက်သတ္တ ၁၆ ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**မြန်မာ့အလင်း**

## ၂၀၁၈ ခုနှစ် ဧပြီလမှ ဩဂုတ်လအတွင်း မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန် အခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၂၀**

၂၀၁၈ ခုနှစ် ဩဂုတ်လအတွက် မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၁၄၄ ဒသမ ၁၇ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၇၈ ဒသမ ၉၁ သန်းနှင့် စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၆၂၃ ဒသမ ၀၈ သန်း ဖြစ်သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၄၄၉ ဒသမ ၉၀ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၃၇ ဒသမ ၁၃ သန်းနှင့် စုစုပေါင်း သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၇၈၇ ဒသမ ၀၃ သန်း ဖြစ်ပါသည်။ သို့ဖြစ်၍ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လအတွက် စုစုပေါင်း ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃၄၁၀ ဒသမ ၁၁ သန်းဖြစ်ပြီး စုစုပေါင်း ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၁၆၃ ဒသမ ၉၅ သန်း ဖြစ်ပေါ်ခဲ့သည်။

၂၀၁၈ ခုနှစ်၊ ဧပြီလမှ ဩဂုတ်လအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၄၉၃၅ ဒသမ ၁၃ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၂၇၁ ဒသမ ၁၅ သန်းနှင့် စုစုပေါင်း ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၇၂၀၆ ဒသမ ၂၈ သန်း တင်ပို့နိုင်ခဲ့သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၀၀၂ ဒသမ ၄၀ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂၂၈ ဒသမ ၅၈ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၂၃၀ ဒသမ ၉၈ သန်း ဖြစ်သဖြင့် ၂၀၁၈ ခုနှစ်၊ ဧပြီလမှ ဩဂုတ်လအတွင်း စုစုပေါင်းကုန်သွယ်မှုပမာဏမှာ ၁၅၄၃၇ ဒသမ ၂၆ သန်းဖြစ်ပြီး ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၁၀၂၄ ဒသမ ၇၀ သန်းဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန် အခြေအနေ အစီရင်ခံစာအရ သိရှိရသည်။

**သတင်းစဉ်**

## မြို့တော်ဝန်ဆု ပြည်သူ့နီတိ အသိပညာပေးစာမေးပွဲ ဆုချီးမြှင့်မည့်ရက်ကြေညာ

**ရန်ကုန် နိုဝင်ဘာ ၂၀**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ကြီးမှူးကျင်းပပြီးစီးခဲ့သည့် ပြည်သူ့နီတိအသိပညာပေး စာမေးပွဲဆုချီးမြှင့်ပွဲ အခမ်းအနားကို ရန်ကုန်မြို့တော်ခန်းမ၌ နိုဝင်ဘာ ၂၇ ရက် အင်္ဂါနေ့နံနက် ၈ နာရီခွဲတွင် ကျင်းပမည်ဖြစ်ရာ မြို့နယ်များမှ (မူလတန်း၊ အလယ်တန်း၊ အထက်တန်း) ဆုရကျောင်းသား/ ကျောင်းသူများသည် ယင်းနေ့တွင် ကျောင်းဝတ်စုံနှင့်အတူ ကျောင်းသားကတ်များပါယူဆောင်၍ မပျက်မကွက် တက်ရောက်ကြရန် ကျင်းပရေးဦးစီးကော်မတီမှ နှိုးဆော်ထားကြောင်း သိရသည်။

**သတင်းစဉ်**

## လက်ပံတန်း၌ လူမှုရေးအသင်းအဖွဲ့များသို့ အလှူငွေများပေးအပ်

**လက်ပံတန်း နိုဝင်ဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့ မင်းရပ် ရပ်ကွက် သီရိသုမင်္ဂလာဥယျာဉ်ခန်းမတွင် နိုဝင်ဘာ ၁၈ ရက်က မြို့နယ်ရှိပရဟိတအဖွဲ့အစည်းများသို့ ဆန်၊ဆီနှင့်အလှူငွေများပေးအပ်လှူဒါန်းပွဲကျင်းပသည်။ အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌဦးခင်မောင်ရင်က အမှာစကားပြောကြားပြီး အလှူရှင်များ၏ကိုယ်စား ရန်ကုန်မြို့နေအငြိမ်းစားဒုတိယဝန်ကြီး ဦးအောင်သိန်းနှင့် ဦးသောင်းကြည်တို့က လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ စိန်သီဘိုးဘွားရိပ်သာ၊ ဖြူစင်မေတ္တာအခမဲ့ဆေးခန်း၊ OPEN MIND စာကြည့်တိုက်၊ မင်းလမ်းကျေးရွာမီးလင်းရေးအဖွဲ့၊ မအူကုန်ရပ်ကွက်ရှိ မိဘမဲ့ကလေးဂေဟာ၊ သိုက်ဝါးချောင်းကျေးရွာရှိ ဟံသာအေးမိဘမဲ့ကလေးဂေဟာ၊ ပညာဒါန၊ မအူကုန်ရပ်ကွက် ကံကြီးလမ်းနာရေးကူညီမှုအသင်း စသည့်လူမှုရေးအသင်းအဖွဲ့များကို ဆန်၊ ဆီနှင့် အလှူငွေများပေးအပ်ရာ ဖြူစင်မေတ္တာအခမဲ့ဆေးခန်းတာဝန်ခံ ဦးမောင်မောင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**အောင်ဆင့် (လက်ပံတန်း)**

◆ *ကျောဖုံးမှ*

ထို့ကြောင့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၊ နေပြည်တော်/ရန်ကုန်/မန္တလေး စည်ပင်သာယာရေးကော်မတီ များသို့ မိမိလက်အောက်ခံအဖွဲ့အစည်းများအား လိုအပ်သလို ထပ်ဆင့်ညွှန်ကြားပေး နိုင်ရန် အမိန့်စာထပ်မံထုတ်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ ပုဒ်မ ၆၃ ပါ ပြဋ္ဌာန်းချက်အရ လည်းကောင်း၊ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၈ ပါ ပြဋ္ဌာန်းချက်အရလည်းကောင်း နိုင်ငံတော်အတွင်း နိုင်ငံခြားငွေဖြင့် ငွေပေးချေခြင်း၊ လွှဲပြောင်းခြင်းကို သာမန်အားဖြင့် ဆောင်ရွက်ခွင့်မရှိပါကြောင်း၊ ငွေကြေးဖြင့် ပေးချေခြင်း၊ လက်ခံခြင်း၊ လွှဲပြောင်းခြင်းတို့ကို ကျပ်ငွေဖြင့်သာ ဆောင်ရွက်ရမည်ဖြစ်ပြီး မဖြစ်မနေ နိုင်ငံခြားငွေဖြင့် ပေးချေခြင်း၊ လွှဲပြောင်းခြင်းများကို ဆောင်ရွက်ရန် လိုအပ်ပါက မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ခွင့်ပြုချက်ကို တောင်းခံဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

ပြည်တွင်းသုံးကျပ်ငွေဖြင့် ဆောင်ရွက်ရာတွင် တွေ့ရှိရသည့် အားနည်းချက်နှင့် အခက်အခဲမှာ ဟိုတယ်များ၊ မြန်မာနိုင်ငံတွင် လာရောက်ဖွင့်လှစ်သည့်ကျောင်းများ၊ လေကြောင်းလိုင်းများ၊ ကျောက်မျက်ရတနာအရောင်းဆိုင်များသည် ငွေလဲလှယ်နှုန်း အတက်အကျကြောင့် ၎င်းတို့၏ ဝန်ဆောင်ခများ၊ ပစ္စည်းဈေးနှုန်းများကို နိုင်ငံခြားငွေဖြင့် ပုံသေသတ်မှတ်ထားပြီး မြန်မာငွေဖြင့်ပြန်လည်လွှဲပြောင်းယူရာတွင် ၎င်းတို့၏ ငွေလဲလှယ်နှုန်းကာမိစေရန် ပိုယူထားကြခြင်းရှိသည့်အတွက် ပြင်ပဈေးထက်မြင့်တက်နေပြီး သုံးစွဲဝယ်ယူသူများအနေဖြင့်လည်း ဒေါ်လာဖြင့်သာ ပေးချေခြင်းသည် ပိုမိုသက်သာသည့်အတွက် ဒေါ်လာဖြင့်သာ ပေးချေကြသည်ကို တွေ့မြင်ရပါကြောင်း။

ယခုကဲ့သို့ နိုင်ငံခြားငွေဖြင့် ဈေးနှုန်းသတ်မှတ်၍ ပေါက်ဈေးထက် ပိုမိုတွက်ချက်ယူသည့်လုပ်ငန်းများ၊ နိုင်ငံခြားငွေဖြင့် လက်ခံရယူလျက်ရှိသည့်ဟိုတယ်များ၊ ကျောင်းများ၊ ကျောက်မျက်ရတနာဆိုင်များကို ကြပ်မတ်ကွပ်ကဲရန်မှာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ ပူးပေါင်း၍ ဆောင်ရွက်မှသာ အဆင်ပြေနိုင်မည် ဖြစ်ပါကြောင်း၊ ပြည်တွင်း၌ ကျပ်ငွေဖြင့်သာ သုံးစွဲရန် ညွှန်ကြားချက်ကို လိုက်နာဆောင်ရွက်ခြင်း မရှိပါက မည်သို့အရေးယူဆောင်ရွက်မည်၊ ထိုကဲ့သို့ အရေးယူခြင်းကို မည်သည့်ကာလတွင် စတင်မည်တို့ကို ပြည်သူလူထုသို့ အသိပေး၍ ပညာပေးကာလတစ်ခု သတ်မှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိပါကြောင်း ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဝေစိန်အောင် ၏ **ရခိုင်ပြည်နယ်၊ စစ်တွေ တက္ကသိုလ်တွင် အင်္ဂလိပ်စာ မဟာဘွဲ့သင်တန်း M.A (English) ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး က မဟာဝိဇ္ဇာတန်း ဖွင့်လှစ်နိုင်ရန်အတွက် ၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်တွင် မဟာအရည်အချင်းစစ်သင်တန်း တက်ရောက်မည့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း သုံးဦးကို မဟာအရည်အချင်းစစ်သင်တန်း ဖွင့်ပေးမည် ဖြစ်ပါကြောင်း၊ အဆိုပါ ကျောင်းသား၊ ကျောင်းသူ သုံးဦးအောင်မြင်လာပါက မဟာဝိဇ္ဇာတန်းပို့ချပေးရန်အတွက် ဆက်လက်ပညာသင်ယူရမည် ဖြစ်ပါကြောင်း၊ ၂၀၁၉ - ၂၀၂၀ ပညာသင်နှစ်မှသာ မဟာဝိဇ္ဇာတန်းကို စစ်တွေတက္ကသိုလ်တွင် ဖွင့်လှစ်နိုင်မည် ဖြစ်ပါကြောင်း။

## ၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်တွင် စစ်တွေတက္ကသိုလ်၌ အင်္ဂလိပ်စာဘာသာရပ် မဟာတန်းဖွင့်လှစ်ရန် တက်ရောက်မည့် ကျောင်းသား၊ ကျောင်းသူ မရှိသေး

ကြားကာလတစ်နှစ်တွင် ဒေသခံဆရာ၊ ဆရာမများကို ရန်ကုန်တက္ကသိုလ်တွင် တွဲဖက်၍ အင်္ဂလိပ်စာအရည်အသွေး မြှင့်မားရေးအတွက် တွဲဖက်တာဝန်ချထားပေးပြီး လေ့ကျင့်ပေးရမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်တွင် စစ်တွေတက္ကသိုလ်၌ အင်္ဂလိပ်စာဘာသာရပ် မဟာတန်းဖွင့်လှစ်ရန် တက်ရောက်မည့် ကျောင်းသား၊ ကျောင်းသူ မရှိသေးပါကြောင်း ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးရှန်အောရ် ၏ **ပညာရပ်ဝေါဟာရများ** (Scientific and Technical Terms) **အတွဲများကို ပြန်လည်ဆန်းစစ်ခြင်း၊ ပြန်လည် တည်းဖြတ်ခြင်းနှင့် ဖြည့်စွက်ခြင်းများပြုကာ ပိုမိုခေတ်မီပြည့်စုံသော ပညာရပ်ဝေါဟာရ အဘိဓာန်အဖြစ် ထုတ်ဝေဖြန့်ချိပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး က ပညာရပ်ဝေါဟာရများ အတွဲရှစ်တွဲသည် ယခင်အထက်တန်းပညာဦးစီးဌာန (ယခု အဆင့်မြင့်ပညာဦးစီးဌာန) တက္ကသိုလ်ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာနက ဝိဇ္ဇာ၊ သိပ္ပံဆိုင်ရာအသိပညာရှင်၊ အတတ်ပညာရှင်များနှင့်အတူ ၁၉၇၁ ခုနှစ် အောက်တိုဘာလမှ ၁၉၇၄ ခုနှစ် ဇူလိုင်လအထိ ပြုစုတည်းဖြတ်၍ တက္ကသိုလ်ပုံနှိပ်တိုက်မှ ထုတ်ဝေခဲ့သည့် စာအုပ်များဖြစ်ပါကြောင်း။

အဆင့်မြင့်ပညာဦးစီးဌာန၊ တက္ကသိုလ်ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာန အနေဖြင့် မူလပညာရပ် ဝေါဟာရရှစ်တွဲအား လက်လှမ်းမီစွာ အကိုးအကားအထောက်အကူပြုမည့် စာအုပ်များထွက်ပေါ်လာနိုင်ရေးအတွက် မူလထုတ်ဝေခဲ့ပြီးဖြစ်သော မူရင်း စာအုပ်ရှစ်အုပ်ပါ ဝေါဟာရများ အတွဲများကို ပြန်လည်ဆန်းစစ်ခြင်း၊ ပြန်လည်တည်းဖြတ်ခြင်းနှင့် ဖြည့်စွက်ခြင်း ခေတ်မီဝေါဟာရများဖြစ်အောင် ပြန်လည်အတည်ပြုဆောင်ရွက်ခြင်းများကို ပြုလုပ်ရမည်ဖြစ်သည့်အတွက် အဘိဓာန်အဖြစ် ထုတ်ဝေဖြန့်ချိပေးနိုင်ရန်အတွက် နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များ၊ ဝိဇ္ဇာ၊ သိပ္ပံဘာသာရပ်ဌာနများတွင်ရှိသည့် ပညာရှင်များ၊ အင်ဂျင်နီယာကောင်စီ၊ အင်ဂျင်နီယာအသင်းနှင့် ပညာရှင်များဖြင့် ပေါင်းစပ်ညှိနှိုင်း၍ လိုအပ်သည့်အဖွဲ့များ ဖွဲ့စည်းပြီး ပူးပေါင်းစီစဉ်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

အလားတူ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ်နှင့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမာန်လောမောင်းတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးဒေါက်တာမျိုးသိမ်းကြီးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

## စာပေနှင့် အနုပညာမူပိုင်ခွင့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ ဆွေးနွေး

ထို့နောက် အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော **စာပေနှင့် အနုပညာမူပိုင်ခွင့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်း** နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ရေဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်အိအိပြုံး က စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်းသည် အမြတ်အစွန်းအတွက် ရရှိရန် အဓိကမဟုတ်ဘဲ ထိုက်သင့်သော ငွေကြေးကိုသာ ရယူပြီး အခြားသော မူပိုင်ခွင့်လုပ်ငန်းများ၊ လုပ်ကိုင်နေသော အေဂျင်စီများနှင့် ရောထွေးမှုမရှိစေရန် ရည်ရွယ်ပြီး အခန်း(၁) ပုဒ်မ(၂) (ဃဃ) ၏ အပိုဒ်ကို စာပေနှင့်အနုပညာမူပိုင်ခွင့် (သို့မဟုတ်) ဆက်နွယ်သည့် အခွင့်အရေးဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်းဆိုသည်မှာ စာပေနှင့် အနုပညာမူပိုင်ခွင့်များ ဆက်နွယ်သည့် အခွင့်အရေးကို ဤဥပဒေနှင့်အညီ အကာအကွယ်ပေးနိုင်ရန် မူလလက်ရာရှင်များ၊ စာပေနှင့် အနုပညာမူပိုင်ခွင့်ပိုင်ရှင်များ၊ ဆက်နွယ်သည့် အခွင့်အရေးပိုင်ရှင်များ၏ သဘောတူညီမှုအပေါ် အခြေခံ၍ ယင်းတို့၏ အခွင့်အရေးများကို စီမံခန့်ခွဲပေးသည့် အမြတ်အစွန်းအတွက် မရည်ရွယ်သော အဖွဲ့အစည်းကို ဆိုသည်ဟူ၍ ဖြည့်စွက်လိုပါကြောင်း။



နိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဘိုဘိုငယ်



ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉) မှ ဦးစိုးသိန်း

အခန်း(၃) ပုဒ်မ (၅)(င)ကို မူပိုင်ခွင့်စနစ်နှင့် အသိပညာ အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်နှင့် စာပေနှင့် အနုပညာတီထွင်ဖန်တီးမှုများကို ကူညီထောက်ပံ့ပေးရန်၊ ကောင်းစွာကျင့်သုံးဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ အစိုးရဌာန အဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ညှိနှိုင်းပေါင်းစပ်ကြီးကြပ်လမ်းညွှန်ပေးခြင်းဆိုပြီး ပြင်ဆင်စေလိုပါကြောင်း၊ ကျောင်းတွင်းစာသင်ခန်းပညာရေးသာမက၊ ကျောင်းပြင်ပ အသက်မွေးဝမ်းကျောင်း ပညာရေးကိုပါ လွှမ်းခြုံစေနိုင်ရန် အခန်း(၁၁) ပုဒ်မ (၂၆) (က)တွင် ထုတ်ဝေပြီးလက်ရာများ၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ သတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ်တို့တွင် ပါဝင်သောဆောင်းပါးများ၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပညာသင်ကြားရန် ရည်ရွယ်ချက်အတွက် သော်လည်းကောင်း၊ နိုင်ငံသားတို့၏ ဘက်စုံပညာ ဖွံ့ဖြိုးတိုးတက်စေရန် လည်းကောင်းဟူ၍ ထပ်မံဖြည့်စွက်ပြီး၊ အမျိုးသားလွှတ်တော်၏ စာအရေးအသား၊ အသံ (သို့မဟုတ်) မြင်နိုင်သည့် မှတ်တမ်းများဖြင့် မူပွားခြင်းဆိုသည်ကို ထပ်မံဖြည့်စွက်လိုပါကြောင်း ဆွေးနွေးသည်။

အဆိုပါ ပြင်ဆင်ချက် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ရေဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာပြည့်ဖြိုးက ဆက်လက်ဆွေးနွေးသည်။

## လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ ဖတ်ကြားရှင်းလင်း

ယင်းနောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဒေါက်တာမျိုးအောင်က **ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ** ကို ဖတ်ကြားရှင်းလင်းသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အဆိုပါ ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန် အစည်းအဝေး ဆဋ္ဌမနေ့ကို နိုဝင်ဘာ ၂၇ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်**

○ *ကျောဖုံးမှ*

လှူဒါန်းပွဲ၌ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်က ယခုခရီးစဉ်တွင် တရုတ်သံရုံးအနေဖြင့် ကချင်ပြည်နယ် မြစ်ကြီးနား ပတ်ဝန်းကျင်ဒေသများနှင့် ဆွမ်ပရာဘွမ်၊ ပူတာအိုနှင့် မချမ်းဘော မြို့နယ်သုံးခုမှ စစ်ဘေးရှောင်ပြည်သူများထံ မြန်မာငွေကျပ်သိန်း ၁၆၀၀ တန်ဖိုးရှိ ဆန်၊ စားသုံးဆီ၊ စောင် စသည့်ပစ္စည်းများ၊ မြန်မာငွေကျပ်သိန်း ၁၂၀ တန်ဖိုးရှိ ဆေးဝါးများကို လှူဒါန်းမည်ဖြစ်ပြီး မိမိတို့၏ ကြိုးပမ်းမှုမှုတစ်ဆင့် ၎င်းတို့၏ လူနေမှုအခြေအနေနှင့် ကျန်းမာရေး စောင့်ရှောက်မှုအခြေအနေ ကောင်းမွန်လာစေရန်ကူညီပေးနိုင်ရေး မျှော်လင့်ကြောင်း ပြောကြားသည်။

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ငြိမ်းချမ်းရေးကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာ တင်မျိုးဝင်းတို့က အမှာစကား ပြောကြားကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် နေရပ်စွန့်ခွာပြည်သူများအတွက် စားနပ်ရိက္ခာနှင့် ထောက်ပံ့မှုပစ္စည်းများနှင့် ကချင်ပြည်နယ် အခမဲ့ဆေးဝါးကုသရေး ဖောင်ဒေးရှင်းသို့ လှူဒါန်းသည့် ဆေးဝါးများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာ တင်မျိုးဝင်းနှင့် တရုတ်နိုင်ငံ သံအမတ်ကြီး မစ္စတာဟုန်လျန်တို့က ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နှင့် နေရပ်စွန့်ခွာပြည်သူများ ကိုယ်စားလှယ်များထံ ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က တရုတ်နိုင်ငံ သံအမတ်ကြီးထံ ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

ယင်းနောက် ကူညီထောက်ပံ့မှုများအတွက် နေရပ်စွန့်ခွာပြည်သူများမှ ကိုယ်စားလှယ်တစ်ဦးနှင့် ကချင်ပြည်နယ် အခမဲ့ဆေးဝါးကုသရေး ဖောင်ဒေးရှင်းမှ တာဝန်ရှိသူတစ်ဦးတို့က ကျေးဇူးတင်စကား ပြောကြားကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အခမ်းအနားသို့ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်အဆင့်တာဝန်ရှိသူများ၊ နေရပ်စွန့်ခွာပြည်သူများ တက်ရောက်ကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် တရုတ်နိုင်ငံ သံအမတ်ကြီးတို့သည် ဂျာမိုင်ကောင်း KBC စစ်ရှောင်စခန်းသို့ သွားရောက်ကြည့်ရှုအားပေးခဲ့ကြသည်။ **(အောက်ပုံ)**

**သတင်းစဉ်**



## ပြည်သူ့လွှတ်တော်၊ လျှပ်စစ်နှင့်စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးကြည်မိုးနိုင် မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သံအမတ်ကြီးနှင့် စီးပွားရေးဌာနအကြီးအကဲတို့အား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၀**

ပြည်သူ့လွှတ်တော်၊ လျှပ်စစ်နှင့် စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကြည်မိုးနိုင်သည် မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံသံအမတ်ကြီး H.E. Mr. Christian Lechervy နှင့် ပြင်သစ်နိုင်ငံသံရုံးမှ စီးပွားရေးဌာန အကြီးအကဲ Mr.Hubert Colaris တို့အား ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အဆောင်အမှတ် (I-8)၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ လျှပ်စစ်စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပြင်သစ်-မြန်မာ နှစ်နိုင်ငံ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေး ကိစ္စရပ်များ၊ ပြင်သစ်နိုင်ငံကုမ္ပဏီများမှ မြန်မာနိုင်ငံ လျှပ်စစ်စွမ်းအင်ကဏ္ဍတွင် လာရောက်ရင်းနှီးမြှုပ်နှံထားရှိမှုကိစ္စရပ်များ၊ ပြင်သစ်- မြန်မာ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်လျက်ရှိသော ရွှေလီ(၃) ရေအားလျှပ်စစ်စီမံကိန်းနှင့် ပတ်သက်သည့် ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

## တိမ်အသင့်အတင့် ဖြစ်ထွန်းနေ

**နေပြည်တော် နိုဝင်ဘာ ၂၀**

ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလား ပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

# (၈၇)ကြိမ်မြောက် ကေတုမတီ တောင်ငူမြို့နှစ်ကျိပ်ရှစ်ဆူဘုရားပွဲတော်စည်ကားသိုက်မြိုက်စွာ ကျင်းပ

**တောင်ငူ နိုဝင်ဘာ ၂၀**

(၈၇)ကြိမ်မြောက် တောင်ငူမြို့နှစ်ကျိပ်ရှစ်ဆူဘုရား ဗုဒ္ဓပူဇနိပွဲတော်ကို ယနေ့ ညနေ ၄ နာရီခွဲက တောင်ငူမြို့ ကေတုမတီမုခ်အနီး ဇဟိုမဏ္ဍပ်၌ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြသောင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာတင်တင်ဝင်း၊ တောင်ငူခရိုင် အုပ်ချုပ်ရေးမှူး ဦးမိုးထက်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး အနုပညာရှင်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။




**လှည့်လည်အပူဇော်ခံ**

အဆိုပါပွဲတော်တွင် နှစ်ကျိပ်ရှစ်ဆူဘုရားများ ကိန်းဝပ်စံပယ်တော်မူရာ မဟာမုနိကေလဇာတီဘုရားမှ မဲပေါက်သော မြို့ပေါ်ရပ်ကွက်များသို့ ဘုရားအမှတ်အစဉ်လိုက်ပင့်ဆောင်ပြီး ယာယီစံကျောင်းတော်အတွင်း သတ်မှတ်နေရာများ၌ ခမ်းနားစွာ စနစ်တကျ ပူဇော်ထားရှိကာ ယနေ့ ညနေ ၄ နာရီမှ စ၍ တောင်ငူမြို့တွင်းသို့ ဒေသစာရီ လှည့်လည်အပူဇော်ခံခဲ့ကြသည်။

ဒေသစာရီကြွချီသည့် အလှပြယာဉ်များသည် ဘုရားသမိုင်း ဖော်ကျူးပြသကာ အပြိုင်အဆိုင် ပြင်ဆင်ထားကြသည်။ အပူဇော်ခံ ယာဉ်များသည် ကေတုမတီမုခ်ဦးမှ စတင်အပူဇော်ခံ အလှပြကာ ကေလစာရီဘုရားအထိ လှည့်လည်ပြသပြီး မြန်မာ့ရိုးရာယဉ်ကျေးမှုများနှင့်အညီ မြတ်ဗုဒ္ဓတရားတော်များ၊ ဗုဒ္ဓဝင်တေးများ၊ တေးသီချင်းများ၊ ရှေးခေတ်ပုံစံအမျိုးမျိုးဖြင့် ဇဟိုမဏ္ဍပ်ရှိ ဒိုင်လူကြီးများ၏ရှေ့၌ ပုံစံအမျိုးမျိုးဖြင့် ပြိုင်ပွဲဝင်လျက်ရှိသည်။

ယခုနှစ်တွင် ဘုရားပူဇော်ပွဲယာဉ်များကို အကဲဖြတ်အမှတ်ပေး စည်းမျဉ်းများနှင့်အညီ အမှတ်ပေးနိုင်ရန် ဒိုင်အဖွဲ့ကိုလည်း ကျွမ်းကျင်သောပညာရှင်များဖြင့် စနစ်တကျ ဖွဲ့စည်းထားပြီး ပထမဆုအဖြစ် ငွေကျပ်သိန်း ၁၀၀၊ ဒုတိယဆု ငွေကျပ် ၇၅သိန်း၊ တတိယဆု ငွေကျပ်သိန်း ၅၀၊ နှစ်သိမ့်ဆုအဖြစ် ငွေကျပ်သိန်း ၂၀ ဖြင့် ၁၀ဆု ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

အကဲဖြတ်ဒိုင်များ၏ ရွေးချယ်မှုတွင် နှစ်ကျိပ်ရှစ်ဆူဘုရား လှည့်လည်ပင့်ဆောင်ပူဇော်ရာတွင် ကြည်ညိုဖွယ်ရာပင့်ဆောင်မှု၊ မြန်မာ့ရိုးရာ ဝတ်စားဆင်ယင်မှု၊ အဖွဲ့ဝင်များ သိုက်သိုက်ဝန်းဝန်းလိုက်ပါကာ အတီးအမှုတ်သီဆိုမှုဖြင့် ဆောင်ရွက်မှု၊ သတ်မှတ်နေရာများတွင် စနစ်တကျ ပူဇော်မှု၊ ဘုရားသမိုင်းဖော်ကျူးမှု၊ ပွဲတော်နှင့်အညီ နောက်ခံကားချပ်များပြင်ဆင်ထားမှု၊ ဓမ္မပူဇာရွတ်ဖတ်ရာတွင် အသံကောင်းဆွဲဆောင်မှုရှိခြင်း တို့ကို အမှတ်ပေးစည်းမျဉ်းများနှင့်အညီ ဒိုင်အဖွဲ့က အမှတ်ပေးသွားမည်ဖြစ်ပြီး ဆုပေးပွဲကို တန်ဆောင်မုန်းလပြည့်နေ့တွင် တောင်ငူမြို့ တော်ဝင်ကေတုမတီ ဟိုတယ် ဘုရင့်နောင်ခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်သူဝင်း**

## လမ်းမတော် ၁၃ လမ်း တန်ဆောင်တိုင်ပွဲတော် စိန်ရတုကာတွန်းများဖြင့် ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၀**

လမ်းမတော်မြို့နယ် ၁၃ လမ်း (ကာတွန်း ဦးဘဂျမ်းလမ်း) တန်ဆောင်တိုင်မီးထွန်းပွဲတော်ကို ၇၅ နှစ်မြောက်အဖြစ် စိန်ရတုကာတွန်းများချိတ်ဆွဲ၍ နိုဝင်ဘာ ၂၀ ရက်မှ ၂၄ ရက်အထိ ကျင်းပသွားမည် ဖြစ်သည်။

နာမည်ကြီး ကာတွန်းဆရာကြီးများ၏ ကာတွန်းလက်ရာများ၊ ယနေ့ခေတ်ကာတွန်းလောက၌ အောင်မြင်နေသော ကာတွန်းဆရာများ၏ စိတ်ကူးလက်ရာများ၊ တက်သစ်စလူငယ်ကာတွန်းဆရာများ၏ ကာတွန်းလက်ရာ ၄၀၀ ကျော်ကို လမ်းတစ်ဖက်တစ်ချက်စီ၌ ချိတ်ဆွဲပြသသွားခြင်း ဖြစ်သည်။

ပြပွဲမတိုင်မီက "လူ့ကျင့်ဝတ်" ဟူသော ခေါင်းစဉ်ဖြင့် ပြိုင်ပွဲဝင်များကို ဖိတ်ခေါ်ခဲ့ရာ ပထမဆု ဇာနည်ဝင်း(အင်းစိန်)၊ ဒုတိယဆု မောင်လူချော (ပုဇွန်တောင်)၊ တတိယဆု ဖိုးဇော်(လှိုင်သာယာ)၊ အထူးဆုများအဖြစ် ကာတွန်းဟန်(ရွှေပြည်သာ)၊ စျာန်မောင်မောင် (လသာ)တို့က ရရှိပြီး ဆုများကို နိုဝင်ဘာ ၂၂ ရက် ညနေ ၄ နာရီတွင် ပထမဆု ငွေကျပ် ၃၀၀၀၀၀၊ ဒုတိယဆု ငွေကျပ် ၂၀၀၀၀၀၊ တတိယဆု ငွေကျပ် ၁၅၀၀၀၀၊ အထူးဆုများအဖြစ် ငွေကျပ် ၁၀၀၀၀၀ စီချီးမြှင့်သွားမည် ဖြစ်သည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**



## မဒေါက်မြို့၌ တန်ဆောင်တိုင် မီးမျှောပွဲတော်ဖွင့်ပွဲ ကျင်းပ

**မဒေါက် နိုဝင်ဘာ ၂၀**

(၄၆)ကြိမ်မြောက် မဒေါက်မြို့ တန်ဆောင်တိုင်မီးမျှောပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပွဲတော်အထိမ်းအမှတ် မုခ်ဦးရှေ့၌ ကျင်းပရာ ပွဲတော်အထိမ်းအမှတ် မုခ်ဦးကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်ကြသည့် ဦးညီညီထွေး၊ ဦးအောင်နိုင်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနော်မိုင်လှကြည်၊ ပွဲတော်ကျင်းပရေး ကော်မတီဥက္ကဋ္ဌ ဦးမျိုးကျော်နှင့် မြို့မိမြို့ဖ ဦးထွန်းသိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။



မဒေါက်တန်ဆောင်တိုင်မီးမျှောပွဲတော် ဖွင့်ပွဲမြင်ကွင်း။

နိုဝင်ဘာ ၂၀ ရက် မှ ၂၃ ရက်အထိ လေးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်သော မဒေါက်မြို့ တန်ဆောင်တိုင် မီးမျှောပွဲကာလအတွင်း မြန်မာ့ရိုးရာအားကစားပွဲများ၊ ဖျော်ဖြေရေးအစီအစဉ်များ၊ စတုဒိသာကျွေးမွေးလှူဒါန်းမှုများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ထို့ပြင် လှေသဘင်ပြိုင်ပွဲများ၊ ရှင်ဥပဂုတ္တမထေရ်မြတ် ဒေသစာရီကြွချီ အပူဇော်ခံပွဲ၊ ယိမ်းအလှပြိုင်ပွဲများ၊ ဆုပေးပွဲ၊ မီးမျှောပွဲများအပြင် မြန်မာ့ရိုးရာ လက်ဝှေ့ပွဲ၊ ဖျော်ဖြေရေးအစီအစဉ်များဖြင့် ခြိမ့်ခြိမ့်သဲသဲ ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**အစီအမံများ ချမှတ်**

ပွဲတော်သို့လာရောက်ကြမည့် ရပ်နီးရပ်ဝေးမှ ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာနှင့် စိတ်ချမ်းမြေ့စွာသွားလာနိုင်စေရေးအတွက် မူးယစ်ရမ်းကားမှုများ ထိန်းသိမ်းရေး၊ စစ်တောင်းမြစ်အတွင်း ရေပွဲသဘင် ကျင်းပနေစဉ်အတွင်း အန္တရာယ်ကင်းရှင်းစေရန် အသက်ကယ်ဗောနှင့် ကယ်ဆယ်ရေးအစီအမံများ ချမှတ်ဆောင်ရွက်ထားကြောင်း သိရသည်။

**ရပ်နီးရပ်ဝေးမှ လာရောက်**

တန်ဆောင်တိုင် မီးမျှောပူဇော်ပွဲ ကျင်းပမည့် မဒေါက်မြို့တွင် ယနေ့နံနက်ပိုင်းမှစတင်၍ ရပ်နီးရပ်ဝေးမှ လာရောက်သော ဧည့်ပရိသတ်များ၊ ဈေးရောင်းဈေးဝယ်များနှင့် စည်ကားလျက်ရှိသည်။ **ပိန်းဇလုပ်သိန်းညွန့်**

❍ ရှေ့ဖုံးမှ

ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးကျော်သူဇော်၊ မီးပုံးပျံပွဲတော်ဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်ချို၊ ရှိုင်းနင်းမြန်မာ ကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးကျော်စွာထွဋ်၊ ရပ်မိရပ်ဖ ဦးစိုင်းကြူတို့က ပွဲတော်မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**

**ရိုးရာအကအများဖြင့် ဖျော်ဖြေ**

ထို့နောက် ငြိမ်းချမ်းရေးခိုဖြူ မီးပုံးပျံအရုပ်အား တာဝန်ရှိသူအသီးသီးက သတ်မှတ်နေရာများမှ လွှတ်တင်ခဲ့ကြပြီး ဖွင့်ပွဲအထိမ်းအမှတ် မီးရှူးမီးပန်းများကို ပစ်ဖောက်ခဲ့ကြကာ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များက ရိုးရာအကအများဖြင့် ကပြဖျော်ဖြေခဲ့ကြသည်။

မီးဘေးအန္တရာယ်လုံခြုံရေးအတွက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့(လားရှိုး)က လည်းကောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုများအတွက် ကြက်ခြေနီတပ်ဖွဲ့ (လားရှိုး)၊ လားရှိုးမြို့ရှိ လူမှုကယ်ဆယ်ရေးကူညီမှုအသင်းများက ဝိုင်းဝန်းအားဖြည့် ဆောင်ရွက်ပေးလျက်ရှိသည်။ ပွဲတော်လာပရိသတ်များ ယာဉ်ကြောပိတ်ဆို့မှု မဖြစ်စေရေးအတွက် လားရှိုးယာဉ်ထိန်းရဲတပ်ဖွဲ့က အနီးကပ် ကြီးကြပ်ဆောင်ရွက်လျက်ရှိကာ လုံခြုံရေးပိုင်းအား ပြည်နယ် ဒုတိယရဲတပ်ဖွဲ့(လားရှိုး)မှ ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဝင်းခိုင်၏ ညွှန်ကြားဆောင်ရွက်မှုဖြင့် ပွဲတော်၏ လုံခြုံရေးပိုင်းကို အထူးကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် လားရှိုး၏ ကိုယ်စားပြုအလှပြစိန်နားပန်မီးပုံးပျံ၊ ညမီးကျည်မီးပုံးပျံများကို အစဉ်လိုက်လွှတ်တင်သွားမည်ဖြစ်ပြီး မီးပုံးပျံများကို တစ်ညလျှင် ငါးလုံးနှုန်း လွှတ်တင်သွားမည် ဖြစ်သည်။




**ခမ်းခမ်းနားနားကျင်းပနိုင်စေဖို့ မျှော်လင့်**

တတိယအကြိမ် တန်ဆောင်တိုင် မီးပုံးပျံပွဲတော်သို့ လာရောက်ကြည့်ရှုသော လားရှိုးမြို့မှ မကေသီက "ကျွန်မတို့ လားရှိုးမြို့မှာ ကျင်းပလာတာ ဒါနဲ့ဆိုရင် သုံးကြိမ်ရှိနေပါပြီ။ ဒီမြို့မှာမွေးပြီး ဒီမှာပဲ ကြီးပြင်းလာခဲ့တော ကိုယ့်မြို့ကိုယ့်ရွာမှာ ဒီလို မီးပုံးပျံပွဲတော်ကို ကျင်းပပေးတာ အလွန်ဝမ်းသာ ပီတိဖြစ်ရပါတယ်။ နှစ်တိုင်းနှစ်တိုင်းလည်း ပွဲတော်ကြီးကို ဒီထက်မက ခမ်းခမ်းနားနားကျင်းပနိုင်စေဖို့ မျှော်လင့်မိပါတယ်" ဟု ပြောသည်။

ထို့အတူ ဒေသခံတစ်ဦးကလည်း "မီးပုံးပျံပွဲတော်ကို ကျင်းပလာခဲ့ပြီဆိုရင် နောင်အချိန်တွေမှာ ပွဲတော်ကြီးက ကြီးမားလာတာနဲ့အမျှ ပရိသတ်တွေလည်း ပိုမိုများပြားလာမှာဖြစ်ပါတယ်။ တောင်ကြီးမြို့မှာလိုပဲ မီးပုံးပျံကွင်းကို အတည်တကျသတ်မှတ်ပြီး လုပ်မယ်ဆိုရင် မီးဘေးအန္တရာယ်နဲ့အတူ ယာဉ်ကြောပိတ်ဆို့မှုတွေကိုလည်း ရှောင်ရှားနိုင်မှာ ဖြစ်ပါတယ်။ လားရှိုးမှာ ဒုတိယအကြိမ် ကျင်းပတုန်းက လမ်းကြောတွေ ပိတ်ကုန်လို့ ပွဲခင်းထဲအထိမရောက်ခဲ့ရတဲ့ ပရိသတ်တွေအများကြီး ရှိခဲ့တာကြောင့် တိုင်းရင်းသားယဉ်ကျေးမှုကွင်းကို အတည်တကျလေးဖြစ်အောင် သက်ဆိုင်ရာဌာနတွေနဲ့ တာဝန်ရှိသူတွေက ဖော်ဆောင်ပေးမယ်ဆိုရင် အများပြည်သူအားလုံး ဝမ်းသာဂုဏ်ယူကြရမှာဖြစ်တယ်" ဟု ပြောသည်။

**ဟန်ဌေး(လားရှိုး)**

# ဒုတိယဝန်ကြီး ဦးကျော်လင်း စစ်တွေ - ပုဏ္ဏားကျွန်း - ရသေ့တောင် - ဘူးသီးတောင် - မောင်တောလမ်းအား ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၂၀**

စစ်တွေမြို့သို့ရောက်ရှိနေသော ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းသည် ယနေ့တွင် ပုဏ္ဏားကျွန်း - ရသေ့တောင် အပိုင်း ၁၇ ကီလိုမီတာတွင်ရှိသော တောဖျားချောင်း တံတားနှင့် ၃၅ ကီလိုမီတာနှင့် ၃၆ ကီလိုမီတာကြားတွင်ရှိသော ရသေ့တောင် ချောင်းကူးတံတားတို့၏ တံတားကြံ့ခိုင်မှုအခြေအနေ၊ ရေစီးရေလာနှင့် တံတားရေလမ်းကြောင်း အခြေအနေများ၊ ၂၇ ကီလိုမီတာ နှင့် ၂၈ ကီလိုမီတာကြား ကျောက်ချောလမ်း ခင်းခြင်း လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများ၊ ရသေ့တောင်- ဘူးသီးတောင် အပိုင်း ၄ ကီလိုမီတာ နှင့် ၅ ကီလိုမီတာကြား ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ ၈ ကီလိုမီတာရှိ သောင်ဒရားကွန်ကရစ်တံတားပေါ် ကတ္တရာခင်းခြင်းလုပ်ငန်းများကို လည်းကောင်း၊ ထို့အပြင် လမ်းကြောင်းတစ်လျှောက် လမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက ကျောက်ချောလမ်းများ ခင်းရာတွင် လုပ်ငန်းကို အရည်အသွေးများ မီအောင် ဆောင်ရွက်သွားရန်နှင့် တံတားများကို ရေစီးရေလာနှင့် ကြံ့ခိုင်မှုအခြေအနေများအား ပုံမှန်စစ်ဆေးသွားကြရန် မှာကြားသည်။

**သတင်းစဉ်**



# ဂွမြို့နယ်ရှိ အသက် ၉၀ ကျော် ဘိုးဘွားများအား စောင်နှင့် အလှူငွေများလှူဒါန်း



**ဂွ နိုဝင်ဘာ ၂၀**

ဂွမြို့နယ်ရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၅ အုပ်စုမှ အသက် ၉၀ ကျော် ဘိုးဘွား ၁၀၄ ဦးအတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ တစ်ဦးလျှင်ငွေကျပ် ၁၀၀၀၀ နှင့် စောင်တစ်ထည်တို့ကို ပေးအပ်လှူဒါန်းရာ ရခိုင်ပြည်နယ် ဝန်ကြီးချုပ်၏ဇနီး ဒေါ်ဝင်းကြည်နှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး၏ဇနီး ဒေါ်ဖြူဖြူစိန်တို့က ရပ်ဝေးမှ ဘိုးဘွားများအတွက် ရပ်ကျေးအုပ်ချုပ်ရေးမှူးများကို ပေးအပ်လှူဒါန်းပြီး ဂွမြို့ပေါ်ရပ်ကွက်ရှိ ဘိုးဘွားများကို အိမ်တိုင်ရာရောက် သွားရောက်လှူဒါန်းခဲ့သည်။

ယင်းနောက် ရခိုင်ပြည်နယ် ဝန်ကြီးချုပ်၏ ဇနီးနှင့်အဖွဲ့သည် မိခင်နှင့်ကလေး ကျန်းမာရေးဌာနသို့ သွားရောက်ပြီး မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါ်ဥမ္မာမြိုင်နှင့် အသင်းဝင်များကို တွေ့ဆုံပြီး အဆိုပါဌာနအတွက် လစဉ်အသုံးစရိတ် ငွေကျပ်ငါးသောင်းကို ရခိုင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ကိုယ်စား ပေးအပ်လှူဒါန်းခဲ့သည်။

**ဇင်ဦး(မြန်မာ့အလင်း)၊ ဓာတ်ပုံ -ခရိုင် (ပြန်/ဆက်)**

# မော်လမြိုင်-ဘားအံ-မော်လမြိုင် ခရီးစဉ်အတွက် ထီးလှိုင်ရှင်ရေယာဉ် စတင်ပြေးဆွဲ

**ရန်ကုန် နိုဝင်ဘာ ၂၀**

ပြည်တွင်းရေကြောင်း ခရီးသွားကဏ္ဍကို မြှင့်တင်သည့်အနေဖြင့် မော်လမြိုင်-ဘားအံ-မော်လမြိုင် ခရီးစဉ်ကို ထီးလှိုင်ရှင်ရေယာဉ်ဖြင့် စတင်ပြေးဆွဲလျက်ရှိကြောင်း တင့်တင့်မြန်မာကုမ္ပဏီထံမှ သိရသည်။

အဆိုပါခရီးစဉ် စတင်ပြေးဆွဲခြင်း ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၇ ရက်က မွန်ပြည်နယ် မော်လမြိုင်မြို့ကမ်းနားလမ်းရှိ အမှတ်(၄) ရွှေမြိုင်တံတားတွင် ကျင်းပရာ မွန်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ အေးဇံနှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးဇော်ဝင်း၊ တင့်တင့်မြန်မာကုမ္ပဏီမှ ဒေါ်တင့်တင့်လွင်နှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ တက်ရောက်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ထီးလှိုင်ရှင်ရေယာဉ်မှာ နှစ်ထပ်သင်္ဘောဖြစ်ပြီး ခရီးသည် ၃၀၀-၄၀၀ အကြား တင်ဆောင်နိုင်ကြောင်း သိရသည်။ မော်လမြိုင်မှ နေ့စဉ် နံနက် ၆ နာရီတွင် ခရီးသည်တင်ခြင်းစတင်မည်ဖြစ်ပြီး မွန်းတည့် ၁၂ နာရီ တွင် ဘားအံသို့ရောက်ရှိမည် ဖြစ်သည်။ ဘားအံမှ မွန်းလွဲ ၁၂ နာရီခွဲတွင် ပြန်လည်ထွက်ခွာကာ မော်လမြိုင်မြို့သို့ ညနေ ၆ နာရီတွင် ပြန်လည်ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။ လက်မှတ်ခမှာ နိုင်ငံသားတစ်ဦးလျှင် ငွေကျပ် ၇၀၀၀ ကျသင့်မည်ဖြစ်ပြီး နိုင်ငံခြားသားတစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၇ ဒေါ်လာ ကျသင့်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ထပ်တိုးခရီးစဉ်အဖြစ် ညနေခင်း နေဝင်အလှကြည့်ရှုရန် သောကြာ၊ စနေ၊ တနင်္ဂနွေနေ့များတွင် ညနေ ၄ နာရီခွဲမှ ၆ နာရီအထိ သီးသန့်ခရီးစဉ်ကို စီစဉ်ထားကြောင်း သိရသည်။ အဆိုပါခရီးစဉ်အတွက် သင်္ဘောခမှာ နိုင်ငံသား တစ်ဦးလျှင် ငွေကျပ် ၃၀၀၀ ဖြစ်ပြီး နိုင်ငံခြားသားတစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၃ ဒေါ်လာ ကျသင့်မည်ဖြစ်ကြောင်း သိရသည်။ ညစာအတွက် သီးသန့်ခရီးစဉ်များကို ထပ်မံစီစဉ်ထားကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**




# ရန်ကုန် - ပြည် ကားလမ်း အဆင့်မြှင့်ထပ်ပိုးလွှာခင်းလျက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၂၀**

ရန်ကုန်-ပြည်ကားလမ်းပိုင်းကို အပိုင်းလိုက်ခင်းရာ၌ ထောက်ကြံ့ ၂၃ မိုင် ၃ဖာလုံ မှ တိုက်ကြီးအထွက်မိုင် ၅၀ အထိ နိုင်လွန်ကတ္တရာထပ်ပိုးခင်းလျက်ရှိကြောင်း သိရသည်။

"လေးလမ်းသွား ၄၈ ပေအကျယ်နဲ့ ထပ်ပိုးကတ္တရာခင်းနေတာပါ။ အမြင့်ကိုတော့ မူလလမ်းဟောင်းအောက်ခံနဲ့အညီ ခင်းပြီးတော့ အနည်းဆုံးနေရာမှာ သုံးလက်မအမြင့်ရှိတယ်။ထပ်ပိုးခင်းတဲ့အခါမှာ မြို့ဝင်၊ မြို့ထွက်တွေမှာအခက်ခဲဆုံးပါပဲ။ ၂၄ ပေအကျယ်ကို တစ်နေ့ မိုင်ဝက် ခင်းခဲ့တာ။ မြို့ထဲရောက်လာရင် တစ်နေ့ ပေ ၁၄၀၀ နီးပါးပဲ ခင်းလို့ရတော့တယ်။ သွားလာလို့အဆင်ပြေအောင် မြို့ထွက်လမ်းကို အမြန်ခင်းနေပါတယ်" ဟု စီမံကိန်းအင်ဂျင်နီယာ ဦးအောင်သိန်းထွန်းက ပြောသည်။

ရန်ကုန်-ပြည်လမ်းမကြီးကို ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၁၀ ရက်မှစတင်၍ အဆင့်မြှင့်ထပ်ပိုခင်းခြင်းလုပ်ငန်းများ စတင်ခဲ့ကြောင်း၊ မိုးရာသီအစ မေလတွင် လုပ်ငန်းခေတ္တရပ်နားခဲ့ကာ အောက်တိုဘာလဆန်းပိုင်း၌ ၄၄ မိုင် ၆ ဖာလုံမှ လုပ်ငန်းပြန်လည်စတင်ခဲ့ပြီး နိုဝင်ဘာလကုန်တွင် တိုက်ကြီးမြို့အထွက် မိုင် ၅၀ အထိ လေးလမ်းသွားအဖြစ် ထပ်ပိုးကတ္တရာလမ်းခင်းကျင်းမှုပြီးစီး၍ သာယာဝတီမြို့မှ ၁၅ မိုင်အထိ နှစ်လမ်းသွားအဖြစ် ထပ်ပိုးဆက်လက်ခင်းသွားမည်ဖြစ်သည်။

ရန်ကုန်-ပြည်လမ်းကို BOT ရရှိထားသောကုမ္ပဏီက ထပ်ပိုး ခင်းခြင်းဖြစ်ပြီး ရန်ကုန်-တိုက်ကြီး-သာယာဝတီလမ်းကို အပိုင်းလိုက် ဆက်ခင်းမှုနှင့် အတူ တိုက်ကြီး-ဖော့ကန် (သုံးဆယ်) မိုင် ၂၀ အထိ ၄၈ ပေ အကျယ်ကွန်ကရစ်လမ်းခင်း၍ အဆင့်မြှင့်ကတ္တရာထပ်ပိုးခင်းသွားမည်ဖြစ်ကြောင်းနှင့် ပြည် - သာယာဝတီလမ်းပိုင်း နှစ်လမ်းသွားထပ်ပိုးကတ္တရာခင်းခြင်းကိုလည်း တစ်ပြိုင်တည်း လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**သန်းထိုက်**

# ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုကျေးရွာ သိမ်ကျောင်းတိုက်အတွင်းရှိ ရှေးဟောင်းစေတီများတွင် ဆီမီး၊ ပန်း၊ သစ်သီး၊ ရေတော် ဆွမ်းတော်ကပ်လှူပူဇော်မည်

**နေပြည်တော် နိုဝင်ဘာ ၂၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုကျေးရွာရှိ သိမ်ကျောင်းတိုက်အတွင်း ရှေးမူမပျက်တည်ထားခဲ့သော ဘုရားစေတီ၊ ဂူဘုရားများကို တန်ဆောင်မုန်းလပြည့်နေ့တွင် ဆွမ်းတော် ၁၀၀၀၊ ပန်း ၁၀၀၀၊ ရေတော် ၁၀၀၀၊ သစ်သီး ၁၀၀၀၊ ဆီမီး ၁၀၀၀ တို့ကို နေပြည်တော်မိသားစု ပရဟိတအဖွဲ့နှင့် ညောင်ပင်ကြီးစုကျေးရွာနေ ဒေသခံများနှင့်စုပေါင်း၍ ပူဇော်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဆွမ်းတော်၊ ပန်း၊ ရေတော်၊ သစ်သီး၊ ဆီမီးတို့အား ဘုရားအမှူးရှိသောသံဃာတော်အရှင်သူမြတ်တို့အား နိုဝင်ဘာ ၂၂ ရက် နံနက် ၉ နာရီခွဲတွင် ဆက်ကပ်လှူဒါန်းမည်ဖြစ်ကာ ယင်းနေ့ ညနေ ၅ နာရီခွဲတွင် သိမ်ကျောင်းတိုက်အတွင်းရှိ ရှေးဟောင်းစေတီတော် ၅၄ ဆူနှင့် ရုပ်ပွားတော် ၃၄ ဆူ၌ ဆီမီးများထွန်းညှိပူဇော်ခြင်းနှင့် ကြွရောက်လာသူများအား မယ်ဇလီဖူးသုပ်များဖြင့် ကျွေးမွေးဧည့်ခံသွားမည်ဖြစ်ကြောင်း၊ ယခု ဆီမီး၊ ပန်း၊ ရေတော်၊ သစ်သီး၊ ဆွမ်းတော်ကပ်မည့် ညောင်ပင်ကြီးစု ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ ရှေးဟောင်းစေတီတော်များအား မြန်မာသက္ကရာဇ် ၁၂၂၀ ပြည့်နှစ်က တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်ပြီး နှစ်ကာလကြာမြင့်ကာ ရာသီဥတုဒဏ်ကြောင့် ပျက်စီးနေသော စေတီပုထိုး ၅၄ ဆူကို ရှေးမူမပျက်ပြန်လည်မွမ်းမံပြင်ဆင်ထားရှိကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# ပြင်ဦးလွင်မြို့တွင် တတိယအကြိမ်မြောက် အဝေးထိန်းလေယာဉ်ငယ် ပျံသန်းမှုပြပွဲနှင့်ပြိုင်ပွဲ ပြုလုပ်

**ပြင်ဦးလွင် နိုဝင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့တွင် တတိယအကြိမ်မြောက် အဝေးထိန်းလေယာဉ်ငယ် RCMA(Radio Control Model Aircraft) ပျံသန်းမှုပြပွဲနှင့် ပြိုင်ပွဲကို နိုဝင်ဘာ ၂၀ ရက်မှ ၂၂ ရက်အထိ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

အဝေးထိန်းလေယာဉ်ငယ် RCMA(Radio Control Model Aircraft) ပျံသန်းမှုပြပွဲနှင့် ပြိုင်ပွဲကို ပြင်ဦးလွင်မြို့ ဘုရားကြီးမီးပုံးပျံလွှတ်ကွင်းတန်ဆောင်တိုင်ပွဲတော်၌ ပြုလုပ်ပြီး လေကြောင်းပညာရပ်နှင့်ပတ်သက်၍ ဆန်းသစ်တီထွင်မှုစွမ်းရည်နှင့် တည်ဆောက်မှုများကို ပိုမိုလေ့လာစမ်းသပ်ခြင်းအားဖြင့် တက်ကြွသောလူ့စွမ်းအားအရင်းအမြစ်များကို ဖော်ထုတ်မြှင့်တင်နိုင်စေရန် ရည်ရွယ်ချက်ဖြင့် ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါပွဲတွင် စုပေါင်းသရုပ်ပြပျံသန်းခြင်း၊ ဝါသနာရှင်တည်ဆောက်ဆန်းသစ်တီထွင်မှုပြပွဲနှင့်ပြိုင်ပွဲ၊ လူသစ်တန်း စိတ်ကြိုက်သရုပ်ပြပြိုင်ပွဲနှင့် အတားအဆီးဖြတ်ကျော်ပြိုင်ပွဲ၊ လေယာဉ် စီးချင်းတိုက်ပွဲပြိုင်ပွဲများ ထည့်သွင်းထားကြောင်း သိရသည်။

ယခုကဲ့သို့ ပြိုင်ပွဲများ ပြုလုပ်ပေးခြင်းဖြင့် အနယ်နယ်အရပ်အရပ်မှ စိတ်ပါဝင်စားသူဝါသနာရှင်များစုစည်း၍ မိမိတို့ လေ့လာထားခဲ့ကြသော နည်းပညာအတွေ့အကြုံများကို အပြန်အလှန် နှီးနှောဖလှယ်ကြခြင်းဖြင့် တစ်ဦးနှင့်တစ်ဦး ချစ်ခင်ရင်းနှီးမှု ပိုမိုခိုင်မြဲလာနိုင်ခြင်း၊ နည်းပညာများ တစ်နေ့ထက်တစ်နေ့ တိုးတက်လာသည်နှင့်အမျှ ခေတ်နှင့်လျော်ညီသော လူသားအကျိုးပြုလုပ်ငန်းများတွင်လည်း ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ပါဝင်ကူညီလာနိုင်ခြင်းများအပြင် လူ့စွမ်းအား အရင်းအမြစ်များကိုပါ ဖော်ထုတ်မြှင့်တင်ပေးလာနိုင်မည်ဟု ပွဲစီစဉ်သူ ကိုအောင်ကျော်သူ(ဝေဟင်)က ပြောသည်။

ပြိုင်ပွဲများအတွက် ယခင်နှစ်များက ဆုကြေးများချီးမြှင့်ပေးခဲ့သော်လည်း ယခုပြုလုပ်မည့် ပြိုင်ပွဲများအတွက် ဆုကြေးများကို ပေးအပ်သွားမည်မဟုတ်ဘဲ ဆုကြေးအဖြစ် ဆုရရှိသူများအား အဝေးထိန်းလေယာဉ်ပျံငယ်များ ပေးအပ်ချီးမြှင့်ပေးသွားမည်ဖြစ်သလို ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်သူများကို ပွဲဖြစ်မြောက်အဖွဲ့က ဝတ်စုံ၊ လမ်းစရိတ်များကို ထပ်ဆောင်းပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပြိုင်ပွဲပြုလုပ်သည်မှာ တတိယအကြိမ်မြောက်ရှိပြီဖြစ်ကာ ဒုတိယအကြိမ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်သူ ၄၀ ကျော်အထိရှိကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**

# ဆီးချိုသွေးချိုက လူတိုင်းဖြစ်နိုင်တယ်။ ပေးချင်တဲ့ message က အသက် ၄၅ နှစ် ကျော်တဲ့လူတိုင်း ဆီးချိုသွေးချိုစစ်သင့်တယ်

ပါမောက္ခ ဒေါက်တာ ကိုကို

## ၂၀၁၈ ခုနှစ် "ကမ္ဘာ့ဆီးချို သွေးချိုကာကွယ်ထိန်းသိမ်းရေးနေ့" ခေါင်းစဉ်ဖြင့် ကျန်းမာရေးစကားဝိုင်းကျင်းပ

၂၀၁၈ ခုနှစ် ကမ္ဘာ့ဆီးချို သွေးချိုကာကွယ်ထိန်းသိမ်းရေးနေ့ခေါင်းစဉ်ဖြင့် ကျန်းမာရေးစကားဝိုင်းဆွေးနွေးပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့ရာ အဆိုပါစကားဝိုင်းဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ ဆီးချို၊ သွေးချိုရောဂါအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာတင့်ဆွေလတ်၊ ဆေးတက္ကသိုလ် (၂)ရန်ကုန် ဆီးချိုသွေးချိုနှင့် ဟော်မုန်းရောဂါအထူးကုဌာန ပါမောက္ခ/ဌာနမှူး ဒေါက်တာကိုကို၊ ဆေးတက္ကသိုလ် (၁)ရန်ကုန် ဆီးချိုသွေးချိုနှင့် ဟော်မုန်းရောဂါအထူးကုဌာန ပါမောက္ခဒေါက်တာမိုးဝင့်အောင်နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ မကူးစက်နိုင်သောရောဂါများ ကာကွယ်ထိန်းသိမ်းရေးဌာနခွဲ ညွှန်ကြားရေးမှူး ဒေါက်တာကျော်ကံကောင်းတို့က ပါဝင်ဆွေးနွေးခဲ့ကြသည်။

*ယမန်နေ့မှအဆက်*

**အစီအစဉ်မှူး။ ။** အခုဆိုရင် ကြောက်စရာကောင်းတဲ့ ဆီးချို သွေးချိုရောဂါနဲ့ပတ်သက်လို့ ကြိုတင်ကာကွယ်မှုလည်း သိသွားပြီ။ ကြိုတင်ကာကွယ်မှုအတွက် ရောဂါဖြစ်နေသူ ကိုယ်တိုင်မဟုတ်ဘဲ ဌာနဆိုင်ရာအသီးသီးကလည်း မစ်ရှင်တစ်ခုအနေနဲ့ ပြင်ဆင်ပေးနေတော့လည်း အားတက်စရာ ကောင်းပါတယ်။ မြန်မာနိုင်ငံမှာ ဆီးချိုသွေးချိုရောဂါဖြစ်တဲ့နှုန်းနဲ့ ပတ်သက်ပြီးတော့ ပြောကြားသွားတဲ့နေရာမှာ ကိုယ်ဝန်ဆောင် မိခင်အနေနဲ့ ဆီးချိုသွေးချိုရောဂါ ဖြစ်လေ့ရှိတယ်ဆိုတဲ့အတွက် ကိုယ်ဝန်ဆောင်စဉ်ကာလမှာ ဆီးချို သွေးချိုရောဂါနဲ့ ပတ်သက်ပြီး အသေးစိတ်ရှင်းပြပေးပါဦး။

**ပါမောက္ခဒေါက်တာမိုးဝင့်အောင်။ ။** ကိုယ်ဝန်ဆောင်စဉ် ဆီးချိုသွေးချိုရောဂါ ဘာကြောင့် ဖြစ်ပွားရသလဲ။ တကယ်တော့ ကိုယ်ဝန်ဆောင်တဲ့အချိန်မှာ မိခင်ရဲ့ အချင်းကနေထွက်လာတဲ့ ဟော်မုန်းအချို့ကနေ အင်ဆူလင်ဆိုတဲ့ သွေးတွင်းသကြားဓာတ် ထိန်းသိမ်းပေးတဲ့ အင်ဆူလင်ဟော်မုန်းဓာတ်ကို ဆန့်ကျင်မှုတွေ ပြုလုပ်ထားတယ်။ သွေးတွင်းသကြားဓာတ်ထိန်းသိမ်းမှုတွေမှာ မမှန်ကန်ဘဲနဲ့ ကိုယ်ခန္ဓာထဲမှာ သွေးချိုဓာတ်တွေများလာတယ်။ ကိုယ်ဝန်ဆောင်ဆီးချိုသွေးချိုရောဂါ ဘယ်လိုလူတွေမှာဖြစ်ပွားတတ်သလဲ။ ဖြစ်ပွားနိုင်ခြေများသူတွေမှာ ပိုပြီးဖြစ်တတ်တယ်။ ဒါပေမယ့် ကိုယ်ဝန်ဆောင်တိုင်းကတော့ ကိုယ်ဝန်ဆောင်ကာလအတွင်းမှာ ၂၄ ပတ်က ၂၈ ပတ်အတွင်း မိမိကိုယ်မှာ ဆီးချိုသွေးချို ဘယ်လောက်ရှိနိုင်သလဲ ဆိုတာကို မှန်ကန်တဲ့ စစ်ဆေးမှုတွေ ပြုလုပ်ရမယ်။

### ဆီးချိုသွေးချိုရောဂါဖြစ်နိုင်ခြေရှိသူများ

ဖြစ်နိုင်ခြေများတဲ့သူတွေက ဘယ်လို လူတွေလဲဆိုတော့ မိခင်မျိုးရိုးပေါ့။ မိဘနဲ့ မောင်နှမတွေမှာ ဆီးချိုသွေးချိုရောဂါရှိဖူးသူတွေ၊ မိမိကိုယ်တိုင် အဝလွန်သူတွေ၊ BMI ၃၀ အထက်မှာ ရှိသူတွေ၊ အမျိုးသမီးဆိုရင် ပေါင် ၁၅၀ ကျော် ရှိသူတွေ၊ ယခင် ကိုယ်ဝန်ဆောင်ခဲ့တုန်းက ကိုယ်ဝန်ဆောင် ဆီးချိုသွေးချိုရောဂါ ဖြစ်ခဲ့ဖူးသူတွေ၊ အဝလွန်ကိုးပေါင်အထက် ကလေးမွေးဖွားခဲ့သူတွေ၊ ကိုယ်ဝန်ပျက်ကျဖူးသူတွေ၊ ကလေးအဖတ်မတင်သူတွေ၊ ဒါတွေဖြစ်ခဲ့ဖူးသူတွေဆိုရင် ကိုယ်ဝန်ဆောင် ဆီးချိုသွေးချိုရောဂါ ဖြစ်နိုင်ခြေရှိသူများလို့ သတ်မှတ်ပါတယ်။ အဲဒီလိုဖြစ်နိုင်ခြေရှိသူတွေဟာ ဆောလျင်စွာ ကိုယ်ဝန်စရှိကတည်းက ဆီးချိုသွေးချိုရောဂါ ရှိ၊ မရှိကို စစ်ဆေးသင့်တယ်။ အဲဒီလို စစ်ဆေးရင် မှန်ကန်တဲ့စစ်ဆေးမှုတွေကို ပြုလုပ်ရမယ်။ ပြုလုပ်တဲ့အခါမှာ ဘယ်လိုမျိုး စစ်ဆေးလို့ရသလဲ။ အချိုဓာတ်ကို စစ်ဆေးတဲ့အခါမှာ OGTT လို့ ခေါ်ပါတယ်။ ၇၅ ဂရမ် ဂလူးကို့စ်ပမာဏကို ရေ ၂၀၀ စီစီဖျော်ပြီး စစ်ဆေးတာရှိတယ်။ အခြားတစ်နည်းကတော့ ည ၁၀ နာရီနောက်ပိုင်း အစာမစားဘဲ ဆေးရုံကို မနက် ၈ နာရီလာပြီး ပထမဆုံးအကြိမ် သကြားဓာတ်စစ်ဆေးသင့်ပါတယ်။ ပြီးရင် ၇၅ ဂရမ် ပမာဏသကြားဓာတ်ကို ဖျော်ထားတဲ့ ဖျော်ရည်ကို ပေးသောက်ပြီး တစ်နာရီနဲ့ နှစ်နာရီကြားကာလမှာ ကိုယ်တွင်းသကြားဓာတ်ကို ပြန်လည်စစ်ဆေးသင့်တယ်။ ဓာတ်ခွဲစစ်ဆေးခြင်းသာ အမှန်ကန်ဆုံးဖြစ်ပါတယ်။ ကိုယ်ဝန်ဆောင် ဆီးချိုသွေးချိုရောဂါ သိရှိနိုင်မှာ ဖြစ်ပါတယ်။



**"ကိုယ်ဝန်ဆောင် ဆီးချိုသွေးချိုဖြစ်ရင် ကုသနည်း သုံးနည်းရှိပါတယ်။ အစားအသောက်နေထိုင်မှုပုံစံပြောင်းလဲကုသမယ်ဆိုရင် တချို့ကိုယ်ဝန်ဆောင်မိခင်တွေ ဘာဆေးမှမလိုဘဲ ကိုယ်ဝန်သက်တမ်းပြည့်တဲ့အထိနေပြီးတော့ ကျန်းမာသန်စွမ်းတဲ့ကလေးတွေ မွေးဖွားနိုင်ပါတယ်။ လိုအပ်တဲ့အခါမှာ အင်ဆူလင်ထိုးပြီး ထိန်းသိမ်းပေးရတယ်"**

သိရှိရင် ဘယ်လိုဆိုးကျိုးတွေ ဖြစ်နိုင်မလဲဆိုရင် ကိုယ်ဝန်ဆောင် ဆီးချိုရောဂါဟာ မိခင်သာမက ကလေးအတွက်လည်း ဆိုးကျိုးများဖြစ်နိုင်ပါတယ်။ မိခင်မှာ ဘယ်လိုဖြစ်မလဲဆိုရင် ကိုယ်ဝန်ပျက်ကျတယ်။ အဝလွန်ကလေးဖြစ်တတ်တယ်။ မွေးဖွားရာ ခက်ခဲတယ်။ ခွဲမွေးရတာမျိုးဖြစ်တတ်တယ်။ နေ့မစေ့ဘဲ ကလေးမွေးတာမျိုးတွေ ကိုယ်ဝန်ဆောင် အဆိပ်တက်ခြင်းဖြစ်တတ်ပါတယ်။ ကလေးတွေမှာ ဘယ်လို ဆိုးကျိုးဖြစ်တတ်သလဲဆိုတော့ အဝလွန်ကလေးဖြစ်လာတယ်။ တချို့ဆိုရင် ကိုယ်ခန္ဓာဖွံ့ဖြိုးမှုတွေ မမှန်ကန်ဘူး။ ဒါမျိုးတွေဖြစ်တတ်တယ်။ အကယ်၍ မွေးဖွားပြီးတဲ့အချိန်မှ သွေးတွင်းသကြားဓာတ်က ဆီးချိုဓာတ်ကျသွားပြီး အသက်အန္တရာယ်ရှိနိုင်တာမျိုးရှိတတ်တယ်။ အကယ်၍ မွေးပြီး ကောင်းတယ်ဆိုပေမယ့်လည်း ကလေးတွေ နောက်မှ ဆီးချိုသွေးချိုရောဂါဖြစ်နိုင်ခြေ များလာတတ်တယ်။

### ဆီးချိုသွေးချိုဖြစ်ရင် ကုသနည်း သုံးနည်း

ထိန်းသိမ်းနိုင်တဲ့၊ ကာကွယ်နိုင်တဲ့ အချက်တွေရှိပါတယ်။ ကိုယ်ဝန်ဆောင် ဆီးချိုသွေးချိုဖြစ်ရင် ကုသနည်း သုံးနည်းရှိပါတယ်။ အစားအသောက်နေထိုင်မှုပုံစံ ပြောင်းလဲကုသမယ်ဆိုရင် တချို့ကိုယ်ဝန်ဆောင်မိခင်တွေ ဘာဆေးမှမလိုဘဲ ကိုယ်ဝန်သက်တမ်းပြည့်တဲ့အထိ နေပြီးတော့ ကျန်းမာသန်စွမ်းတဲ့ကလေးတွေ မွေးဖွားနိုင်ပါတယ်။ လိုအပ်တဲ့အခါမှာ အင်ဆူလင်ထိုးပြီး ထိန်းသိမ်းပေးရတယ်။ ကိုယ်ဝန်ဆောင်ကာလအတွင်း ကျန်းမာသန်စွမ်း စောင့်ရှောက်နေထိုင်နိုင်စွမ်း ဖြစ်ပါတယ်။ အရေးကြီးဆုံးအချက်က မွေးဖွားပြီးတဲ့အခါ ကိုယ်ဝန်ဆောင်ဆီးချို သွေးချိုရောဂါပျောက်သွားပါတယ်။ ဒါပေမယ့် ကိုယ်ဝန်ဆောင် ဆီးချိုသွေးချိုရောဂါရှိတဲ့ မိခင်တွေက ၅၀ ရာခိုင်နှုန်းသောသူများက တစ်ချိန်မှာ ဘဝသက်တမ်းတစ်လျှောက်မှာ အမှတ်(၂)အမျိုးအစားဆီးချိုရောဂါ ဖြစ်တတ်ပါတယ်။ ဒါ့အတွက်ကြောင့်လည်း ပညာပေးပြီး ထိန်းသိမ်းပေးဖို့ လိုပါတယ်။

**ပါမောက္ခဒေါက်တာတင့်ဆွေလတ်။ ။** ဆီးချို သွေးချို ရောဂါ ကိုယ်ဝန်ဆောင်စဉ် Gestational Diabetes ဖြစ်ခဲ့ဖူးတဲ့ အမျိုးသမီးတွေအနေနဲ့ ပြန်ဖြစ်တတ်ပါတယ်။ နောက်ပြန်မဖြစ်ဖို့ ကျန်းမာရေးနဲ့ညီညွတ်စွာ စားသောက်နေထိုင်ပြီး ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းလုပ်ဖို့ ဆီးချိုသွေးချိုရောဂါ စောစီးစွာသိပြီး ကာကွယ်ဖို့လိုအပ်ပါတယ်။ကိုယ်ဝန်ဆောင်မိခင်ကမွေးလိုက်တဲ့ ကလေးတွေကလည်း ကြီးလာရင်လည်း အဝလွန်ကဲကလေးဖြစ်ဖို့ ပိုများတယ်။ အဲဒီကလေးတွေ ကြီးလာရင်လည်း အမျိုးအစား(၂) ဆီးချိုသွေးချိုရောဂါ ဖြစ်ဖို့များတယ်။ အဲဒါကြောင့် အမေမှာ ဆီးချိုသွေးချိုရောဂါဖြစ်ခဲ့ဖူးရင် ကလေးတွေကို ငယ်စဉ်ကတည်းက ကျန်းမာရေးညီညွတ်အောင်၊ အချိုရည်မသောက်သုံးဘဲ အဝလွန်ကဲမှုမဖြစ်အောင်၊ ကျန်းမာရေးနဲ့ညီညွတ်စွာ စားသောက်နေထိုင်ကြအောင်၊ ကျန်းမာရေးလေ့ကျင့်ခန်းတွေ ငယ်ငယ်ကတည်းက စပြီး လုပ်ပေးဖို့ နောင်တစ်ချိန်အသက်ကြီးလာရင် ဆီးချိုသွေးချိုမဖြစ်အောင် ကာကွယ်ထားဖို့လိုပါတယ်။ အမေရော ကလေးရောသည် နောင်တစ်ချိန် ဆီးချိုသွေးချိုရောဂါဖြစ်နိုင်တဲ့အတွက် သူတို့ကို အထူးအာရုံစိုက်ပြီးကာကွယ်ဖို့ အရေးကြီးပါတယ်။

**အစီအစဉ်မှူး။ ။ ဒီနေ့မှာ နိုင်ငံတကာ ဆီးချိုသွေးချိုရောဂါကာကွယ် ထိန်းသိမ်းရေးနေ့ဆိုပြီးတော့ ပတ်ဝန်းကျင်တွေမှာဆိုလည်း ဆီးချိုရောဂါဖြစ်ပြီးတော့ နောက်ဆက်တွဲ ဝေဒနာခံစားရသူတွေ ဆရာကြီးတို့ ဆွေးနွေးသလိုပဲ မိသားစုမှာ ဝန်ထုပ်ဝန်ပိုးတွေ ပိနေရပါတယ်။ ဒါတွေက ဘာကြောင့်ဖြစ်လာသလဲ၊ ဘယ်လိုထိ ကာကွယ်လို့ရသလဲ။ ကုသလို့ရသလဲ၊ အသေးစိတ် သိရှိရတဲ့အတွက် ပြည်သူတွေအတွက် အများကြီး အကျိုးရှိမယ့်အပြင် ဌာနဆိုင်ရာတွေအနေနဲ့ ကာကွယ်ထိန်းသိမ်းရေးအတွက် အားစိုက်ပြီးတော့ ပြင်ဆင်ပေးနေတာသိရတဲ့အတွက် ဝမ်းမြောက်မယ်လို့ ယုံကြည်ပါတယ်။ ဒီနေ့စကားဝိုင်းမှာ ပြည်သူတွေအတွက် ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေး၊ ကုသရေးနဲ့ပတ်သက်ပြီး မှတ်သားစရာ အချက်အလက်တွေကို စကားလက်ဆောင်အဖြစ် မျှဝေပေးပါ။**

**ပါမောက္ခဒေါက်တာတင့်ဆွေလတ်။ ။**စကားဝိုင်း ဆွေး နွေး ပွဲ အဆုံးမသတ်ခင်မှာ Take Home Message ပေါ့။ ပြောချင်တာကတော့ ဒီရောဂါသည် ငါ့မှာ မျိုးရိုးရှိတယ်။ မျိုးရိုးမရှိဘူး။ ဆင်းရဲတယ်။ ချမ်းသာတယ်။ ငါက ပိန်တယ်။ ဝတဲ့သူမှာဖြစ်တာ၊ ငါတော မှာနေတာ၊ မြို့မှာနေတာ မဟုတ်ဘူး။ အဲဒီလို အယူအဆတွေ မလွဲမှားကြဘဲ တောရောမြို့ပါ မကျန် ဆင်းရဲချမ်းသာမရွေး၊ ဘာသာမရွေး၊ လူမျိုးမရွေး ဝသည်၊ ပိန်သည်ဖြစ်စေ လူတိုင်းဖြစ်နိုင်တဲ့ ရောဂါဖြစ်နေတယ်။ ဆီးချိုသွေးချိုရောဂါကာကွယ်ရေးသည် လူတိုင်းအရေးကိစ္စ ဖြစ်ပါတယ်။ တစ်ယောက်ချင်းအနေနဲ့ ရှေ့က ဆွေးနွေးခဲ့သလို ကျန်းမာရေးနဲ့ညီညွတ်တဲ့ စားသောက်နေထိုင်မှုပုံစံ ကိုယ်လက် လှုပ်ရှားလေ့ကျင့်ခန်းတွေ ပုံမှန်လှုပ်ရှားပြီး အဝလွန်မသွားအောင် နေထိုင်သွားဖို့ လိုပါတယ်။ ဒါက Individual Prevention ပါ။ နောက်ပြီး တာဝန်ရှိသူတွေ အနေနဲ့လည်း ပြည်သူလူထုစားသုံးနေတဲ့ အစားအစာတွေ ကျန်းမာရေးနဲ့ ညီညွတ်တဲ့အစားအစာဖြစ်အောင်၊ ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်း ပိုပြီးလုံခြုံစိတ်ချစွာ လုပ်နိုင်အောင် အခွင့်အလမ်းတွေပေးဖို့ အရက်ဆေးလိပ် အချိုရည်သောက်သုံးခြင်း တတ်နိုင်သလောက် ထိန်းသိမ်းပေးဖို့၊ Population တစ်ခုလုံးရဲ့ Risk Factor တွေကို လျှော့ချနိုင်ဖို့ ကာကွယ် ထိန်းသိမ်းခြင်းသည် လူတစ်ဦးချင်းတစ်ယောက်ချင်းရဲ့ တာဝန်ဖြစ်သလို နိုင်ငံတော်က ဦးစားပေးလုပ်ရမယ့် တာဝန်ဖြစ်တယ်လို့ ပြောကြားလိုပါတယ်။

**ပါမောက္ခဒေါက်တာကိုကို။ ။** ဆီးချိုသွေးချိုက လူတိုင်းဖြစ်နိုင်တယ်။ ပေးချင်တဲ့ message က အသက် ၄၅ နှစ်ကျော်တဲ့လူတိုင်း ဆီးချိုသွေးချိုစစ်သင့်တယ်။ နီးစပ်ရာဆေးခန်းတွေမှာ သွားစစ်ပေးပါ။ ဆီးချိုသွေးချိုက မဖြစ်ခင်က ကာကွယ်လို့ရတယ်။ ကျန်းမာရေးနဲ့ညီညွတ်အောင် နေထိုင်စားသောက်မှု လူတိုင်းလူတိုင်းလုပ်ကြပါ။ အတိအကျပြောရင် ချိုလွန်း၊ ငန်လွန်း၊ အဆီများတဲ့ အစားအသောက်တွေ တတ်နိုင်သလောက် လျှော့ချပါ။ ရေဆာရင် ရေသောက်ပါ။ အချိုရည်မသောက်ပါနဲ့။ ကျန်းမာရေးညီညွတ်အောင် လေ့ကျင့်ခန်းလုပ်ပါ။ ကိုယ်လုပ်နေတဲ့ အလုပ်တွေကို လေ့ကျင့်ခန်း အနေနဲ့လုပ်ပါ။ တစ်ပတ်ကို ငါးရက် မိနစ် (၁၅၀)လုပ်ပါ။ တတ်နိုင်သလောက် ဝမလာအောင် ထိန်းသိမ်းပေးပါ။ ကျန်းမာရေးညီညွတ်တဲ့ သွက်လက်လှုပ်ရှားမှု စတိုင်နေပါ။ ဆေးလိပ်သောက်ခြင်းရှောင်ပါ။ စိတ်ဖိစီးမှုကာကွယ်လို့ရှိရင် ၅၈ ရာခိုင်နှုန်းကာကွယ်နိုင်ပါတယ်။ ဒါတွေကို လူတစ်ယောက်ချင်းက ဆောင်ရွက်ပေးမယ်ဆိုရင် ဒီဆီးချိုရောဂါကို ကာကွယ်နိုင်မှာ ဖြစ်ပါတယ်။

**ပါမောက္ခဒေါက်တာမိုးဝင့်အောင်။ ။**ဆီးချို သွေးချို ဝေဒနာရှင်တွေက မှန်ကန်တဲ့ဆေးဝါးတွေ မှန်ကန်တဲ့အချိုးအစားနဲ့ သောက်သုံးဖို့လိုပါတယ်။ မှန်ကန်တဲ့ကုသမှုကို ခံယူဖို့လိုတဲ့အတွက်ကြောင့်မို့လို့ မိမိသွေးတွင်းသကြားဓာတ်တွေကိုလည်း ပုံမှန်စစ်ဆေးနေပြီးတော့ မိမိဆီးချိုအဆင့်က ဘယ်လောက်ထိရှိလဲ။ ကိုယ့်ကျောက်ကပ်ပျက်စီးမှု ရှိ၊ မရှိ ။ မျက်စိ ဒါတွေကို စစ်ဆေးပြီးတဲ့အခါ ဆီးချိုသွေးချိုဝေဒနာရှင်တွေ ကျွမ်းကျင်သူများနဲ့ ကုသမှုခံယူသင့်ပါတယ်။

*စာမျက်နှာ ၁၁ သို့*

# YBS စနစ် ပိုမိုကောင်းမွန်ရန် နိုင်ငံတကာကျွမ်းကျင်ပညာရှင်များ၏ အကူအညီဖြင့် အလုပ်ရုံဆွေးနွေး

**ရန်ကုန် နိုဝင်ဘာ ၂၀**

ရန်ကုန်တိုင်းဒေသကြီး အများပြည်သူသယ်ယူပို့ဆောင်ရေး (YBS)စနစ် ပိုမိုကောင်းမွန်ရန် နိုင်ငံတကာကျွမ်းကျင်ပညာရှင်များ၏ အကူအညီဖြင့် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပဆောင်ရွက်နေကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ (YRTA) ရုံးချုပ်မှ မန်နေဂျင်းဒါရိုက်တာ ဦးအောင်ညီညီမော်က ပြောကြားသည်။



ထိုသို့ ဆောင်ရွက်မှုအနေဖြင့် YRTA နှင့် JICA တို့ ပူးပေါင်းကျင်းပသည့် YBS စီမံခန့်ခွဲမှုဆိုင်ရာ တတိယအကြိမ် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ YRTA ရုံးချုပ်၌ကျင်းပရာ YBS ယာဉ်လိုင်းကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် YRTA ရုံးချုပ်မှ မန်နေဂျင်းဒါရိုက်တာ ဦးအောင်ညီညီမော်က "JICA နဲ့ YRTA ပူးပေါင်းပြီး ခေါင်းစဉ်မတူညီတာတွေကို အဓိကထားတဲ့ အလုပ်ရုံဆွေးနွေးပွဲတွေကို ပြုလုပ်ပေးလျက်ရှိပါတယ်။ အတွေ့အကြုံရှိပြီးသားဖြစ်တဲ့ နိုင်ငံတကာက ကျွမ်းကျင်ပညာရှင်တွေရဲ့ အကူအညီနဲ့ YBS စနစ်ကို ပိုမိုကောင်းမွန်အောင် ယခုလို ဦးစီးကျင်းပနေတာဖြစ်ပါတယ်"ဟု ပြောသည်။

ဆက်လက်၍ ၎င်းက "နိုင်ငံတကာကျွမ်းကျင်ပညာရှင်တွေ ရောက်လာခြင်းက ကျွန်တော်တို့အတွက် အထောက်အကူဖြစ်ပါတယ်။ နိုင်ငံတကာမှာ တွေ့ကြုံခဲ့ပြီးသား ကိစ္စရပ်တွေကို အလုပ်ရုံဆွေးနွေးပွဲတစ်ခုမှာ လွယ်လင့်တကူ သင်ယူနိုင်မှာဖြစ်သလို သူတို့ရဲ့ အတွေ့အကြုံတွေက ကျွန်တော်တို့အတွက် ရှေ့ဆက်သွားရမယ့် လမ်းညွှန်မှုတွေလည်း ဖြစ်လာနိုင်ပါတယ်။ ဒီလိုအလုပ်ရုံဆွေးနွေးပွဲတွေကို ကျင်းပနေရုံအတွက်သာမက လိုက်နာကျင့်သုံးသွားဖို့နဲ့ ရေရှည်မှာ တိုးတက်အောင် ဆောင်ရွက်သွားဖို့ လိုပါတယ်"ဟု ပြောသည်။

ယနေ့အလုပ်ရုံဆွေးနွေးပွဲတွင် YBS စနစ်၏ ဝန်ဆောင်မှုဆိုင်ရာ အရည်အသွေးမြှင့်တင်မှု လုပ်ငန်းစဉ်များအတွက် ဂျပန်နိုင်ငံ SHINKI BUS Co.,Ltd. မှ ပညာရှင်နှစ်ဦးက ယာဉ်ပြုပြင်ထိန်းသိမ်းမှုအစီအစဉ်ကို မိတ်ဆက်ခြင်းနှင့် ယာဉ်မောင်းများကို လေကျင့်သင်ကြားပေးပုံတို့ကို မိတ်ဆက်စကားပြောကြား၍ ယာဉ်၊ ယာဉ်မောင်းတို့နှင့်ပတ်သက်သည့် အခက်အခဲများနှင့် ဖြေရှင်းရမည့်နည်းလမ်းများကို အဖွဲ့လိုက်ဆွေးနွေးမှုများ ပြုလုပ်ကြသည်။

ရန်ကုန်အများပြည်သူ ဘတ်စ်ဝန်ဆောင်မှု တိုးတက်ခြင်း စီမံကိန်းမှ မော်တော်ယာဉ်စက်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုပညာရှင် ရိုရှိုဟိကိုတာကမိက "အခုတစ်ခေါက်မှာ နေ့စဉ် ယာဉ်စစ်ဆေးမှုနဲ့ ပတ်သက်တဲ့အပိုင်း၊ ဂျပန်နိုင်ငံမှာ လက်တွေ့ကျင့်သုံးဆဲ၊ ကျင့်သုံးနေတဲ့ပုံစံဖြစ်တဲ့ သုံးလတစ်ခါစစ်ဆေးခြင်း၊ တစ်နှစ်တစ်ခါ စစ်ဆေးခြင်း အကြောင်းအရာတွေကို မိတ်ဆက် တင်ပြပါတယ်။ မြန်မာနိုင်ငံရဲ့ YBS ဘတ်စ်ကားတွေက ကုမ္ပဏီတွေကနေတစ်ဆင့် ပြေးဆွဲကြတာ ဖြစ်ပါတယ်။ ကုမ္ပဏီတွေမှာ ယာဉ်ထိန်းသိမ်းရေးအလုပ်ရုံရှိတဲ့ ကုမ္ပဏီတွေက ရှိနေသလို၊ မရှိတာတွေလည်း တွေ့ရပါတယ်။ ဒီအရာဟာလည်း ဂျပန်နဲ့ မြန်မာဘတ်စ်ကားပြေးဆွဲမှု စနစ်တွေထဲက ကွာခြားမှုတစ်ခုပါပဲ"ဟု ပြောသည်။

YRTA အနေဖြင့် YBS စနစ် ပိုမိုကောင်းမွန်စေရန် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နိုင်ငံတကာမှ ပညာရှင်များနှင့် ပူးပေါင်း၍ အလုပ်ရုံဆွေးနွေးပွဲများနှင့် အကြံဉာဏ်များ ရယူဆောင်ရွက်လျက်ရှိသကဲ့သို့ ယာဉ်မောင်းများ စည်းကမ်းတကျရှိရေး၊ အရည်အသွေးမြင့်မားရေးနှင့် ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာဖြင့် စိတ်ချမ်းမြေ့မှုရှိရန်တို့ကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**

# မြန်မာနိုင်ငံ၏ ပထမဆုံးသော One Stop Crisis Centre (OSCC) ဖွင့်လှစ်

**ပင်းတယ နိုဝင်ဘာ ၂၀**

ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံ၏ ပထမဆုံးသော ကျားမအခြေပြု အကြမ်းဖက်မှု ကျန်းမာရေးစောင့်ရှောက်မှု၊ ကျားမ အခြေပြု အကြမ်းဖက်ခံရသူများအတွက် တစ်နေရာတည်းတွင် ဝန်ဆောင်မှုများရနိုင်သော One Stop Crisis Centre (OSCC) စင်တာ စတင်ဖွင့်လှစ်ခြင်း အခမ်းအနားကို နိုဝင်ဘာ ၁၈ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ အတွင်းရေးမှူး ဦးမိုးဇော်နိုင်က OSCC စင်တာဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ဝမ်းမြောက်ဂုဏ်ယူကြောင်း အမှာစကားပြောကြားပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်မမလေးက အမျိုးသမီးများ၏ သဘာဝနှင့် တာဝန်ဝတ္တရားများကြောင့် အကြမ်းဖက်မှုကိစ္စတွင် ပိုမိုစောင့်ရှောက်ပေးရန် လိုအပ်မှုများအကြောင်းကိုလည်းကောင်း၊ မိခင်နှင့် မျိုးဆက်ပွားကျန်းမာရေးဌာနမှ ညွှန်ကြားရေးမှူးက One Stop Crisis Centre for Gender Based Violence အကြောင်းမှ ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊ စိတ်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊ နည်းပညာသုံး အကြမ်းဖက်မှုများအကြောင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်ချက်များကို လည်းကောင်း၊ မြို့နယ်ဆေးရုံအုပ်ကြီးက မြန်မာနိုင်ငံ၏ ပထမဆုံးသော One Stop Crisis Centre နှင့် ပတ်သက်၍ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြခဲ့ကြကြောင်း သိရသည်။ **ခင်မျိုးနွယ်(ပင်းတယ)**

*စာမျက်နှာ ၁၀ မှ*

**ဒေါက်တာကျော်ကံကောင်း။**

စာမျက်နှာ ၁၀ မှ

ထိုသို့ ကုသမှုသာလျှင် မိမိဆီးချိုသွေးချို ရောဂါအစဉ်အလိုက် မှန်ကန်တဲ့ ဆေးဝါးတွေကို တစ်ဆင့်ပြီး တစ်ဆင့်တက်ပြီး ကုသပေးမှသာလျှင် နောက်ဆက်တွဲရောဂါများကို မဖြစ်အောင် ကာကွယ်နိုင်မှာ ဖြစ်ပါတယ်။

အမျိုးသမီးတိုင်း ကိုယ်ဝန်ဆောင်တဲ့အခါမှာ မိမိတို့ ဆီးချိုသွေးချိုရောဂါ ရှိနိုင်ခြေ ရှိ၊ မရှိ အချက်တွေကြည့်ပြီး ကိုယ်ဝန်ဆောင် ဆီးချိုသွေးချို ရှိ၊ မရှိ ကြိုတင်စစ်ဆေးခြင်းဖြင့် မိမိသန္ဓေသားကို အောင်မြင်ကျန်းမာစွာ ထိန်းသိမ်းနိုင်မှာဖြစ်ပါတယ်။

။ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနကိုယ်စား ပြည်သူလူထုကို မှာချင်တဲ့ အကြောင်းအရာတွေရှိပါတယ်။ သက်ဆိုင်တဲ့ ဌာနဆိုင်ရာတွေကိုလည်း အကူအညီတောင်းချင်တဲ့ အကြောင်းအရာတွေရှိပါတယ်။ ဒီရောဂါက ဖြစ်ပွားမှုများပြားတယ်။ နောက်ဆက်တွဲဖြစ်ရပ်များကိုလည်း အားလုံးဆွေးနွေးပြီးပါပြီ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကနေ ဖွင့်လှစ်ပြီး ပြည်သူလူထုကို စောင့်ရှောက်မှုပေးနေတဲ့ ဆေးခန်းတွေရှိပါတယ်။ ကျေးလက်ကျန်းမာရေးဌာန ဆီးချိုသွေးချိုရောဂါကုသရေးဆေးခန်းတွေ ရှိပါတယ်။ လက်ရှိလည်း ဆောင်ရွက်ပေးနေပါတယ်။ ယခင်က ရောဂါဖြစ်ပွားတာ ကိုယ့်ဘာသာကို မသိပါဘူး။ ခေါင်းမူး၊ ဆီးသွားများ၊ အိပ်မပျော်ဘူးဆိုမှ နီးစပ်ရာဆေးခန်းတွေကို ရောက်လာမှ ဆရာဝန်ကိုပြပြီး ဆေးစစ်မှ သိပါတယ်။ အခုက ကျန်းမာရေးဌာနတွေမှာ စစ်ဆေးပေးနေပါတယ်။

**လာရောက်ကုသမှု ခံယူဖို့ ကြိုဆို**

စစ်ဆေးပေးမယ့် လူနာတွေကိုလည်း သတ်မှတ်ချက်ရှိပါတယ်။ အသက်(၄၅)နှစ်ကျော်ရင်၊ မိမိကိုယ်တိုင် ဆေးလိပ်သောက်တာ အရက်သောက်တာ ကွမ်းစားတာ များတဲ့သူတွေ၊ မိမိကိုယ်တိုင် ကျန်းမာရေးနဲ့ ညီညွတ်အောင် မနေဖြစ်ဘဲ ဗိုက်ပူ၊ ခါးတုတ်လာသူတွေ၊ မိမိကိုယ်တိုင် သံသယရှိသူတွေ၊ ဆီးချိုလက္ခဏာတွေ ဖြစ်တဲ့ ဆီးမကြာခဏသွားသူတွေ၊ ရေငတ်မယ်၊ ခန္ဓာကိုယ်အလေးချိန်လျော့ကျသွားမယ်။ မိမိမှာ မျိုးရိုးလိုက်တာတွေလည်း ဖြစ်တတ်တယ်။ ကိုယ့်ရဲ့ မျိုးရိုးထဲ ဆီးချိုသွေးချိုရောဂါ ခံစားရဖူးသူတွေ ဒီအမျိုးအစားတွေ ဖြစ်ကြတဲ့ ကျားမ မရွေး ပုဂ္ဂိုလ်တွေ ဝန်ကြီးဌာနအောက်က ဆေးခန်းတွေကိုလာကြပါ။ သွေးပေါင်ချိန်ပေးပါ့မယ်။ ဆီးချိုစစ်ဆေးပေးမယ်။ တစ်ကြိမ်တည်း ဖောက်ရုံနဲ့ ရောဂါသတ်မှတ်လို့မရဘူး။ လိုအပ်တဲ့အတိုင်း တစ်ကြိမ်ဖောက်တာနဲ့ မသေချာလို့ ချိုတာစားထားမယ်ဆိုရင် အချိုဓာတ်များနေတတ်ပါတယ်။ နောက်နေ့ပြန်ချိန်ပြီး ည ၁၀ နာရီ နောက်ပိုင်း ဘာမှမစားဘဲ ကျန်းမာရေးဌာနလာခဲ့ပါ။ အားလုံးဆင့်ကဲဆင့်ကဲ ကြီးကြပ်မှုနဲ့ service ပေးနေပါတယ်။ ပြည်သူလူထုကိုလည်း လာရောက်ကုသမှုခံယူဖို့ ကြိုဆိုပါတယ်။

နောက်တစ်ခုက ရောဂါဖြစ်စေနိုင်တဲ့ ဆေးလိပ်၊ အရက်တို့ ကျန်းမာရေး နဲ့မညီညွတ်တဲ့ အစားအသောက်တွေကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တစ်ခုတည်းက ထိန်းချုပ်ဆောင်ရွက်လို့မရဘူး။ သက်ဆိုင်ရာ နီးနွယ်ဝန်ကြီးဌာနတွေနဲ့၊ ပြည်ထောင်စုအဆင့်မှာ မူဝါဒချမှတ်ရမယ်။ ဥပဒေပြဋ္ဌာန်းရမယ်။ သက်ဆိုင်ရာ ဝန်ကြီးဌာနတွေက အမျိုးသားရေးအသွင်ဖြင့် ပူးပေါင်းပါဝင်ပါလို့ မေတ္တာရပ်ခံလိုပါတယ်။ ။

**နန္ဒာဝင်း၊ ဥမ္မာသန့်၊ ဓာတ်ပုံ-လှမိုး**

## လာမည့်သောကြာ ရှုဖွယ်ရာ

# "မင်္ဂလာ ရက်မြတ်"ရုပ်ရှင်ဇာတ်ကား နိုဝင်ဘာ ၂၃ ရက်မှစတင်၍ မြန်မာတစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည်

**ရန်ကုန် နိုဝင်ဘာ ၂၀**

ရွှေစည်တော် ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်ပြီး ဒါရိုက်တာ ကျော်ဇောလင်း (အတွေးပုံရိပ်) ရိုက်ကူးထားသည့် "မင်္ဂလာရက်မြတ်"ရုပ်ရှင်ဇာတ်ကား စာနယ်ဇင်းအကြို မိတ်ဆက်ပွဲအဖြစ် နိုဝင်ဘာ ၁၈ ရက် ညနေ ၆ နာရီခွဲက ရန်ကုန်မြို့ Junction City ရှိ JCGV ရုပ်ရှင်ရုံ၌ ပြသခဲ့ပြီး နိုဝင်ဘာ ၂၃ ရက်မှ စတင်၍ မြန်မာတစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

သရုပ်ဆောင် ထွန်းထွန်းက "ဒီကားက ၂၀၁၆ ခုနှစ်က ကြိုးစားထားတဲ့ ကားလေးပါ။ ဟာသကားဆိုပေမယ့် ဒဿနလေးတွေလည်း ပါတယ်။ သူငယ်ချင်းသံယောဇဉ်တွေနဲ့ ပျော်ရွှင်ဖွယ်ရာသလေးတွေကိုလည်း ပေးထားပါတယ်။ ဒီကားကို ရိုက်တဲ့အချိန်မှာ ဒါရိုက်တာက အဓိကလိုအပ်တာတွေ သင်ပေးတယ်။ ကျွန်တော်နဲ့ ကိုပြေတီဦးတွဲပြီး သရုပ်ဆောင်တဲ့အခါမှာ သဟဇာတဖြစ်အောင်၊ ကိုယ်တိုင်လည်း လိုက်နိုင်အောင်၊ မကျန်ခဲ့အောင် ကြိုးစားထားတယ်။ ရုပ်ရှင်ဇာတ်ကားတွေမှာ ဇာတ်ကောင်စရိုက်အပိုင်းက အမြဲတမ်းစိန်ခေါ်မှုလေးတွေ ရှိနေတဲ့အတွက် အမြဲတမ်းကြိုးစားနေပါတယ်"ဟု ပြောသည်။



သရုပ်ဆောင် ထွန်းထွန်း



သရုပ်ဆောင် မိုးပြည့်ပြည့်မောင်



သရုပ်ဆောင် ဇင်မျိုး



သရုပ်ဆောင် ဟိန်းမင်း

အဆိုပါ ဇာတ်ကားတွင် ပြေတီဦး၊ ထွန်းထွန်း၊ မိုးဟေကို၊ မိုးပြည့်ပြည့်မောင်၊ ယွန်းရွှေရည်၊ အရိုင်း၊ ညောင်ညောင်၊ ကင်းကောင်၊ ငှက်ပျောကြော်၊ ဟိန်းမင်း၊ ဇင်မျိုး၊ နန္ဒကျော်စွာ၊ နေလင်း၊ တင်ဇာဝင်းပြည့်၊ ရဲလေး၊ ထက်ကိုလင်း၊ အေးအေးခိုင်၊ အေးသီတာ၊ မျိုးမျိုးခိုင်၊ ဝေယံမောင်နှင့် အနုပညာရှင်များ ပါဝင်ထားကာ မိသားစုမေတ္တာဖွဲ့ ဟာသဇာတ်လမ်းဖြစ်သည်။

သရုပ်ဆောင် မိုးပြည့်ပြည့်မောင်က "ကိုယ်ချစ်တဲ့သူကို မိဘတွေက သဘောမတူတဲ့အတွက် သူနဲ့ဘယ်တော့ မင်္ဂလာရက်မြတ် နီးရပ့်မလဲဆိုတဲ့ ချစ်သူရဲ့ ကြိုးစားမှုကို မကျေနပ်တဲ့ ဟာသဇာတ်ကောင်စရိုက်မျိုး ပါဝင်ထားပါတယ်။ ပျော်ရွှင်စရာ အချစ်ဟာသ ဇာတ်ကားလေးပါ။ ပရိသတ်တွေရဲ့ စိတ်ဖိစီးမှုတွေအတွက် ခဏတာ ပျော်ရွှင်မှုကို ဒီဇာတ်ကားလေးက အာမခံပါတယ်"ဟု ပြောသည်။

သရုပ်ဆောင် ဇင်မျိုးက "ဒီကားက ရိုက်ထားတာ နည်းနည်းကြာပြီဆိုပေမယ့် ပရိသတ်တွေအတွက် ရသမြောက်ပြီး လတ်ဆတ်နေမှာပါ။ ဇာတ်ကောင်စရိုက်ကတော့ ထွန်းထွန်းရဲ့ သူငယ်ချင်းတစ်ယောက်အနေနဲ့ ပါဝင်ထားပါတယ်။ ပျော်စရာဇာတ်ကားလေးပါ။ ရိုက်နေတုန်းက ပျော်စရာလည်းကောင်းတယ်။ ရယ်လည်း ရယ်ရတယ်"ဟု ပြောသည်။

အဆိုပါဇာတ်ကားကို ရိုက်ကူးခဲ့သည်မှာ နှစ်နှစ်ကျော်ခန့် ရှိပြီဖြစ်ကြောင်း၊ မြန်မာ့ရုပ်ရှင်ဇာတ်လမ်းများ တဖြည်းဖြည်း တိုးတက်ကောင်းမွန်လာသည့်အပြင် ပရိသတ်များအနေဖြင့် ဇာတ်ပို့၊ ဇာတ်ရုံများကို အဓိကထား အားပေးမှုများ ရှိလာသည်ကိုတွေ့ရကြောင်း သရုပ်ဆောင် ဟိန်းမင်းက ဆိုသည်။

လူငယ်အချင်းချင်း ဖေးမကူညီမှုကိုပြသခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုများအား ပြကွက်အချို့ဖြင့် ပြသခြင်း၊ လူငယ်သဘာဝ ချစ်ခြင်းမေတ္တာတရားကို မိဘတို့မှ မိဘဝတ္တရားရှိသည့်အတိုင်း သားသမီးတို့အပေါ် တာဝန်ကျေပွန်စွာ ထိမ်းမြားလက်ထပ်ပေးခြင်းတို့အပြင် လူငယ်တို့၏ ရုပ်ရွှာအကျိုးသယ်ပိုးပုံတို့ကို ပေါ်လွင်စေရန် ရည်ရွယ်ရိုက်ကူးထားခြင်းဖြစ်သည်။ **ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**

# ဆူဇူကီးဖလား မြန်မာနှင့် ဗီယက်နမ် တစ်မှတ်စီခွဲယူ

**ရန်ကုန် နိုဝင်ဘာ ၂၀**

၂၀၁၈ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ အုပ်စု (က) ပွဲစဉ်များကို ယနေ့ ညနေပိုင်းက ကျင်းပရာ သုဝဏ္ဏကွင်း၌ ကစားသည့်ပွဲတွင် မြန်မာအသင်းနှင့် ဗီယက်နမ်အသင်းတို့ ဂိုးမရှိသရေကျခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ဆီမီးဖိုင်နယ် တက်ရောက်ရေး အရေးပါသည့်ပွဲတွင် သရေတစ်မှတ် ရယူနိုင်ခဲ့သောကြောင့် မျှော်လင့်ချက် ပိုကောင်းသွားခဲ့သည်။ သို့သော် မြန်မာအသင်းသည် ဆီမီးဖိုင်နယ်တက်ရောက်ရန် နောက်ဆုံးပွဲတွင် မလေးရှားအသင်းကို အနိမ့်ဆုံး သရေကစားရမည် ဖြစ်သည်။ ဆူဇူကီးဖလားပြိုင်ပွဲတစ်လျှောက် တွေ့ဆုံမှုတွင် ဗီယက်နမ်အသင်းကို အသာမရသေးသည့် မြန်မာအသင်းသည် ရှုံးပွဲမကြုံတွေ့ခဲ့သော်လည်း သရေပွဲရရှိအောင် ကစားနိုင်ခဲ့သည်။ ဗီယက်နမ်အသင်းသည် အဝေးကွင်း၌ သရေကစားနိုင်ခဲ့သည့်အပြင် နောက်ဆုံးပွဲမှာလည်း ကမ္ဘောဒီးယားနှင့် အဝေးကွင်းကစားရမည်ဖြစ်ရာ ဆီမီးဖိုင်နယ် တက်ရောက်ခွင့်ရရန် နီးစပ်သွားခဲ့သည်။ မြန်မာအသင်းနည်းပြချုပ် အန်တွမ်နီဟေးသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲလုပ်ခဲ့သလို ခံစစ်ပိုင်းကိုလည်း အပြောင်းအလဲလုပ်ခဲ့သည်။ နှစ်ပွဲဆက် ဂိုးပေးခဲ့ရသည့် ခံစစ်ပိုင်းကို နည်းပြချုပ် အန်တွမ်နီဟေး အပြောင်းအလဲလုပ်ခဲ့ပြီး ဒေးဗစ်ဒန်းနေရာတွင် ဝင်းမိုးကျော်၊ ပြည့်ဖြိုးအောင် နေရာတွင် စိုးမိုးကျော်ကို ထည့်သွင်းကစားခဲ့သလို ပွဲပယ်ခံထားရသည့် သိန်းသန်းဝင်း နေရာတွင် နန္ဒကျော်ကို အပြောင်းအလဲလုပ်ကာ တိုက်စစ်တွင် အောင်သူနှင့် ထက်ဖြိုးဝေကို အသုံးပြုခဲ့သည်။ မြန်မာအသင်း၏ ပထမပိုင်းကစားပုံမှာ ကမ္ဘောဒီးယားနှင့် လာအိုပွဲကဲ့သို့ မဟုတ်ဘဲ ပိုကောင်းသည့် ခြေစွမ်းပြသနိုင်ခဲ့သည်။ ယခုပွဲတွင် မြန်မာအသင်း ခံစစ်ကစားပုံကို ချီးကျူးရမည်ဖြစ်ပြီး ဂိုးသမား ကျော်ဇင်ထက် အပါအဝင် နောက်ခံလူများ အကောင်းဆုံးကစားနိုင်ခဲ့သည်။ ပွဲစကတည်းက နှစ်သင်းစလုံး အပြန်အလှန်ကစားနိုင်ခဲ့ပြီး ဗီယက်နမ်အသင်းက ဂိုးသွင်းခွင့် ပိုဖန်တီးနိုင်ခဲ့သည်။ ၃၅ မိနစ်တွင် ငုယင်ကွမ်ဟိုင်၏ အနီးကပ်ကန်သွင်းချက် တိုင်ထိထွက်သွား၍ နစ်နာခဲ့ရသည်။ မြန်မာအသင်းသည် ပထမပိုင်းတွင် ဗီယက်နမ်အသင်းထက် ဂိုးသွင်းခွင့် ရရှိမှုနည်းပါးခဲ့သည်။

ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ကစားသမားအပြောင်းအလဲပြုလုပ်ကာ ကစားအားမြှင့်ခဲ့ပြီး ပွဲမှာအပြန်အလှန်ရှိခဲ့သည်။ မြန်မာအသင်းသည် အောင်သူ၏ မောင်းနှင်အားဖြင့်သာ ဂိုးရရန်ကြိုးပမ်းခဲ့ပြီး အခြားကစားသမားများအနေဖြင့် အချိတ်အဆက်ပြုလုပ်ရာတွင် အားနည်းနေသောကြောင့် ထင်သလောက် ဂိုးသွင်းခွင့် မရခဲ့ပေ။ ဗီယက်နမ် အသင်းသည် ဒုတိယပိုင်းတွင် ဂိုးရနိုင်သည့် အခွင့်အရေးရသော်လည်း မြန်မာဂိုးသမား ကျော်ဇင်ထက် အမှားမရှိသောကြောင့် ဂိုးမရှိသရေကျခဲ့သည်။



မြန်မာနှင့် ဗီယက်နမ် ယှဉ်ပြိုင်နေစဉ်။

အခြားပွဲတွင် ကမ္ဘောဒီးယားက လာအိုကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ အုပ်စု (က) တွင် မြန်မာနှင့် ဗီယက်နမ်က သုံးပွဲကစား ခုနစ်မှတ်စီ၊ မလေးရှားက သုံးပွဲကစား ခြောက်မှတ်၊ ကမ္ဘောဒီးယားက သုံးပွဲကစား သုံးမှတ်ရထားပြီး လာအိုအသင်းက ပွဲကုန်လေးပွဲကစားကာ လေးပွဲစလုံး ရှုံးနိမ့်ခဲ့သည်။ မြန်မာအသင်းသည် နောက်ဆုံးပွဲအဖြစ် မလေးရှားနှင့် နိုဝင်ဘာ ၂၄ ရက်တွင် အဝေးကွင်းကစားရမည် ဖြစ်သည်။

**သတင်း- ညီမြတ်သော်တာ၊ ဓာတ်ပုံ- စိုးညွန့်**

# အောင်ပွဲရ မြန်မာမာရသွန်အားကစားအဖွဲ့အား ဂုဏ်ပြုကြိုဆို

**ရန်ကုန် နိုဝင်ဘာ ၂၀**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဖန်ချင်းကန်မြို့၌ နိုဝင်ဘာ ၁၇ ရက်က ကျင်းပခဲ့သည့် တရုတ်-အာဆီယံ အပြည်ပြည်ဆိုင်ရာ မာရသွန်ပြိုင်ပွဲတွင် မြန်မာမာရသွန်အဖွဲ့ ရွှေနှစ်ခု၊ ငွေသုံးခု ဆွတ်ခူးရရှိခဲ့ပြီး အာဆီယံအဆင့် နိုင်ငံအလိုက် ပထမရရှိခဲ့ကြောင်း သိရသည်။ အဆိုပါပြိုင်ပွဲတွင် မြန်မာမာရသွန် အားကစားသမားများသည် နိုင်ငံတကာအဆင့်ပြိုင်ပွဲ၊ အမျိုးသမီး ၂၁ ကီလိုမီတာ မီနီမာရသွန်တွင် ဖြူဝါသက်က ငွေတစ်ခု၊ အမျိုးသမီး ၄၂ ကီလိုမီတာ မာရသွန်တွင် မြင့်မြင့်အေးက အဆင့် ၄၊ သီတာချိုက အဆင့် ၆ ရရှိပြီး အမျိုးသား ၄၂ ကီလိုမီတာမာရသွန်တွင် ဇင်မင်းထက်က အဆင့် ၈ ရရှိခဲ့ကြသည်။ အာဆီယံအဆင့် အမျိုးသမီး ၂၁ ကီလို မီနီမာရသွန်ပြိုင်ပွဲတွင် ဖြူဝါသက်က ရွှေတစ်ခု၊ အမျိုးသား ၄၂ ကီလိုမီတာ မာရသွန်တွင် ဇင်မင်းထက်က ငွေတစ်ခု၊ အမျိုးသမီး ၄၂ ကီလိုမီတာ မာရသွန်တွင် မြင့်မြင့်အေးက ရွှေတစ်ခု၊ သီတာချိုက ငွေတစ်ခု အသီးသီးဆွတ်ခူးရရှိခဲ့ကြသည်။

"ဒီပြိုင်ပွဲမှာ ဆီးဂိမ်းအတွက် ရွေးချယ်ထားတဲ့ ကစားသမား သုံးဦးနဲ့ ပြင်ပကစားသမား ခုနစ်ဦးကို ခေါ်ယူပြီး လေ့ကျင့်ချိန် နှစ်လကျော်နဲ့ သွားရောက်ယှဉ်ပြိုင်ကြတာပါ။ ပြိုင်ပွဲမတိုင်မီ မနှစ်က အဲဒီဒေသကို သွားရောက်ပြီး ရာသီဥတု၊ ပြေးလမ်းကြောင်းတွေကို လေ့လာခဲ့ပါတယ်။ ရာသီဥတုက အေးတယ်။ ပြေးလမ်းကြောင်းတွေက တောင်တက်တောင်ဆင်း များတယ်။ ဒါကြောင့် ကစားသမားတွေ စံချိန်ကျနိုင်တယ်။ ပုံမှန်ပန်းဝင်နိုင်ဖို့ အရေးကြီးတယ်လို့ မှာကြားထားတယ်။ ဒါပေမယ့် ကစားသမားတွေက စံချိန်ကောင်းကို ပိုပြီးရတဲ့အပြင် ကိုယ့်စံချိန်ထက် နောက်မကျဘဲနဲ့ ဆုတံဆိပ်တွေ ရယူနိုင်ခဲ့ပါတယ်။ ဒီပြိုင်ပွဲမှာ ဗီယက်နမ်နဲ့ ထိုင်းကို ပြိုင်ဘက်လို့ ထင်ထားတာ။ ဒါပေမယ့် လာအိုနဲ့ ကမ္ဘောဒီးယားကစားသမားတွေက မြန်မာထက် စံချိန်တွေ ပိုကောင်းလာတယ်။ နောက်ပြိုင်ပွဲတွေမှာ ကျွန်တော်တို့ကစားသမားတွေ ဒီထက်စံချိန်တွေ ပိုကောင်းအောင် ဆက်လက်ကြိုးစားကြရမှာ ဖြစ်တယ်" ဟု အဖွဲ့ခေါင်းဆောင် အားကစားနှင့် ကာယပညာ ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းထက်မွန်က ပြောသည်။



အဆိုပါပြိုင်ပွဲတွင် အိမ်ရှင် တရုတ်၊ ပိုလန်၊ အီသီယိုးပီးယား၊ မြန်မာ၊ ထိုင်း၊ လာအို၊ ဗီယက်နမ်၊ ကမ္ဘောဒီးယားတို့ ပါဝင်ခဲ့ကြောင်း သိရသည်။ မြန်မာမာရသွန်အားကစားအဖွဲ့သည် အဖွဲ့ခေါင်းဆောင် ဦးဝင်းထက်မွန်၊ နည်းပြ၊ အုပ်ချုပ်သူ၊ အားကစားသမားများသည် နိုဝင်ဘာ ၁၈ ရက် ညပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ဒုတိယကျောင်းအုပ်ကြီး ဦးကျော်မင်းသန်းနှင့် မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ အား/ကာသိပ္ပံ (ရန်ကုန်) မှ ကျောင်းသားကျောင်းသူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။**(ဓါတ်ပုံ)** မြန်မာ ပြေးခုန်ပစ် အားကစားသမားများသည် ရွှေလီမြို့တွင် ကျင်းပမည့် တရုတ်-အာဆီယံမာရသွန်ပြိုင်ပွဲသို့ ဆက်လက်ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။ **အေကေလင်း၊ ဓာတ်ပုံ- ဗလစိုး**

## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

- အသက် ၂၅ နှစ်အရွယ် ပြင်သစ်ကွင်းလယ်ကစားသမား ပေါပေါ့ဂ်ဘာသည် မန်ယူအသင်းမှ ထွက်ခွာပြီး ဂျူဗင်တပ်စ်အသင်းထံသို့ ပြန်လည်ပြောင်းရွှေ့ကစားချင်ကြောင်း အီတလီဘက်ကလာသော သတင်းရင်းမြစ်တစ်ခု၏ ဖော်ပြချက်အရ သိရသည်။
- ဘတ်ရှီးတပ်စ်အသင်းသည် ဝက်စ်ဟမ်းအသင်းမှ အသက် ၃၀ နှစ်အရွယ် မက္ကဆီကို တိုက်စစ်ကစားသမား ဟာနန်ဒက်ဇ်ကို ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း အီးအက်စ်ပီအင်န်၏ ဖော်ပြချက်အရ သိရသည်။
- အာဆင်နယ်အသင်းသည် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ဗီလာရီးရဲအသင်းမှ အသက် ၂၂ နှစ်အရွယ် စပိန်ကစားသမား ပါဘလို မော်နေးလ်ကို ခေါ်ယူရန် ရည်ရွယ်နေကြောင်း သည်ဆန်း၏ ဖော်ပြချက်အရ သိရသည်။ အဆိုပါကွင်းလယ်ကစားသမား၏ စာချုပ်ပါလျော်ကြေးသည် ပေါင် ၁၇ ဒသမ ၈ သန်းသာရှိကြောင်းလည်း သိရသည်။
- အသက် ၂၀ နှစ်အရွယ် အမေရိကန်ကွင်းလယ်ကစားသမား ပူလီဆစ်သည် ပရီမီယာလိဂ်ကလပ်သို့ ပြောင်းရွှေ့ကစားရန် ဒေါ့မွန်အသင်းမှ ထွက်ခွာလိမ့်မည်ဖြစ်သော်လည်း ချယ်လ်ဆီးနှင့် လီဗာပူးအသင်းတို့၏ ပစ်မှတ်ဖြစ်သော အဆိုပါကစားသမား၏ အပြောင်းအရွှေ့သည် လာမည့် နွေရာသီမှသာ ဖြစ်ပေါ်လာနိုင်ဖွယ်ရှိကြောင်း မေရာ၏ဖော်ပြချက်အရ သိရသည်။
- အေစီမီလန်အသင်းသည် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ချယ်လ်ဆီးအသင်းမှ အသက် ၃၂ နှစ်အရွယ် အင်္ဂလန်နောက်ခံကစားသမား ဂယ်ရီကာဟေးလ်ကို ခေါ်ယူနိုင်ဖွယ်ရှိကြောင်း အီတလီဘက်ကလာသော သတင်းရင်းမြစ်တစ်ခု၏ ဖော်ပြချက်အရ သိရသည်။
- ဂျာမန်ဘက်ကလာသော သတင်းရင်းမြစ်တစ်ခုတွင် လီဗာပူးအသင်းသည် လက်ရှိ ဘွန်ဒက်စ်လီဂါတွင် ဂိုးအများဆုံးသွင်းယူထားသော အသက် ၂၀ အရွယ် ဖရန့်ဖတ်အသင်းမှ ဆားဘီးယားတိုက်စစ်ကစားသမား လူကာဂျိုဗစ်ကို ခေါ်ယူရန် ရည်ရွယ်နေသော်လည်း ဘာစီလိုနာ၊ ဘိုင်ယန်မြူးနစ်အသင်းတို့နှင့်အပြိုင် ခေါ်ယူရဖွယ်ရှိကြောင်း သိရသည်။
- မန်ယူအသင်းသည် နာပိုလီအသင်းမှ အသက် ၂၇ နှစ်အရွယ် ဆီနီဂေါ ဗဟိုခံစစ်ကစားသမား ကော်လီဘာလီကို ပေါင်သန်း ၈၀ ဖြင့် ကမ်းလှမ်းမှုတစ်ရပ် ပြုလုပ်လိုက်ကြောင်း ဗြိတိန်မီဒီယာများ၏ ဖော်ပြချက်အရ သိရသည်။

**အောင်ဇော်**

## လေဖိအားနည်းရပ်ဝန်း မုန်တိုင်းငယ်အဖြစ် ရောက်ရှိနိုင်

**နေပြည်တော် နိုဝင်ဘာ ၂၀**

ယနေ့ ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အီကွေတာအနီး အိန္ဒိယသမုဒ္ဒရာတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော သီရိလင်္ကာအရှေ့မြောက်ပိုင်းတွင် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။

**မိုး/ဇလ**

## မန္တလေးတိုင်းဒေသကြီး ကိုယ်ပိုင်ကျောင်းများ၏ (၅) ကြိမ်မြောက် အားကစားပြိုင်ပွဲ ကျင်းပ

**မန္တလေး နိုဝင်ဘာ ၂၀**

၂၀၁၈ ခုနှစ် မန္တလေးတိုင်းဒေသကြီး ကိုယ်ပိုင်ကျောင်းများအသင်း၏ (၅) ကြိမ်မြောက် အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲက အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး) ရှိ ဘောလုံးအားကစားကွင်း၌ ကျင်းပရာ အား/ကာသိပ္ပံ ကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်နှင့် ဒုတိယကျောင်းအုပ်များ၊ ကိုယ်ပိုင်ကျောင်းများ အသင်း ဥက္ကဋ္ဌ ဆရာမကြီး ဒေါ်နှင်းနှင်းမော်နှင့် ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ မန္တလေးတိုင်းဒေသကြီး အားကစားဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ ဒိုင်လူကြီးများ၊ ကိုယ်ပိုင်ကျောင်း ၈၀ ကျော်မှ ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

### ကျန်းမာကြံ့ခိုင်စေရန် ရည်ရွယ်

ရှေးဦးစွာ အား/ကာသိပ္ပံ ကျောင်းအုပ်ကြီး ဦးမျိုးမြင့်အောင်က အမှာစကားပြောကြားပြီး ကိုယ်ပိုင်ကျောင်းများအသင်း ဥက္ကဋ္ဌ ဆရာမကြီး ဒေါ်နှင်းနှင်းမော်က ပြိုင်ပွဲကျင်းပရခြင်းနှင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်သော အားကစားသမားများ ပေါ်ထွက်လာရေး၊ ကိုယ်ပိုင်ကျောင်းများအချင်းချင်း ချစ်ခင်ရင်းနှီးမှုရှိလာစေရေး၊ ကျောင်းသား ကျောင်းသူများ ကျန်းမာကြံ့ခိုင်မှုရရှိစေရေး စသည့် ရည်ရွယ်ချက်များကို ပြောကြားပြီး အားကစားပြိုင်ပွဲကို ဖွင့်လှစ်ပေးကာ ပြိုင်ပွဲဝင်အသင်းများက အားကစားသစ္စာအဓိဋ္ဌာန် ရွတ်ဆိုခဲ့ကြသည်။

### ယှဉ်ပြိုင်ကြမည်

အဆိုပါပြိုင်ပွဲတွင် ဘောလုံး၊ ဘော်လီဘော၊ ဘတ်စကက်ဘော၊ ကြက်တောင်၊ ပိုက်ကျော်ခြင်း၊ ဖူဆယ်ဘောလုံး၊ စားပွဲတင်တင်းနစ်၊ ပြေးခုန်ပစ်၊ စစ်တုရင်၊ ဝူရှူးအားကစားနည်းများပါဝင်ပြီး နိုဝင်ဘာ ၂၅ ရက်အထိ အား/ကာသိပ္ပံအားကစားရုံ အားကစားကွင်းတို့၌ ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင် (မန်းကိုယ်ပွား)**

# လှိုင်သာယာစက်မှုဇုန် (၂) အထည်ချုပ်စက်ရုံ မီးလောင်မှုဖြစ်ပွား

**ရန်ကုန် နိုဝင်ဘာ ၂၀**

ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် စက်မှုဇုန် (၂) ရှိ Man Sum (Myanmar) အထည်ချုပ်စက်ရုံတွင် ယနေ့ မွန်းလွဲ ၂ နာရီခွဲခန့်က မီးလောင်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားရာသို့ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ် ၂၇ စီး၊ အထောက်အကူပြုယာဉ် ၁၁ စီး၊ မီးသတ်စက်ယာဉ် တစ်စီးနှင့် ကွပ်ကဲမှုယာဉ် ခုနစ်စီးဖြင့် ငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၂ နာရီ ၅၇ မိနစ်တွင် မီးငြိမ်းခဲ့ကြောင်း၊ မီးလောင်ရမှုအကြောင်းရင်းကို မသိရှိရသေးကြောင်းနှင့် စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ သိရသည်။



**ဆုံးရှုံးမှုတွေများနေ**

စက်ရုံများ မကြာခဏမီးလောင်မှုနှင့် ပတ်သက်၍ အထည်ချုပ်လုပ်ငန်းရှင်တစ်ဦးက "ဒဂုံဆိပ်ကမ်း စက်မှုဇုန် (၃)မှာ လုပ်ဆောင်ထားတဲ့ ဂါလန်နှစ်သိန်းဆံ့တဲ့ ရေကန်ကနေ ဘားဖွင့်တာနဲ့ အော်တိုစက်လည်ပြီး ရေတွန်းတဲ့စနစ်ပုံစံမျိုး စက်မှုဇုန်တိုင်းမှာ လုပ်ဆောင်နိုင်ရင် သိပ်ကောင်းမှာပါ။ လှိုင်သာယာစက်မှုဇုန်တွေမှာ ရေစုပ်နိုင်တဲ့ ပန့်တွေ အသင့်ထားရှိဖို့ လိုပါပြီ။ မီးနည်းရင် စက်ရုံရေနဲ့နိုင်ပေမယ့် မီးများလာရင် ရေအလျှဉ်မမီတဲ့အတွက် နစ်နာဆုံးရှုံးမှုတွေ များနေတာ တွေ့ရပါတယ်" ဟု ပြောကြားသည်။

**၁၆၄၊ ဓာတ်ပုံ- သစ္စာ**

# ကြည့်မြင်တိုင်မြို့နယ်၌ ဓားကိုင်ရမ်းကားသူအား သေနတ်ဖြင့် ပစ်ခတ်ဖမ်းဆီး

**ရန်ကုန် နိုဝင်ဘာ ၂၀**

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ဘလုတ်ညွှန့်ရပ်ကွက် သော်ကလမ်းသွယ်၌ နိုဝင်ဘာ ၁၉ ရက် ည ၉ နာရီခွဲတွင် ကျော်မြင့်အောင် (ခ) အောင်နိုင်မ (ခ) ထွန်းဇော်ထွန်း (ငါးဒိုင်လုပ်သား) ကြည့်မြင်တိုင်မြို့နယ်နေသူသည် ဓားရှည်ကိုင်ဆောင်၍ ဆဲဆိုရမ်းကားနေသဖြင့် စက်ဆန်းနယ်မြေရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်ထိန်းသိမ်းစဉ် ၎င်းက အရိုးအသွား ၂၂ လက်မခန့်ရှိ ငှက်ကြီးတောင်ဓားဖြင့် ရဲတပ်ဖွဲ့ဝင်များအား လိုက်လံခုတ်သောကြောင့် ရဲတပ်ဖွဲ့ဝင်များက ၁၂ ဗို့ ပြောင်းချော သေနတ်ဖြင့် နှစ်ချက် သတိပေးပစ်ခတ် ဖမ်းဆီးခဲ့ရသည်။

သတိပေးပစ်ခတ်မှုကြောင့် ၎င်းတွင် ဝဲဘက်နံဘေး ထိမှန်ဒဏ်ရာ (မစိုးရိမ်ရ) ရရှိခဲ့သဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ကုသခဲ့ပြီး စက်ဆန်းနယ်မြေရဲစခန်းတွင် ဥပဒေနှင့်အညီ အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**




# မောင်တောမြို့နယ်၌ စီးကရက်စက္ကူပုံးအကြီး ၁၀၀ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၂၀**

မောင်တောမြို့နယ် နယ်မြေ (၄) ရှိ ဇီးပင်ချောင်းရဲကင်းစခန်းနှင့် ဇီးပင်ချောင်း လမ်းဆုံကြားရှိ ကားလမ်း၌ ဇီးပင်ချောင်းရဲကင်းစခန်းမှူး ပူးပေါင်းအဖွဲ့သည် ယနေ့ နံနက် ၁၀ နာရီ ၄၅ မိနစ်က သတင်းအရ စောင့်ဆိုင်းနေစဉ် မောင်တောမြို့ဘက်မှ ဇီးပင်ချောင်းရွာဘက်သို့ ယာဉ်မောင်း ထွန်းဝင်း ရပ်ကွက် (၁) အလယ်ရွာ မောင်တောမြို့နယ်နေသူ မောင်းနှင်ပြီး ဖေခင် (၄) ရပ်ကွက် မောင်တောမြို့နယ်နေသူနှင့် စည်သူကျော် (၃) ရပ်ကွက် မောင်တောမြို့နေသူတို့ လိုက်ပါလာသည့် ယာဉ်အမှတ် 9N/-----Lifan ယာဉ်အား ရပ်တန့်စစ်ဆေးရာ Marble တံဆိပ်ပါ စီးကရက်စက္ကူပုံးအကြီး ၅၀၊ Mansan တံဆိပ်ပါ စီးကရက်စက္ကူပုံးအကြီး ၅၀ စုစုပေါင်း ပုံး ၁၀၀၊ စုစုပေါင်းတန်ဖိုး ငွေကျပ် ၁၇၀၀၀၀၀၀ ခန့်အား တွေ့ရှိသိမ်းဆည်းခဲ့သည်။ ၎င်းတို့ကို စစ်မေးရာ ဒီဒါအာမတ် ဖက်လိပ်ပြင်ကျေးရွာ မောင်တောမြို့နယ်နေသူက လာရောက်ယူဆောင်မည်ဖြစ်ကြောင်းနှင့် စီးကရက်ပုံးများအား တစ်ဖက်နိုင်ငံသို့ တရားမဝင်တင်ပို့ရန် သယ်ဆောင်လာကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ထွန်းဝင်းပါ သုံးဦးနှင့် ဒီဒါအာမတ်တို့အား ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

# မောင်တောမြို့နယ်နှင့် ကျိုင်းတုံမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂၀**

ငါးခူရနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၉ရက် ညနေ ၅ နာရီခွဲက သတင်းအရ မောင်တောမြို့နယ် ကြက်ရိုးပြင်ကျေးရွာနေ ဇာဗိုအာလောင်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ငွေကျပ် ၃၅၀၀၀၀ သိမ်းဆည်း ရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ ၎င်း၏ နေအိမ်နှင့် မျက်နှာချင်းဆိုင် လူမနေသည့် နေအိမ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများကို ဝှက်ထားကြောင်း သိရှိရ၍ သွားရောက်ရှာဖွေခဲ့ရာ နေအိမ်အတွင်းရှိဗီရိုထဲမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၀၀၀ ကို လည်းကောင်း။

အလားတူ ယင်းနေ့နံနက် ၈ နာရီခွဲက မူးယစ်တပ်ဖွဲ့စု (၂၈) ကျိုင်းတုံမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့နယ် မိုင်းဇင်းကျေးရွာအုပ်စု တော်အန်း (၂) ကျေးရွာထိပ် ကျိုင်းတုံ-တာချီလိတ်သွား ကားလမ်းမပေါ်တွင် အားဒို မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀၊ ငွေကျပ် ၂၅၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာ့ရုပ်မြင်သံကြား

၂၁-၁၁-၂၀၁၈ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၇း၃၅ - မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း
၈း၃၅ - "မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီအကြောင်း သိကောင်းစရာ စကားဝိုင်း" (အပိုင်း-၂)
၁၀း၄၅ - "နွဲလို့ပျော် ထားဝယ်ခရိုင်မှ နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓပူဇနိယပွဲတော်"
၁၁း၄၀ - သုံးသပ်ရှုမြင် မြန်မာ့ရုပ်ရှင် "ဖရဲသီးမော်ဒယ်" (ခန့်စည်သူ၊ ဇေရဲထက်၊ ဝတ်မှုံရွှေရည်) ဒါရိုက်တာ-ကိုဇော် အရဏ်ဦး
၁၅း၀၀ - "တစ်ပါးသီလ"

**ညပိုင်း**

၁၆း၃၅ - "တောင်ပေါ်မြေက ပွဲတော်ည"
၁၇း၀၅ - အနုပညာခန်းရိပ်သာ "မောင်စိန်ဝင်း (ပုတီးကုန်း) နှင့် တွေ့ဆုံခြင်း"
၁၇း၂၀ - သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင်
၁၇း၃၅ - MRTV Travelogue
၁၉း၁၅ - မြန်မာဇာတ်လမ်းတွဲ "ဆေးရုံမှတ်တမ်း" (အပိုင်း-၂၄) (အောင်မြင့်မြတ်၊ မြတ်သူအောင်၊ သူရထူး၊ နွယ်ဒါလီထွန်း၊ ခင်သဇင်၊ ဂုဏ်ရည်အေးကျော်) ဒါရိုက်တာ-မင်းခိုက်စိုးစန်
၂၀း၀၀ - ပြည်တွင်းသတင်း၊
၂၀း၃၅ - "မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီအကြောင်း သိကောင်းစရာ စကားဝိုင်း" (အပိုင်း-၃)
- စမ်းချောင်းဆစ်ကွန်၊ ဆစ်ကွန်စမ်းချောင်း (အပိုင်း-၁၈) "ခေတ်မီသူတိုင်း သတ်သေကြသည်"
- သုခမရင်ခွင်အငြိမ့်သဘင် "မန္တလေးလူငယ်များအငြိမ့်" (မင်းသမီး-ရွှေရည်သန့်၊ လူရွှင်တော်-ထင်ပေါ်၊ ထင်ကျော်၊ မင်းနောင်) (ဒါရိုက်တာ-ဖုန်းမြင့်အောင်)

# ရေပူစစ်ဆေးရေးအဖွဲ့ အင်ကြင်းကျောက်နှင့် မြွေမျိုးစုံ စစ်ဆေးတွေ့ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၀**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး နိုဝင်ဘာ ၁၉ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၈၂ စီး၊ သွင်းကုန် ၅၇၃ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၉ စီး၊ သွင်းကုန် ၁၆၈ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှု ပြုလုပ်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၉ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု လေးမှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၀ ဒသမ ၁၇၉ သန်း၊ မရမ်းချောင်အမြဲတမ်းစစ် ဆေးရေးစခန်းမှ တားဆီးမှု နှစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၄ ဒသမ ၃၂ သန်း စုစုပေါင်း တားဆီးမှု ခြောက်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၄ ဒသမ ၄၉၉ သန်းကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် နိုဝင်ဘာ ၁၉ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် EURO 125 မော်တော်ဆိုင်ကယ်တစ်စီး၊ AD Van ယာဉ်တစ်စီးအား စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် အင်ကြင်းကျောက် ၉၀ ကီလိုဂရမ်၊ မြွေမျိုးစုံ ၄၆၅ ကောင် (၁၁၉ ဒသမ ၄ ပိဿာ) နှင့် ပစ္စည်းသယ်ဆောင်သည့် ဆိုင်ကယ်/မော်တော်ယာဉ် နှစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၀ ဒသမ ၁၇၉ သန်းကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သိရသည်။

အလားတူ နိုဝင်ဘာ ၁၈ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်စဉ် Grand Gabin-G Hiace ယာဉ်တစ်စီးကို စစ်ဆေးခဲ့ရာ ခရီးဆောင်အိတ်များအတွင်း ထည့်သွင်းသယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် အင်ကြင်းကျောက် ၂၈၀ ကီလိုဂရမ်နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ် တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၀ ဒသမ ၆ သန်းကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကသာမြို့နယ်၌ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**ကသာ နိုဝင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်၌ ယနေ့ နံနက် ၆ နာရီခန့်က မူးယစ်ဆေးဝါး သတင်းအရ နေအိမ်အတွင်း ဝင်ရောက်ရှာဖွေရာမှ ငွေကျပ် သိန်း ၁၇၀ ကျော် တန်ဖိုးရှိ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိကြောင်း သိရသည်။




ဖြစ်စဉ်မှာ မူးယစ်တပ်ဖွဲ့စု (၆) ကသာမှ ရဲအုပ် ကျော်မင်းထွန်း ဦးစီး တပ်ဖွဲ့ဝင်များသည် မူးယစ်ဆေးဝါး သတင်းအရ ကသာမြို့နယ် အောက်ဝဲကြီးကျေးရွာအုပ်စု ကြာအင်းကျေးရွာနေ ချိုလတ် (ခ)မောင်ချို (၃၇ နှစ်) ၏နေအိမ်အား ဝင်ရောက်စစ်ဆေးရှာဖွေရာ ငွေကျပ် သိန်း ၁၇၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူ ၉၂ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၀ တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မူးယစ်ဆေးဝါးများ လက်ဝယ်တွေ့ရှိသူ ချိုလတ် (ခ) မောင်ချိုအား ကသာမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင် (ကချင်မြေ)**

# မအူပင်မြို့နယ်၌ ဘော်ဒါဆောင် မီးလောင်မှုဖြစ်ပွား

**မအူပင် နိုဝင်ဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့ အမှတ် ၂ ရပ်ကွက် ရွှေဘုန်းမြင့်ဘုရားအနောက် ခိုင်နှင်းဆီလမ်းထိပ်တွင် ဒေါ်သီတာဝင်း ဖွင့်လှစ်ထားသည့် ဇွဲမာန်ဝင့် ဘော်ဒါဆောင် သုံးထပ်အဆောက်အအုံမှာ နိုဝင်ဘာ ၁၉ ရက် ည ၇ နာရီခန့်က မီးလောင်မှုဖြစ်ပွားခဲ့ပြီး မအူပင်ခရိုင် မီးသတ်တပ်ဖွဲ့မှ ခရိုင်ဦးစီးအရာရှိ ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၏ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် ည ၇ နာရီ မိနစ် ၂၀ တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဘော်ဒါဆောင် အပေါ်ဆုံးထပ် အိပ်ဆောင်မှ ဝိုင်ယာရှော့ဖြစ်၍ စတင်လောင်ခဲ့ပြီး အလယ်ထပ်တွင် ကျောင်းသား ကျောင်းသူများ စာသင်နေကြောင်း၊ မီးလောင်မှုကြောင့် ကျောင်းသား ကျောင်းသူ သုံးဦး ဒဏ်ရာရရှိပြီး လေးဦး ထိတ်လန့်သတိမေ့ကာ စိုးရိမ်ဖွယ်မရှိကြောင်း သိရသည်။

**အောင်ခိုင်၊ အောင်မြင့်မြတ် (မအူပင်)**

# တရုတ်သမ္မတ ရှီကျင့်ဖျင် ဖိလစ်ပိုင်နိုင်ငံသို့ ပထမဆုံးနိုင်ငံတော်ခရီးစဉ်အဖြစ်ရောက်ရှိ

**မနီလာ နိုဝင်ဘာ ၂၀**

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် ဖိလစ်ပိုင်နိုင်ငံသို့ ပထမဆုံးနိုင်ငံတော်ခရီးစဉ်အဖြစ် အင်္ဂါနေ့အစောပိုင်းက ရောက်ရှိလာခဲ့ကြောင်း သတင်းများတွင် ဖော်ပြခဲ့သည်။

တရုတ်နှင့် အမေရိကန်တို့ ပစိဖိတ်ဒေသတွင် အင်အားချင်း သူနိုင်ကိုယ်နိုင် အပြိုင်ကြဲနေသည့်အချိန်တွင် တရုတ်သမ္မတ ရှီကျင့်ဖျင်သည် အမေရိကန်မဟာမိတ် ဖိလစ်ပိုင်နိုင်ငံသို့ လာရောက်ခြင်းဖြစ်ကြောင်းလည်း သိရသည်။

တရုတ်နိုင်ငံသည် ၂၀၁၆ခုနှစ်က ဖိလစ်ပိုင်သမ္မတအဖြစ် ရွေးချယ်ခဲ့သော ရိုဒရီကို ဒူတာတေးနှင့်လည်း မိတ်ဖက်ဖြစ်လာခဲ့သည်။ ဖိလစ်ပိုင်သမ္မတ ဒူတာတေးသည် အစဉ်အလာအားဖြင့် အမေရိကန်နှင့် ချုပ်ဆိုခဲ့သော ခံဝန်ချက်စာချုပ်များနှင့် ပတ်သက်ပြီး မတင်မကျဖြစ်နေသည်။

နှစ်ရက်ကြာမည်ဟု ခန့်မှန်းရသော တရုတ်သမ္မတ ရှီကျင့်ဖျင်၏ ၁၃ နှစ်ကြာမှ နိုင်ငံတော်ခရီးစဉ်အဖြစ် တစ်ခေါက်လာရောက်သော ပထမဆုံးဖိလစ်ပိုင်ခရီးစဉ်တွင် အဓိကအခြေခံအဆောက်အဦဆိုင်ရာ လုပ်ငန်းအစီအမံများနှင့်ပတ်သက်ပြီး စာချုပ်ချုပ်ဆိုနိုင်မည်ဟု မျှော်လင့်ရသည်။

အဆိုပါ အဓိကအခြေခံအဆောက်အဦဆိုင်ရာ လုပ်ငန်းအစီအမံများနှင့် ပတ်သက်ပြီး စာချုပ်ချုပ်ဆိုနိုင်ရေးသည် လွန်ခဲ့သည့်နှစ်နှစ်က ဖိလစ်ပိုင်သမ္မတ ဒူတာတေး တရုတ်နိုင်ငံသို့ သွားရောက်လည်ပတ်စဉ် တရုတ်နိုင်ငံမှ ကတိပြုခဲ့သော ကိစ္စဖြစ်သည်။

အာရှ၌ အမေရိကန်နိုင်ငံ၏ သြဇာလွှမ်းမိုးမှုကို ပြန်လည်ရင်ဆိုင်အန်တုသည့် အနေဖြင့် ကမ္ဘာလုံးဆိုင်ရာ နိုင်ငံရေးလွှမ်းမိုးမှုကို ဖြန့်ကြက်ရန် တရုတ်နိုင်ငံသည် မနီလာအား ၂၀၁၃ ခုနှစ်ကတည်းက ချေးငွေအမေရိကန်ဒေါ်လာ ဘီလီယံပေါင်းများစွာ ခွဲဝေပေးခဲ့သည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်မရောက်ခင်ကတည်းက တရုတ်နိုင်ငံသံရုံးရှေ့တွင် ဆန္ဒပြသူ ရာပေါင်းများစွာတို့ ပေကျင်းနှင့် အလွန်အမင်းရင်းနှီးကျွမ်းဝင်သည့် ဆက်ဆံရေး ထူထောင်မည်ကို ဆန့်ကျင်ခဲ့ကြသည်။ **အေအက်ဖ်ပီ**



နိုဝင်ဘာ ၂၀ ရက်က တရုတ်သမ္မတ ရှီကျင့်ဖျင် ဖိလစ်ပိုင်နိုင်ငံ နီနွိုင်အကွီနို အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်စဉ်။

# မဲလ်ဘုန်းကို အကြမ်းဖက်တိုက်ခိုက်ရန် ကြံစည်သူများအား ရဲတပ်ဖွဲ့ဖမ်းဆီး

**မဲလ်ဘုန်း နိုဝင်ဘာ ၂၀**

မဲလ်ဘုန်းတွင် ကျော့ချမ်းဖွယ်အကြမ်းဖက်တိုက်ခိုက်မှုပြုလုပ်ရန် အကွက်ချစီစဉ်သူ သုံးဦးကို အင်္ဂါနေ့အစောပိုင်းက ဖမ်းဆီးလိုက်ကြောင်း သိရသည်။

သြစတြေးလျ၏ ဒုတိယမြို့တော်၌ လူနှစ်ဦးသေဆုံးခဲ့သော အိုင်အက်စ် အစွန်းရောက် အကြမ်းဖက်အဖွဲ့၏ လက်ချက်ဟုဆိုရမည့် ဓားကိုင်ရမ်းကားမှု ဖြစ်ပွားပြီး ရက်သတ္တ နှစ်ပတ်မပြည့်မီ ယခုကဲ့သို့ အကြမ်းဖက် တိုက်ခိုက်မှုပြုလုပ်ရန် အကွက်ချစီစဉ်သူ သုံးဦးကို ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သက်ဆိုင်ရာ အာဏာပိုင်များက ပြောသည်။

မဲလ်ဘုန်းမြို့ လူစည်ကားသော နေရာများကို ပစ်မှတ်ထားတိုက်ခိုက်ရန် ပြင်ဆင်မှုများလုပ်ဆောင်၍ ပြီးလုဆဲဆဲတွင် တူရကီလေသံဝဲနေသော သြစတြေးလျနိုင်ငံသား သုံးဦးကို အကြမ်းဖက်တန်ပြန်တိုက်ဖျက်ရေးအဖွဲ့က ညခင်းပိုင်းစီးနင်းမှုတွင် ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိသူများသည် အိုင်အက်စ် အကြမ်းဖက်သမားများကို အထင်ကြီးနေသူများ ဖြစ်ကြောင်း၊ သို့သော်လည်း မည်သည့်အဖွဲ့နှင့် အတိအကျချိတ်ဆက်မှု ပြုလုပ်ထားသည်ဆိုသည်ကို မသိရသေးကြောင်း ရဲချုပ် ဂရာဟမ်အက်ရှ်တွန်က ပြောခဲ့သည်။

ညီအစ်ကိုနှစ်ဦးပါဝင်သော အမည်မသိ ဖမ်းဆီးရမိသူသုံးဦးကို မတ်လကတည်းက ကြိုတင်စောင့်ကြည့်ကာ စုံစမ်းမှုများ အဆက်မပြတ် လုပ်ဆောင်ခဲ့ကြောင်းနှင့် အထူးသဖြင့် ဓားကိုင်တိုက်ခိုက်မှုဖြစ်ပွားပြီး နောက်ပိုင်းတွင် အထူးကြပ်မတ် စောင့်ကြည့်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အဆိုပါ အိုင်အက်စ်အစွန်းရောက် အကြမ်းဖက်သမားများကို အထင်ကြီးနေသူ သုံးဦးသည် ပွိုင့် ၂၂ ရိုင်ဖယ် စက်သေနတ်များကို လိုက်ရှာနေသည်ဟု သတင်းရရှိကြောင်းနှင့် လာမည့်ခရစ္စမတ်ရာသီ လူအစည်ကားဆုံးအချိန်တွင် အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်မည်ကို သက်ဆိုင်ရာအာဏာပိုင်များက စိုးရိမ်မိကြောင်း သိရသည်။ အဆိုပါ သုံးဦးပါအဖွဲ့သည် တိုက်ခိုက်မှု ပြုလုပ်မည့် အချိန်နေ့ရက်ကို အတိအကျ မသတ်မှတ်ရသေးကြောင်းနှင့် မည်သည့်နေရာကို ပစ်မှတ်ထား တိုက်ခိုက်သွားမည်ဆိုသည်ကို မသိရသေးကြောင်း ရဲချုပ်က ဆက်လက်ပြောကြားခဲ့သည်။

သို့သော်လည်း အင်္ဂါနေ့အစောပိုင်းက ၎င်းတို့သုံးဦးပါအဖွဲ့ကို ဖမ်းဆီးလိုက်နိုင်ခြင်းကြောင့် ၎င်းတို့အဖွဲ့က ပြုလုပ်နိုင်သည့် မည်သည့်အကြမ်းဖက်တိုက်ခိုက်မှုမျှ စိုးရိမ်ထိတ်လန့်စရာ မရှိတော့ကြောင်း ရဲချုပ်က ဆက်လက်ပြောကြားခဲ့သည်။ **အေအက်ဖ်ပီ**



အကြမ်းဖက်တိုက်ခိုက်မှုပြုလုပ်ရန် ကြံစည်သူများကိုဖမ်းဆီးရမိနိုင်ရေး ရဲတပ်ဖွဲ့ဝင်များစီးနင်းထားသော အဆောက်အအုံမှ အမျိုးသမီးတစ်ဦး ထွက်လာစဉ်။

# အိမ်ဖြူတော်မှ စီအင်န်အင်န် သတင်းထောက်ကို သတင်းယူခွင့်ပြန်ပေး

**ဝါရှင်တန် နိုဝင်ဘာ ၂၀**

အိမ်ဖြူတော်မှ စီအင်န်အင်န်သတင်းထောက်ကို အိမ်ဖြူတော်အတွင်း သတင်းယူခွင့် ပိတ်ပင်ခဲ့ရာမှ ယခုအခါ ပြန်လည်ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။ စီအင်န်အင်န် သတင်းထောက်မှာ သတင်းစာရှင်းလင်းပွဲတစ်ခုအတွင်း သမ္မတထရမ့်နှင့် အချင်းများပြီး အိမ်ဖြူတော်သတင်းယူခွင့်ပိတ်ပင်ခံရခြင်း ဖြစ်သည်။

အိမ်ဖြူတော်မှပြောရေးဆိုခွင့်ရှိသူ ဆာရာဆန်ဒရာက စီအင်န်အင်န်သတင်းထောက်ကို သတင်းယူခွင့်ပြန်ပေးလိုက်ကြောင်း တနင်္လာနေ့က ကြေညာခဲ့သည်။ သတင်းထောက် ဂျင်အကော့စတာသည် ယခုလအစောပိုင်းတွင် သတင်းစာရှင်းလင်းပွဲ၌ သမ္မတထရမ့်နှင့် ပဋိပက္ခဖြစ်ပြီးနောက် အိမ်ဖြူတော်သို့ သတင်းဝင်ယူခွင့် ဆုံးရှုံးခဲ့သူလည်း ဖြစ်သည်။

သတင်းယူခွင့်ပြန်ပေးရန်အတွက် စီအင်န်အင်န်သတင်းဌာနမှ အိမ်ဖြူတော်နှင့် အခြားသောအရာရှိများကို တရားစွဲဆိုခဲ့သည်။ ဝါရှင်တန်ရှိတရားရုံးမှ သောကြာနေ့တွင် စီအင်န်အင်န်သတင်းထောက်ကို သတင်းရယူခွင့်ပြန်ပေးရန် အမိန့်ချခဲ့သည်။ သတင်းစာရှင်းလင်းပွဲအတွက် စည်းမျဉ်းစည်းကမ်းအသစ်များ ချမှတ်သွားမည်ဟု အိမ်ဖြူတော်မှ ပြောရေးဆိုခွင့်ရှိသူ ဆန်ဒရာက တနင်္လာနေ့က ပြောသည်။

သတင်းစာရှင်းလင်းပွဲအတွင်း မေးခွန်းမေးမြန်းသည့်အခါ သတင်းထောက်များသည် မေးခွန်းတစ်ခုတည်းကိုသာ မေးမြန်းခွင့်ရှိမည်ဖြစ်ပြီး နောက်ဆက်တွဲမေးခွန်းများကို သမ္မတ၏ခွင့်ပြုချက်ဖြင့်သာ သတင်းထောက်များက ဆက်လက်မေးမြန်းခွင့်ရမည် ဖြစ်သည်။

မေးခွန်းမေးမြန်းပြီးသည့်အခါ၌လည်း သတင်းထောက်များသည် မိုက်ခရိုဖုန်းကို လက်မှချထားရမည်ဖြစ်သည်။ အဆိုပါ စည်းမျဉ်းစည်းကမ်းများကို မလိုက်နာသော သတင်းထောက်များသည် သတင်းရယူခွင့်ကို ပိတ်ပင်ခံရမည်ဖြစ်သည်ဟုလည်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ဆော်ဒီအိမ်ရှေ့မင်းသား ဂျီ- ၂၀ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်မည်

**ရီယာ့ဒ် နိုဝင်ဘာ ၂၀**

ဆော်ဒီအိမ်ရှေ့မင်းသား မိုဟာမက်ဘင်ဆယ်မန်သည် လာမည့် သီတင်းပတ်အတွင်း အာဂျင်တီးနားနိုင်ငံ၌ ပြုလုပ်မည့် ဂျီ- ၂၀ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်မည်ဟု သိရသည်။

ဆော်ဒီအာရေဗျနှင့်ရင်းနှီးသော ရုပ်သံဌာနဖြစ်သည့် အရှေ့အလယ်ပိုင်း အယ်အာရေဗီးယား ရုပ်သံလိုင်းမှ ဆော်ဒီအိမ်ရှေ့မင်းသား အစည်းအဝေးတက်ရောက်မည့်သတင်းကို ထုတ်လွှင့်ခဲ့ခြင်းဖြစ်သည်။ အိမ်ရှေ့မင်းသားသည် လက်ရှိအချိန်တွင် တူရကီရှိဆော်ဒီကောင်စစ်ဝန်ရုံးအတွင်း ဂျာနယ်လစ်တစ်ဦးဖြစ်သူ ဂျမားလ်ခါရှော့ဂီ အသတ်ခံရမှုအတွက်အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းတွင် ဝိုင်းဝန်းရှုတ်ချနေချိန်လည်းဖြစ်သည်။ အမေရိကန်ထောက်လှမ်းရေး အေဂျင်စီဖြစ်သည့် စီအိုင်အေမှလည်း ဆော်ဒီအိမ်ရှေ့မင်းသားမှာ ဂျမားလ်ခါရှော့ဂီကို သတ်ဖြတ်ရန်စေခိုင်းသူဟု တင်ပြကြသည်။ သို့သော်ဆော်ဒီအစိုးရကမူ ယင်းစွပ်စွဲချက်ကို ဆက်လက်ငြင်းဆန်နေဆဲ ဖြစ်သည်။ ဆော်ဒီဘုရင်ဆယ်မန်ကမူ ၎င်းမှာအိမ်ရှေ့မင်းသားကို ဆက်လက်ယုံကြည်နေဆဲဖြစ်သည်ဟု တနင်္လာနေ့က ပြောသည်။

အိမ်ရှေ့မင်းသားသည် ဂျီ-၂၀ ထိပ်သီးအစည်းအဝေးသို့တက်ရောက်ပြီး အမေရိကန်သမ္မတဒေါ်နယ်ထရမ့်နှင့် အခြားသော ကမ္ဘာ့ခေါင်းဆောင်များကို ၎င်းအပြစ်ကင်းကြောင်း ကြေညာနိုင်ရေးဆောင်ရွက်သွားနိုင်ဖွယ်ရှိသည်ဟု လေ့လာသူများက ပြောသည်။ ဆော်ဒီနိုင်ငံအတွင်း ၎င်း၏နေရာမှာ ခိုင်မာဆဲဖြစ်ကြောင်းလည်း ပြသသွားဖွယ်ရှိသည်။ **အင်န်အိတ်ချ်ကေ**



ဆော်ဒီအိမ်ရှေ့မင်းသား မိုဟာမက် ဘင်ဆယ်မန်။

## နိုင်ငံတကာ သတင်းတိုထွာ

### ဘရူနိုင်းနိုင်ငံသို့ ပထမဆုံးအကြိမ်အဖြစ် တရုတ်သမ္မတ လာရောက်

**ဘန်ဒါဆရီဘီဂါဝန် နိုဝင်ဘာ ၂၀**

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် ဘရူနိုင်းနိုင်ငံသို့ နိုဝင်ဘာ ၁၈ ရက်က နိုင်ငံတော်ခရီးစဉ်အဖြစ် ရောက်ရှိလာခဲ့ကြောင်း သိရသည်။ ယခုကဲ့သို့ တရုတ်နိုင်ငံခေါင်းဆောင်တစ်ဦးအနေဖြင့် ဘရူနိုင်းနိုင်ငံသို့ လာရောက်ခြင်းသည် ၁၃ နှစ်တာအတွင်း ပထမဆုံးအကြိမ်ဖြစ်ကြောင်း သိရသည်။

သမ္မတရှီအား ဘရူနိုင်းနိုင်ငံ တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုခဲ့ကြသည်။ ရှီက တရုတ်နိုင်ငံနှင့် ဘရူနိုင်းနိုင်ငံတို့သည် ပင်လယ်ပြင်ကိုဖြတ်ကာ နီးကပ်သော အိမ်နီးချင်းများဖြစ်သလို နှစ်ဖက်ရင်းနှီးချစ်ကြည်စွာ နေထိုင်ခဲ့သည့် သမိုင်းကြောင်းများရှိသဖြင့် တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်ယုံကြည်သော မိတ်ဆွေကောင်းများဖြစ်ကြောင်း ပြောကြားခဲ့သည်။ ဘရူနိုင်းနိုင်ငံနှင့် သံတမန်ဆက်ဆံရေးထူထောင်ခဲ့သည့် ၂၇ နှစ်တာကာလမှစ၍ ဘရူနိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် တစ်ဖက်နှင့်တစ်ဖက် တန်းတူညီမျှဆက်ဆံခဲ့ကြောင်း၊ နိုင်ငံရေးအရ အပြန်အလှန်ယုံကြည်မှုများ နက်ရှိုင်းလာကာ ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များတွင် အသီးအပွင့်များခံစားခဲ့ရပြီး နှစ်နိုင်ငံပြည်သူများအတွက် အကျိုးအမြတ်များဖြစ်ထွန်းစေကြောင်း ပြောခဲ့သည်။

ယခုခရီးစဉ်သည် သမ္မတရှီ၏ အာရှ-ပစိဖိတ်ခရီးစဉ်၏ ဒုတိယမြောက်နိုင်ငံဖြစ်ကြောင်း သိရသည်။ ရှီသည် ဘရူနိုင်းနိုင်ငံမှ ဖိလစ်ပိုင်နိုင်ငံသို့ ဆက်လက်သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

### အိန္ဒိယ၌ မုန်တိုင်းဂါဂျာကြောင့် သေဆုံးသူ ၄၅ ဦးအထိရှိ

**နယူးဒေလီ နိုဝင်ဘာ ၂၀**

အိန္ဒိယနိုင်ငံ တမီလ်နာဒူးဒေသတွင် တိုက်ခတ်ခဲ့သော ဂါဂျာဆိုင်ကလုန်းမုန်တိုင်းကြောင့် သေဆုံးသူဦးရေမှာ ယခုအခါတွင် ၄၅ ဦးအထိ ရှိလာပြီဖြစ်ကြောင်း တမီလ်နာဒူး ပြည်နယ်ဝန်ကြီးချုပ် အက်ဒါပါတီ ပါလာနီဆွာမီက မကြာသေးမီတွင် ပြောကြားလိုက်သည်။

မုန်တိုင်း တိုက်ခတ်သွားရာတွင် ဒေသခံအစိုးရက ကူညီကယ်ဆယ်မှုများ တိုးမြှင့်လုပ်ဆောင်နေကြောင်း၊ လူ ၂၀၀၀၀၀ ကျော်ကို ကယ်ဆယ်ရေးစခန်း ၄၉၃ ခုသို့ ပြောင်းရွှေ့ပေးထားကြောင်း သည်တိုင်းမ်အော့ဖ် အိန္ဒိယသတင်းများအရ သိရသည်။

ဆိုင်ကလုန်းမုန်တိုင်း ဂါဂျာသည် နိုဝင်ဘာ ၁၆ ရက်က တမီလ်နာဒူးပြည်နယ်ကမ်းရိုးတန်းကို တိုက်ခတ်ခဲ့ရာ သစ်ပင်များအမြစ်မှ ကျွတ်ထွက်လဲပြိုခဲ့ကြောင်း သိရသည်။

ထို့အတူ နေရာအနှံ့အပြားတွင်လည်း ဆက်သွယ်ရေးနှင့် လျှပ်စစ်များပြတ်တောက်ခဲ့ကြောင်းနှင့် အဆောက်အအုံပေါင်း ၈၀၀၀၀ ကျော်လည်း ပျက်စီးခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# သဘာဝဘေးအန္တရာယ်ကြောင့် ဆင်းရဲသူများဒုက္ခမခံစားစေချင်

**ထွန်းသစ်စ**



ကယ်လီဖိုးနီးယား တောမီးလောင်ကျွမ်းမှုအတွင်း ရှာဖွေမှုများလုပ်ဆောင်နေသော တာဝန်ရှိသူများကို တွေ့ရစဉ်။

မကြာသေးမီက ဖြစ်ပေါ်ခဲ့တဲ့ အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားတောမီးဟာ လူပေါင်း ၇၀ ကျော်ကို သေစေခဲ့သလို ရာချီထိခိုက်ဒဏ်ရာ ရရှိခဲ့ပါတယ်။ ထို့အတူ လူပေါင်း ၁၀၀၀ကျော်လည်း ပျောက်ဆုံးလျက်ရှိပါတယ်။ အဲဒီဖြစ်စဉ်ဟာ အမေရိကန်နိုင်ငံသာမက ကမ္ဘာကြီးကိုလည်း ခြိမ်းခြောက်လျက်ရှိပါတယ်။ ဟုတ်ပါတယ်။ သဘာဝ တောမီးဘေးတင်မကပါဘူး။ ကမ္ဘာတစ်ဝန်းမှာ တခြားသဘာဝဘေးတွေကြောင့် ဖြစ်ပွားခဲ့တဲ့ ဖြစ်စဉ်တွေဟာ လူသားတွေရဲ့အသက်အန္တရာယ်ကို ပိုပိုပြီးခြိမ်းခြောက်လျက်ရှိတယ်ဆိုတာ ငြင်းလို့မရပါဘူး။ သဘာဝဘေးဒုက္ခတွေကို ဘယ်လိုလူတွေပိုပြီး ခံစားရသလဲ။ ဒါဟာလည်း စဉ်းစားစရာတစ်ခုဖြစ်ပါတယ်။

**သဘာဝဘေးဒုက္ခ**

အမေရိကန်နိုင်ငံရဲ့ မကြာခဏ ဝမ်းနည်းဖွယ်ကောင်းတဲ့ သဘာဝတောမီးဖြစ်စဉ်တွေ၊ ရေကြီးမှုဖြစ်စဉ်တွေကိုလည်း အမေရိကန်ပြည်သူတို့ မျက်ဝါးထင်ထင် တွေ့ကြုံခံစားခဲ့ရပေပြီ။ သဘာဝဘေးအထူးသဖြင့် တောမီးလောင်ကျွမ်းမှု၊ ရေကြီးမှုကြောင့်ဖြစ်ပေါ်လာသော သဘာဝဘေးဒုက္ခတွေအပြင် အခြားဆက်စပ်သဘာဝဘေးဒုက္ခတွေကိုလည်း ခံစားခဲ့ရပါတယ်။ ရေလွှမ်းမိုးမှုကြောင့် အချို့ဓာတုစက်ရုံတွေ ရေမြုပ်ခဲ့ရာမှတစ်ဆင့် ပေါက်ကွဲမှုတွေ ဖြစ်ပွားခဲ့ပါတယ်။ သဘာဝတောမီးလောင်ကျွမ်းမှုနဲ့ တခြားဆက်စပ်သဘာဝဘေးဒုက္ခတွေကြောင့်လည်း သေဆုံး၊ ဒဏ်ရာရရှိမှုတွေလည်းရှိရာ ကျန်ရစ်သူ မိသားစုတွေနဲ့ ထပ်တူဝမ်းနည်းဖွယ်ကောင်းအောင် ခံစားခဲ့ရပါတယ်။ ဆိုးရွားလှပါတယ်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်လည်း တောမီးလောင်တဲ့နေရာကို စနေနေ့က သွားရောက်ခဲ့ပြီး ဝမ်းနည်းကြောင်း ဖော်ပြခဲ့ပါတယ်။ အခုလောင်ကျွမ်းခဲ့တဲ့ တောမီးဟာ အမေရိကန်ပြည်ထောင်စုမှာ အဆိုးရွားဆုံး တောမီးလောင်ကျွမ်းမှုဟု ခေါ်ဆိုရမှာဖြစ်ပါတယ်။ အဲဒီတောမီးလောင်ကျွမ်းမှုကြောင့် သစ်တောသယံဇာတတွေပျက်စီးခဲ့သလို သစ်တောမှာ အမှီပြုနေထိုင်နေကြတဲ့ သားကောင်တွေလည်း သေကျေခဲ့ရသလို ဂေဟစနစ်ကြီးတစ်ခုလည်း ပျက်စီးခဲ့တယ်လို့ ဆိုရမှာ ဖြစ်ပါတယ်။

နောက်အဆိုးရွားဆုံး သဘာဝဘေး ဒုက္ခတစ်ခုကတော့ မုန်တိုင်းကြောင့် ရေဘေးဒုက္ခခံစားရတာပဲဖြစ်ပါတယ်။ ဟာရီကိန်းမုန်တိုင်း ဟာဗေးကြောင့် အမေရိကန်နိုင်ငံ ဟူစတန်မြို့မှာ တစ်ခါမှ မကြုံဖူးတဲ့ မိုးရေချိန် ၁၇ လက်မအထက်မြင့်တက်သွားတဲ့အတွက် အကြီးအကျယ်ရေလွှမ်းမိုးမှုဖြစ်ပွားခဲ့တဲ့ဖြစ်စဉ်တစ်ခု သိပ်မကြာသေးခင်နှစ်အတွင်းက ဖြစ်ပွားခဲ့ပါတယ်။ အဲဒီမြို့ရဲ့မြေနိမ့်ပိုင်းမှာ နေထိုင်သူတွေအဖို့ အကြီးအကျယ် ကံဆိုးမိုးမှောင်ကျခဲ့ပါတယ်။

**ဝင်ရောက်နှိပ်စက်**

အခုလို သဘာဝဘေးဒုက္ခတွေ ကမ္ဘာတစ်ဝန်းဖြစ်ပွားနေကာ ထိခိုက်သူတွေဟာ ဆင်းရဲသား ဝင်ငွေနည်းသူတွေဖြစ်တာကို လေ့လာတွေ့ရှိရပါတယ်။ ဆင်းရဲသူတွေနဲ့ တချို့လူနည်းစုအတွက် အခုလိုမျိုး သဘာဝဘေး ဒုက္ခတွေဟာ တစ်ပူပေါ်နှစ်ပူဆင့်ဆိုသလို အရင်ကတည်းကမှ ဆင်းရဲနေလို့ ဈေးပေါပေါရတဲ့ နေရာတွေမှာ ဖြစ်သလို နေထိုင်နေရပြီး ဝမ်းရေးကို ခက်ခက်ခဲခဲ ဖြေရှင်းနေရတဲ့အထဲ သဘာဝဘေးဒုက္ခတွေက ဝင်ရောက်နှိပ်စက်တော့ ပိုလို့ဆိုးရွားစေခဲ့တာ အမှန်ပဲဖြစ်ပါတယ်။

အကြောင်းစုကို ပေါင်းစုကြည့်တော့ ဝင်ငွေနည်းလူနည်းစုတွေဟာ သဘာဝဘေးအန္တရာယ်နဲ့ မကြာခဏ ပိုမိုရင်ဆိုင်ကြုံတွေ့နိုင်တဲ့ အခြေအနေများတာကိုတွေ့ရပါတယ်။ ဝင်ငွေနည်းလူနည်းစုဟာ ပိုက်ဆံမတတ်နိုင်တဲ့အတွက် သဘာဝဘေးကျရောက်တဲ့ နေရာတွေမှာရှိတဲ့၊ ဈေးပေါတဲ့နေရာတွေမှာ နေစရာအိမ်တွေဆောက်ကြပြီး နေထိုင်ရတာကြောင့် အခုလိုဘေးဒုက္ခတွေနဲ့ ပိုမိုရင်ဆိုင်ရတာဖြစ်တယ်လို့ တက္ကဆက်အေအင်န်အမ်တက္ကသိုလ် ဘေးဒုက္ခလျှော့ချရေးနှင့် ပြန်လည်ထူထောင်ရေးစင်တာ၏ ကျေးလက်ဒေသစီမံကိန်းရေးဆွဲရေးပညာရှင် ရှန်နွန်ဗန်ဇန့်ဒ်က ပြောခဲ့ပါတယ်။

**ရင်ဆိုင်အန်တုဖို့ မလွယ်**

သဘာဝဘေးအန္တရာယ်များဟာ ဆင်းရဲသားလူတန်းစားအတွက် ရင်ဆိုင်အန်တုရန် ပိုမိုခက်ခဲတဲ့အရာများ ဖြစ်ခဲ့ပါပြီ။ အဘယ်ကြောင့်နည်း။ ရှင်းပါတယ်။ အဆိုပါလူတန်းစားမှာ အရေးပေါ်ပြောင်းရွှေ့နိုင်မယ့် သို့မဟုတ် ဟိုနားဒီနားသွားလာနိုင်မယ့် အနည်းဆုံး ကားတစ်စီးတောင်မရှိတာကြောင့် ဖြစ်ပါတယ်။ ဒါ့အပြင် အခြားအကြောင်းခြင်းရာများကြောင့်လည်း ဖြစ်နိုင်ပါတယ်။ ယင်းအချက်များမှာ အဆိုပါသဘာဝဘေးအန္တရာယ်ဖြစ်ပွားသောနေရာများတွင် ရှိနေသော အလုပ်အကိုင် သို့မဟုတ် ပိုင်ဆိုင်မှုအနည်းအကျဉ်းကို စွန့်လွှတ်ဆုံးရှုံးရမည်ကို ကြောက်သောကြောင့်လည်း ဖြစ်ကောင်း ဖြစ်နိုင်ပါတယ်။

ယင်းအပြင် ရွှေ့ပြောင်းအခြေချသူများဆိုလျှင်ကား အင်္ဂလိပ်စကားပြောအခက်အခဲရှိကောင်းလည်းရှိနိုင်သကဲ့သို့ လူဝင်မှုကြီးကြပ်ရေး အာဏာပိုင်များကိုလည်း ကြောက်နေကောင်းကြောက်နေရမည်ဖြစ်ပါတယ်။ ယင်းအခြေအနေများက ဆင်းရဲသားလူတန်းစားအတွက် သဘာဝဘေးအန္တရာယ် မကျရောက်ခင် အဆိုပါနေရာများက ပြောင်းရွှေ့ရန် အခက်အခဲများပင် ဖြစ်ပါတယ်။

မီးလောင်ပြီးနောက် ကျန်ရှိခဲ့တဲ့ အခြေအနေတွေဟာ လွမ်းမောကြေကွဲဖွယ်ကောင်းလှပါတယ်။ ပူဆွေးဖွယ် ကောင်းလှပါတယ်။ သစ်ပင်ကြီးငယ် ဟူသမျှတို့ မီးလောင်ပျက်စီးခဲ့သလို၊ တောမီးလောင်ကျွမ်းရာ မြေပြင်ဟာလည်း ခြောက်သွေ့မည်းနက်ကာ မီးခိုးတလူလူနဲ့ အနိဋ္ဌာရုံကြီးတစ်ခုလို မြင်ရသူအပေါင်းစိတ်မကောင်းစရာ ကောင်းလှပါတယ်။ ယုန်၊ သမင်၊ ကြောင်၊ ဆတ်၊ မြွေစတဲ့ သားကောင်လေးတွေသာမက လူတွေရဲ့မပြေးသာ၊ မလွှနိုင်သာ၊ မရုန်းသာဘဲ၊ ကြောက်အားလန့်အားနဲ့ သေပွဲဝင်ခဲ့ရတဲ့ မီးလောင်ရုပ်ကြွင်းတွေဟာလည်း မြင်ရသူ အပေါင်း စိတ်ဘဝင်မခိုင်လောက်အောင် ညှိုးငယ်ကြေကွဲဖွယ်ဖြစ်ရ”

မိုးထဲလေထဲတွင် ဒုက္ခခံစားနေရသူများမှာ ဆင်းရဲသားလူတန်းစားများသာဖြစ်တယ်လို့ ပြောလို့မရပေမယ့် ဆင်းရဲသားလူတန်းစားအများစုသာ အဆိုပါ သဘာဝဘေးဒုက္ခကို ခံစားနေရသူများဖြစ်တယ်ဆိုတာဟာ ငြင်းမရတဲ့အချက်ဖြစ်ပါတယ်။ ထို့အတူ အခြားသော သဘာဝဘေးဒုက္ခများနည်းတူ တောမီးလောင်ကျွမ်းမှုဟာလည်း ဆင်းရဲ၊ ချမ်းသာ၊ လူတန်းစားမရွေးဘဲ ကယ်လီဖိုးနီးယားကို ဝင်ရောက်မွှေနှောက်ခဲ့ရာ ကယ်လီဖိုးနီးယားနေပြည်သူတွေ ဒုက္ခပင်လယ်ဝေခဲ့ကြရပါတယ်။

**မမြဲသောတရားသဘော**

မီးလောင်ပြီးနောက် ကျန်ရှိခဲ့တဲ့ အခြေအနေတွေဟာ ဝမ်းနည်းကြေကွဲဖွယ် ကောင်းလှပါတယ်။ သစ်ပင်ကြီးငယ်ဟူသမျှတို့ မီးလောင်ပျက်စီးခဲ့သလို၊ တောမီးလောင်ကျွမ်းရာ မြေပြင်ဟာလည်း ခြောက်သွေ့ မည်းနက်ကာ မီးခိုးတလူလူနဲ့ အနိဋ္ဌာရုံကြီးတစ်ခုလို မြင်ရသူအပေါင်း စိတ်မကောင်းစရာကောင်းလှပါတယ်။ ယုန်၊ သမင်၊ ကြောင်၊ ဆတ်၊ မြွေစတဲ့ သားကောင်လေးတွေသာမက လူတွေရဲ့ မပြေးသာ၊ မလွှနိုင်သာ၊ မရုန်းသာဘဲ၊ ကြောက်အားလန့်အားနဲ့ သေပွဲဝင်ခဲ့ရတဲ့ မီးလောင်ရုပ်ကြွင်းတွေဟာလည်း မြင်ရသူအပေါင်း စိတ်ဘဝင်မခိုင်လောက်အောင်ဖြစ်ရပါတယ်။ ထို့အတူပါပဲ အဆောက်အအုံတွေလည်း မီးလောင်ကျွမ်းတဲ့ဟာက လောင်ကျွမ်း၊ ပြုတ်ကျတဲ့ဟာက ပြုတ်ကျ၊ ပြာဖြစ်သွားတာကဖြစ်နဲ့ ဝမ်းနည်းကြေကွဲဖွယ်ဖြစ်ပါတယ်။

ကယ်ဆယ်ရေးတွေလည်း ဟိုပြေး ဒီလွှားနဲ့ ဘေးဒုက္ခခံစားနေသူတွေကို ကူညီဖေးမလို့၊ ဆေးဝါးစောင့်ရှောက်မှုခံယူသင့်သူတွေကို ဆေးရုံပို့သူပို့နဲ့ အဲဒီလို မီးလောင်ပြီးနောက် ကျန်ရှိခဲ့တဲ့ အပျက်အစီးတွေဟာ လူတွေကို တရားပြနေသလို၊ လောကမှာ ဘယ်အရာမှ မမြဲသောသဘောတရား ရှိတယ်ဟု ပြောပြနေသလိုပါပဲ။

**ဆင်းရဲသားတွေအတွက်**

မှန်ပါတယ်။ သူတို့လို ဖွံ့ဖြိုးတိုးတက်တဲ့ တိုင်းနိုင်ငံကြီးတွေမှာတောင် သဘာဝဘေးဒုက္ခက လွတ်မြောက်အောင်မလုပ်နိုင်ဘဲ ခံစားရတယ်ဆိုပါက ကျန်ရှိနေတဲ့ တိုင်းနိုင်ငံတွေမှာ မည်သို့ဆိုဖွယ်ရှိပါ့မလဲ။ သဘာဝဘေးဒုက္ခတွေကို ဆင်းရဲချမ်းသာမရွေးခံစားရသည်ဆိုသော်လည်း ဆင်းရဲသားတွေအတွက်တော့ဘူးလေးရာ ဖရုံဆင့်ဖြစ်ရပါတယ်။ တကယ်ဒုက္ခခံစားနေရတဲ့သူတွေဆီကို အခုတော့ လိုအပ်တဲ့ကူညီမှုတွေ လုပ်ဆောင်နေကြပြီလို့ သတင်းတွေမှာ ကြားသိရပါတယ်။

ပျက်စီးသွားတဲ့နေရာတွေမှာ ပြန်လည်တည်ဆောက်မှုတွေ လုပ်မယ်ဆိုရင်တော့ ဆင်းရဲသားတွေဟာ ထောက်ပံ့ငွေပြန်လည်ရရှိမှာဖြစ်ပါတယ်။ သို့သော်လည်း သူတို့မှာ အရင်းအမြစ်အတော်များများဆုံးရှုံးခဲ့ပါတယ်လို့ တက္ကဆက် အေအင်န်အမ်တက္ကသိုလ် ဘေးဒုက္ခလျှော့ချရေးနှင့် ပြန်လည်ထူထောင်ရေး စင်တာရဲ့ကျေးလက်ဒေသစီမံကိန်းရေးဆွဲရေး ပညာရှင် ရှန်နွန်ဗန်ဇန့်ဒ် ကပြောခဲ့ပါတယ်။ ဒါကြောင့် သဘာဝဘေးဒုက္ခဖြစ်ပေါ်တဲ့အချိန်မှာနဲ့ ကြုံတွေ့ခံစားနေရတဲ့အချိန်မှာ ဆင်းရဲသားလူတန်းစားတွေအတွက် ထိခိုက်နစ်နာမှုမရှိဘဲ အကောင်းဆုံး အခွင့်အလမ်းတွေပြန်လည်ရရှိဖို့ ကြိုးစားဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒါမှသာ သဘာဝဘေးဒုက္ခခံစားပြီးနောက်မှာ ပြန်လည်နာလန်ထူလာနိုင်မှာဖြစ်ပါတယ်။ ။

**ကိုးကား-အေအက်ဖ်ပီ**

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ရွှေတောင်မြို့နေပြည်သူလူထု တွေ့ဆုံ

**ရွှေတောင် နိုဝင်ဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နေ ပြည်သူလူထုနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် တွေ့ဆုံပွဲကို ရွှေတောင်မြို့ မြို့နယ်ခန်းမ၌ နိုဝင်ဘာ ၁၈ ရက်က ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့သည်။

တွေ့ဆုံပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း က ရွှေတောင်မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ တာဝန်ရှိသူများအနေဖြင့် တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ ဒေသဖွံ့ဖြိုးရေးကိစ္စများကို ဆောင်ရွက်ရာတွင် အုပ်ချုပ်ရေးနှင့်ပတ်သက်၍ မိမိတို့ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် တရားဥပဒေနှင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာရန်၊ ဒီမိုကရေစီစနစ်သို့ ပြောင်းလဲချီတက်ရာတွင် ဥပဒေကို လေးစားလိုက်နာကျင့်သုံးရန် မဖြစ်မနေလိုအပ်ကြောင်း၊ ရုပ်ပိုင်းဆိုင်ရာပြောင်းလဲမှုထက် စိတ်ပိုင်းဆိုင်ရာ ပြောင်းလဲမှုက ပိုအရေးပါသည်ကို တိုက်တွန်းပြောကြားလိုကြောင်း၊ ရပ်ရွာများအတွင်း နှစ်ရှည်လများ ဖြစ်ပွားနေသော မြေယာစီမံခန့်ခွဲမှုကိစ္စများ၊ ပုံစံ(၇) ထုတ်ပေးမှုများနှင့် သိမ်းဆည်းမြေစိစစ်သည့်ကိစ္စများတွင် အဆင့်ဆင့်သော တာဝန်ရှိသူများအနေဖြင့် သတ်မှတ်ထားသော မူဝါဒများ၊ ဥပဒေများနှင့်အညီ အောက်ခြေအထိ ကွင်းဆင်းဆောင်ရွက်ပြီး အဖြေရှာ တင်ပြပေးကြရန်၊ မိမိတို့ဒေသ လိုအပ်ချက်များထဲမှ အမှန်တကယ် လိုအပ်ချက်များကို အောက်ခြေအဆင့်ဆင့်မှ တင်ပြပေးရန်နှင့် မိမိတို့အစိုးရအနေဖြင့် တိုင်းဒေသကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဒေသလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး အဓိကထား ဆောင်ရွက်ပေးနေသလို ကိုယ့်တာဝန်ကိုမကျေဘဲ လာဘ်ပေးလာဘ်ယူ လုပ်နေသူများကို အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသည်။

ထို့နောက် တွေ့ဆုံပွဲတက်ရောက်သည့် ကျေးရွာနေပြည်သူများက လမ်း၊ တံတားစသည့် အခြေခံအဆောက်အအုံများ၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍ လိုအပ်ချက်များနှင့် အခြားလိုအပ်ချက်များကို တင်ပြခဲ့ကြကာ ဝန်ကြီးချုပ်က ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။ **ဟိန်းထက်(ပဲခူး)**



# စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲရေးလုပ်ငန်းစဉ် သုံးသပ်ဆွေးနွေးခြင်း အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**လှိုင်ကော် နိုဝင်ဘာ ၂၀**

ကယားပြည်နယ်ရှိ ဒေသခံအရပ်ဘက်အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များက မိမိဒေသအတွင်း ဘဏ္ဍာရေးနှင့် စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို သိရှိနားလည်စေရန်၊ နိုင်ငံတော်၏ စီးပွားရေးမူဝါဒအပိုဒ်(၁)နှင့်အညီ ပိုမိုကောင်းမွန်သော ပြည်သူ့ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲဆောင်ရွက်မှုများနှင့် ပွင့်လင်းမြင်သာမှု အားကောင်းလာစေရန် ရည်ရွယ်ချက်ဖြင့် ကယားပြည်နယ်၏စီမံကိန်းနှင့်ဘတ်ဂျက်ရေးဆွဲရေးလုပ်ငန်းစဉ်တွင် ပြည်သူလူထုနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်နိုင်မှု အခန်းကဏ္ဍအား သုံးသပ်ဆွေးနွေးခြင်း အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၁၉ ရက်က လှိုင်ကော်မြို့ မြို့နယ်ခန်းမ၌ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲသို့ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ တက်ရောက်ကြသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက လက်ရှိ အစိုးရအနေဖြင့် သုံးနှစ်နီးနီး တာဝန်ယူဆောင်ရွက်ချိန်တွင် စီမံကိန်း နှင့်ဘဏ္ဍာရေးလုပ်ငန်းများ ပိုမိုထိရောက်ပြီး ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နိုင်ရေး ဖော်ဆောင်ပေးလျက်ရှိကြောင်း၊ ယခုလို စီမံကိန်းနှင့်ပတ်သက်ပြီး သိရှိခွင့်ရအောင် ဆွေးနွေးနိုင်ကြောင်း၊ ပြည်နယ်၏ အားနည်းချက်များကို အဓိကထား ဆွေးနွေးစေလိုကြောင်း၊ ဆွေးနွေးချက်များအပေါ် ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးမှ အစိုးရအဖွဲ့အစည်းအဝေးတွင် ဆွေးနွေးတင်ပြရန် လိုအပ်ကြောင်း၊ ယနေ့ အလုပ်ရုံဆွေးနွေးပွဲတွင်လည်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက် ဆွေးနွေးမှုများပြုလုပ်ရမည်ဖြစ်ကြောင်း၊ တက်ရောက်လာသူများ၊ စိတ်ပါဝင်စားသူများအနေဖြင့် မိမိတို့သိရှိလိုသည်များကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးထံသို့လည်းကောင်း၊ မိမိထံသို့အပြုသဘော ဆန်ဆန် မေးမြန်းနိုင်ကြောင်း၊ ကဏ္ဍတိုင်းတွင် အားနည်းချက်များရှိသည့်အတွက် ထိုအားနည်းချက်များကို အားသာချက်ဖြစ်လာအောင် ဆောင်ရွက်ရန် လိုအပ်ကြောင်းဖြင့် အမှာစကားပြောကြားသည်။



အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို နှစ်ရက်တာ ကျင်းပသွားမည်ဖြစ်ပြီး ဘတ်ဂျက်ခွဲဝေမှုနှင့် ဦးစားပေးကဏ္ဍဖော်ထုတ်ခြင်း၊ လက်ရှိအစိုးရလက်ထက် ကယားပြည်နယ် ရငွေအခြေအနေနှင့် ပြည်နယ်ဘတ်ဂျက် ခွဲဝေသုံးစွဲမှုကို တင်ပြခြင်း၊ ဦးစားပေးကဏ္ဍများကို ဆွေးနွေးခြင်း၊ ဘတ်ဂျက်သတင်းအချက်အလက်များ ဘယ်လို အသုံးပြုနိုင်သလဲ၊ ဘတ်ဂျက်ရေးဆွဲခြင်းအား လက်တွေ့ရေးဆွဲခြင်း၊ ဘတ်ဂျက် ခွဲဝေမည့်ပုံစံနည်းလမ်းများကို ဆွေးနွေးခြင်း၊ အရပ်ဘက်အဖွဲ့အစည်းများမှ အကြံပြုချက်များရယူခြင်း၊ ပေါင်းစပ်ဆောင်ရွက်နိုင်မည့် နည်းလမ်းများ ဆွေးနွေးခြင်း၊ လက်ရှိထုတ်ဝေထားသော ဘတ်ဂျက်သတင်းအချက်အလက်များနှင့်ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ၊ ကယားပြည်နယ်၏ ဆက်လက် ဆောင်ရွက်မည့် စီမံကိန်းနှင့် ဘဏ္ဍာရေးဆိုင်ရာ အစီအမံများကို ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းလေး**

# တောင်ကြီး၌ လောကချမ်းသာ နားနေဆောင် နိုင်လွန်ကတ္တရာရင်ပြင်တော် ဖွင့်ပွဲကျင်းပ

**တောင်ကြီး နိုဝင်ဘာ ၂၀**

တောင်ကြီးမြို့ စူဠာမုနိလောကချမ်းသာစေတီတော်ရင်ပြင်၌ ယမန်နေ့က လောကချမ်းသာနားနေဆောင် နိုင်လွန်ကတ္တရာရင်ပြင်တော်ဖွင့်ပွဲနှင့် ဂုဏ်ပြု ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ဖွင့်ပွဲကို အဆိုပါရင်ပြင်တော်၌ ကျင်းပကြောင်း သိရသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လင်းအောင်၊ ကမ္ဘောဇဘဏ်လီမိတက်နာယက ဝဏ္ဏကျော်ထင်စည်သူ ဦးအောင်ကိုဝင်း၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေး၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာ အောင်သန်းမောင်၊ စူဠာမုနိလောကချမ်းသာ စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးညိုလုံးတို့က အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြသည်။

လောကချမ်းသာနားနေဆောင်နှင့် နိုင်လွန်ကတ္တရာ ရင်ပြင်တော်အထိမ်းအမှတ်ကမ္ပည်းကျောက်စာတိုင်ကို ပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူတို့က နံ့သာရည်များ ပက်ဖျန်းပေးကြပြီး စူဠာမုနိလောကချမ်းသာစေတီတော် ဂေါပကအဖွဲ့ဒုတိယဥက္ကဋ္ဌ ဦးစိုင်းဇော်ဇော်က စေတီတော်ကြီး တည်တံ့ခိုင်မြဲရေးအတွက် ဂေါပကအဆက်ဆက်မှ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခဲ့ကြပြီး လက်ရှိဆောင်ရွက်နေသော ဂေါပကအဖွဲ့၏ အချင်းချင်း စည်းလုံးမှု၊ ပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် ယခုလို တိုးတက်အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ အများပြည်သူထည့်ဝင်လှူဒါန်းငွေများကိုလည်း စနစ်တကျ ထိန်းသိမ်းကာ လူမှုရေးအသင်းအဖွဲ့များ၏ ဝိုင်းဝန်းကူညီမှုနှင့် စနစ်တကျရေတွက်ပြီး ဘဏ်တွင် အပ်နှံထိန်းသိမ်းဆောင်ရွက်ခဲ့ကြောင်း၊ ရင်ပြင်တော် ပြန်လည်မွမ်းမံခြင်းများ၊ ဂေါပကရုံးပြောင်းရွှေ့ခြင်းများကို ဂေါပကအဖွဲ့အစည်းအဝေးဆုံးဖြတ်ချက်များနှင့်အတူ ဆောင်ရွက်ခဲ့ပြီး ပိုမိုကောင်းမွန်သည့် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြို့မိမြို့ဖတစ်ဦးဖြစ်သူ ဒေါက်တာထွန်းအေးဖေက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ဂုဏ်ပြုကမ္ပည်းမော်ကွန်းကျောက်စာတိုင် ပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးညိုလုံးက ဖတ်ကြား၍ ဂုဏ်ပြုကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို ပြည်နယ်ဝန်ကြီးချုပ်က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ဘားအံမြို့တွင် စတုတ္ထအကြိမ် ဆေးပညာနှီးနှောဖလှယ်ပွဲ ကျင်းပ

**ဘားအံ နိုဝင်ဘာ ၂၀**

ကရင်ပြည်နယ် ဘားအံမြို့တွင် မြန်မာနိုင်ငံ ဆရာဝန်အသင်း (ဘားအံ)မှ ကြီးမှူးကျင်းပသော စတုတ္ထအကြိမ် ဆေးပညာနှီးနှောဖလှယ်ပွဲကို နိုဝင်ဘာ ၁၈ ရက်က ဘားအံပြည်သူ့ဆေးရုံကြီး သုံးထပ်ဆောင်ရှေ့၌ကျင်းပသည်။

ရှေးဦးစွာ စတုတ္ထအကြိမ်ဆေးပညာနှီးနှောဖလှယ်ပွဲကို ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)မှ ဘဏ္ဍာရေးမှူး ဒေါက်တာမြသီတာနှင့် ပြည်နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာ ထွန်းမင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ပြည်နယ်ကျန်းမာရေးဦးစီးမှူးက ဆေးပညာနှီးနှောဖလှယ်ပွဲ ကျင်းပရခြင်းနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်လျှပ်စစ်နှင့်စက်မှုဝန်ကြီး၊ ပြည်နယ်လူမှုရေးဝန်ကြီး၊ ပြည်နယ်မွန်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးမင်းတင်ဝင်း၊ ပြည်နယ်ဝန်ကြီးများနှင့် တက်ရောက်လာကြသူများက ခင်းကျင်းပြသထားသော ဆေးကုမ္ပဏီပြခန်းများကို လိုက်လံကြည့်ရှု အားပေးကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



# ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အလွတ်တန်း အားကစားပြိုင်ပွဲကျင်းပနိုင်ရေး ညှိနှိုင်းစည်းဝေး

**ကျိုင်းတုံ နိုဝင်ဘာ ၂၀**

၂၀၁၈ ခုနှစ် မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (TSDP)အရ ကျင်းပသည့် ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အလွတ်တန်း အားကစားပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီများသည် ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် ကျင်းပမည့် အားကစားဖွင့်ပွဲနှင့်ပိတ်ပွဲတွင် အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်က ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ဖွင့်ပွဲကို ဒီဇင်ဘာ ၁ ရက်တွင် ပြုလုပ်မည်ဖြစ်ပြီး ပိတ်ပွဲကို ဒီဇင်ဘာ ၁၁ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း၊ အားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်းနှင့် ပြိုင်ပွဲအားကစားများမှာ ဘောလုံး၊ ပိုက်ကျော်ခြင်း၊ ကြက်တောင်၊ စားပွဲတင်တင်းနစ်နှင့် ပြေးခုန်ပစ်တို့ပါဝင်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကမ္ဘာ့ကလေးသူငယ်များနေ့ အထိမ်းအမှတ်အခမ်းအနား တွံတေး၌ ကျင်းပ



**တွံတေး နိုဝင်ဘာ ၁၉**

၂၀၁၈ ခုနှစ် နိုဝင်ဘာ ၂၀ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ကလေးသူငယ်များနေ့ကို ကြိုဆိုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် လူသရမ်လ်ဝေါလ်ဖက်ဒရေးရှင်း (မြန်မာ)၏ ကျေးရွာဖွံ့ဖြိုးရေး ၁၀ ရွာက ဦးစီး၍ ကျင်းပသော ကုလသမဂ္ဂကလေးသူငယ်အခွင့်အရေးဆိုင်ရာ အထိမ်းအမှတ်အခမ်းအနားကို တွံတေးမြို့နယ် တွံတေးဝကျေးရွာအုပ်စု တာပေါ် ကျေးရွာတွင် ယနေ့နံနက်က ကျေးရွာဘက်စုံသုံး ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကျေးရွာ ၁၀ ရွာ၏ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးဆန်းက အမှာစကားနှင့် အထိမ်းအမှတ်အကြိုပွဲ ကျင်းပရခြင်းရည်ရွယ်ချက်များ ရှင်းလင်းပြောကြားပြီး ကလေးများနေ့ဖြစ်ပေါ်လာပုံနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာများ၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ ညီလာခံသဘောတူစာချုပ်ပါ အချက်အလက်များကို ကျောင်းသူ မမေသဇင်ဦးနှင့် နော်ရိကေထူးတို့က ဖတ်ကြားခဲ့ကြောင်း သိရသည်။ ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်ဦးက ကလေးသူငယ်များနှင့် အနာဂတ်အရေး၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာများကိုလည်းကောင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်သန်းသန်းအေးက ရင်သွေးငယ်များ ဉာဏ်ပညာဖွံ့ဖြိုးရေးနှင့် ကုလသမဂ္ဂသဘောတူစာချုပ်ပါ အချက်များကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီ ကျေးရွာ ၁၀ ရွာမှ ကလေးသူငယ်များကအလှည့်ကျ တေးသရုပ်ဖော်များ၊ တေးသီချင်းများဖြင့် ဖျော်ဖြေကာ တက်ရောက်လာသူ ကလေးငယ်များအား ဉာဏ်စွမ်းအားမြင့်မားလာစေရန် မေးခွန်းများမေး၍ ဆုများချီးမြင့်ခဲ့ကြောင်း သိရသည်။ တာပေါ်ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဒေါ်မို့မို့ထွန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။ အဆိုပါအခမ်းအနားသို့ ကျေးရွာ ၁၀ ရွာမှ ကလေးသူငယ် ၂၅၀ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**

# ချင်းပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုသင်တန်းများ ဖွင့်လှစ်

**ဟားခါး နိုဝင်ဘာ ၁၉**

ချင်းပြည်နယ်အစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် ချင်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ပေါင်းစုလုပ်အားအကူအညီပေးရေးအဖွဲ့ (NAG)တို့ ပူးပေါင်း၍ ချင်းပြည်နယ် အသက်မွေးဝမ်းကျောင်းထူထောင်ရေး အရေးပေါ်ကူညီထောက်ပံ့မှုစီမံကိန်းမှ သဘာဝဘေးအန္တရာယ်လျှော့ချရေး၊ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်က ဟားခါးမြို့ CCAC ခန်းမ၌ ကျင်းပသည်။

သင်တန်းနည်းပြဆရာ ဦးမြင့်အောင် (ကယ်ဆယ်ရေးနှင့်ပြန်လည် နေရာချထားရေးဦးစီးဌာန အငြိမ်းစားညွှန်ကြားရေးမှူး)က သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်းတွင် သင်ကြားပို့ချမည့် ဘာသာရပ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး အဆိုပါသင်တန်းသို့ ဟားခါးမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများမှ သင်တန်းသား သင်တန်းသူ ၂၅ ဦး တက်ရောက်ခဲ့ကြကာ သင်တန်းကာလမှာ နှစ်ရက်ကြာမည်ဖြစ်ကြောင်း၊ ပြည်နယ်အတွင်းရှိ ဟားခါး၊ ဖလမ်း၊ တီးတိန်၊ မင်းတပ်၊ မတူပီ၊ တွန်းဇံနှင့် ထန်တလန်မြို့နယ်တို့တွင် အဆိုပါသင်တန်းများကို ဆက်လက်သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်နိုင်စိုး(ထီးလှိုင်မြေ)**



## မူးယစ်ဆေးဝါးဆိုးကျိုးနှင့် လူကုန်ကူးမှုအကြောင်း အသိပညာပေး

**နေပြည်တော် နိုဝင်ဘာ ၁၉-** ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ရဲတပ်ဖွဲ့မှူး၏ ကြီးကြပ်မှုဖြင့် နဝဒေးရပ်ကွက်မွှာရုံတွင် မူးယစ်ဆေးဝါး သုံးစွဲခြင်း၏ ဆိုးကျိုး၊ပြစ်ဒဏ်၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် ရဲတပ်ဖွဲ့၏ လုပ်ငန်းစဉ်များ ချပြရှင်းလင်းမှုကို နိုဝင်ဘာလတတိယပတ်က ဆောင်ရွက်ရာ ကျည်တောင်ကန်နယ်မြေရဲစခန်းမှူး ရဲအုပ်ကျော်မင်းထူးက ရှင်းလင်းတင်ပြပြီး အခမ်းအနားသို့ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ် (ရှုပဗေဒ)**


# ဆီးချို၊ သွေးချိုရောဂါကာကွယ်ရေးနှိုးဆော်ချက်

ဆီးချို၊ သွေးချိုရောဂါသည် ဇီဝကမ္မဖြစ်စဉ်ချို့ယွင်း၍ သွေးအတွင်း အချိုဓာတ်များနေသော ရောဂါတစ်ခုဖြစ်သည်။ ဆီးချို၊ သွေးချိုရောဂါသည် လူတိုင်းတွင် ဖြစ်နိုင်ပါသည်။

ဆီးချို၊ သွေးချိုရောဂါကြိုတင်ကာကွယ်ပါ

(၁) အစားလျှော့စားပါ။ ချိုလွန်း၊ ငန်လွန်း၊ အဆီများလွန်းသော အစားအစာများကို ရှောင်ကြဉ်ပါ။

(၂) ရေများများသောက်ပါ။ ရေဆာလျှင် ရေကိုသာသောက်ပါ။

(၃) အဝမလွန်အောင်ထိန်းသိမ်းပါ။

(၄) လှုပ်ရှားမှုများသော လူနေမှုပုံစံဖြင့်နေထိုင်ပါ။

(၅) နားနေချိန်မှာ ပုံမှန်လေ့ကျင့်ခန်းလုပ်ပါ။

(၆) အမျှင်ဓာတ်များသော အစားအစာများများစားပါ။
ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများကို များများနှင့်စုံအောင်စားပါ။

(၇) တိရစ္ဆာန်မှရသော အဆီများ (ဥပမာ- ကြက်အရေပြား၊ ဝက်အရေပြား၊ ကလီစာ၊ ဝက်ဆီ၊ ဘဲဆီ) တို့ကိုရှောင်ကြဉ်ပါ။ ငါးမှရသောအဆီများ စားသုံးနိုင်ပါသည်။

(၈) စိတ်ဖိစီးမှုများကို လျှော့ချနိုင်သမျှလျှော့အောင် ကြိုးစားနေထိုင်ပါ။
ဆီးချို၊ သွေးချိုရောဂါဟု သံသယရှိပါက နီးစပ်ရာကျန်းမာရေးဌာန၊ ဆေးရုံ၊ ဆေးခန်းများတွင် သွားရောက်စစ်ဆေးကာ ကုသမှုခံယူနိုင်ပါသည်။

**တစ်နေ့လျှင် မိနစ်(၃၀)ခန့် ပုံမှန်လေ့ကျင့်ခန်းပြုလုပ်ခြင်းဖြင့် ဆီးချို၊ သွေးချိုရောဂါ ဖြစ်ပွားမှုနှုန်းကို (၄၀)% လျှော့နည်းစေနိုင်ပါသည်။**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**


# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၀-၁၁-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၃၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၄၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၃၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၄၁၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၅၀/၁၀၇၀ ကျပ် | ၁၀၈၀/၁၁၀၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၆၀/၁၀၇၅ ကျပ် | ၁၀၉၅/၁၁၂၀ ကျပ် |
| အောက်တိန်း ၉၂ | ၈၉၅/၉၄၀ ကျပ် | ၉၇၀/၁၀၁၅ ကျပ် |
| အောက်တိန်း ၉၅ | ၉၅၀/၁၀၀၀ ကျပ် | ၁၀၂၀/၁၀၇၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၇၃ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၉၄ · ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၄၅ · ၅ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၂၀၁၈ · ၉ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၉၅ · ၈ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၁၅၂ · ၀ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၆ · ၆၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ · ၈၅၃ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၉ · ၆၇ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၇၅ · ၆၄ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၇ · ၈၄၁ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။


# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ **Help Line** တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန



မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး(တာဝန်)** | - | ဝင်းကျော် |
| **စာတည်းမှူး** | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| **စာတည်းများ** | - | ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ‘မီ’ ဇာတ်ကားနှင့်ပတ်သက်သည့် ဝေဖန်မှုများကို အနုပညာရှင်များ ပြန်လည်ရှင်းလင်းပြောကြား

**စာရေးဆရာမကြီး ကြည်အေး၏ မီဝတ္ထုကို ဒါရိုက်တာဇော်ကြီးက ကိုယ်တိုင်ပြန်လည်ဖန်တီးမှုများဖြင့် ၂၀၁၇ ခုနှစ်က စတင်ရိုက်ကူးခဲ့ပြီး ယင်းဇာတ်ကားတွင် အကယ်ဒမီနေတိုး၊ အကယ်ဒမီပိုင်ဖြိုးသုတို့က အဓိကပါဝင်သရုပ်ဆောင်ထားကြကာ လက်ရှိအချိန်တွင် ရုံတင်ပြသနေပြီဖြစ်သည်။**

**ထိုဇာတ်ကားကို ရုံတင်ပြသခြင်းမရှိသေးခင် ပိုစတာထွက်စဉ်ကပင် အွန်လိုင်းပေါ်တွင် ဇာတ်ကားနှင့်ပတ်သက်၍ ဝေဖန်မှုများ၊ ချီးကျူးမှုများ အများအပြားရှိနေခဲ့ပြီး ဝေဖန်မှုများတွင် အဓိကအချက်မှာ ပိုင်ဖြိုးသု သရုပ်ဆောင်ရသည့် မီ ဇာတ်ကောင်သည် ဇာတ်လမ်းတွင် ဆေးလိပ်ကို အများအပြားသောက်သဖြင့် ပြင်ပတွင် ကျန်းမာရေးသံတမန်တစ်ဦးဖြစ်သော ပိုင်ဖြိုးသုအနေဖြင့် ထိုဇာတ်ကောင်နေရာမှ မရိုက်သင့်ဟု ဝေဖန်နေကြခြင်းဖြစ်သည်။ ဝေဖန်မှုများနှင့်ပတ်သက်၍ အဓိကသရုပ်ဆောင်ဖြစ်သူ နေတိုးနှင့် ပိုင်ဖြိုးသုတို့၏ ပြန်လည်ရှင်းလင်းပြောကြားမှုများကို ဖော်ပြလိုက်ပါသည်။**



**ပိုင်ဖြိုးသု**

သံတမန်ခန့်တာက ၂၀၁၈ ခုနှစ် ဇူလိုင်က ခန့်တာ၊ မီ ဇာတ်ကားကို ရိုက်တာက ၂၀၁၇ ဒီဇင်ဘာ ဇန်နဝါရီက ရိုက်ခဲ့တာပါ။ လူမှုကွန်ရက်မှာ ညီမကို စွပ်စွဲပြောဆိုတာတွေ တွေ့ရတော့ ညီမ စိတ်မကောင်းဖြစ်ရတယ်၊ ဒီဇာတ်ကားကိုရိုက်တာက ငွေရဖို့ဆိုတာ မသေချာတဲ့ကိစ္စ၊ ဒါပေမယ့် ညီမက အနုပညာသမားတစ်ယောက်ဖြစ်တာမို့ စိတ်ရှိနေလို့၊ အမေကရော၊ ကိုဇော်ကြီးကပါ ဘေးကနေ ပံ့ပိုးပေးကြတာပါ၊

ဒီကားထဲက ဇာတ်ဝင်ခန်းတွေဆိုတာလည်း စာအုပ်ထဲကအတိုင်းပဲ ပြန်ရိုက်ထားတာပါ၊ မီဆိုတဲ့အမျိုးသမီးက ဆေးလိပ်သိပ်ကြိုက်တဲ့သူ၊ နောက်ဆုံး အဲဒီဆေးလိပ်ကြောင့် အဆုတ်ကင်ဆာနဲ့ သေသွားတာ၊ ဒါကို အနုပညာအနေနဲ့ပဲ ညီမက ဖန်တီးလုပ်ယူခဲ့တာပါ၊ တခြား ထိခိုက်စေဆိုတာမျိုး လုံးဝမရှိဘူး၊ ဇာတ်ကားစမပြခင်မှာလည်း ဆေးလိပ်ဆိုးကျိုးတွေကို မနီနီခင်ဇော်က ရှင်းလင်းပြောပြထားတယ်၊ ပိတ်ကားမှာလည်း ဆေးလိပ်မသောက်ရ စတေကာတွေ ကပ်ပေးထားပါတယ်။

အဓိကကတော့ ညီမလို ကျန်းမာရေးသံတမန်က ဒီလိုကာရိုက်တာမျိုးမလုပ်သင့်ဘူးဆိုပြီး ပြောတာပေ့ါ၊ ဒါကတော့ အနုပညာကို အနုပညာလို့မြင်ပေးစေချင်ပါတယ်၊ ဝတ္ထုထဲကအတိုင်း ကာရိုက်တာကို လုပ်ရတာပါ၊ ညီမကတော့ ကျန်းမာရေးသံတမန်ကို ပြန်ရုပ်သိမ်းမယ်ဆိုလည်း ပြန်ပေးအပ်ပါတယ်၊ ညီမအနုပညာအလုပ်တော့ ဘယ်တော့မှ နောက်မဆုတ်သွားပါဘူး။

**နေတိုး**

ကျွန်တော်ဒီနေရာမှာ ပြောချင်တာက ဝေဖန်တိုက်ခိုက်မှုဆိုတာ အောင်မြင်မှုနဲ့ အမြဲတမ်း ကပ်ပါလာတဲ့အရာပေ့ါ၊ ဝေဖန်တိုက်ခိုက်မှုဆိုတာ အဆိုးနဲ့အကောင်းနဲ့ တွဲနေတာ၊ အဓိကတော့ သည်းခံခြင်းဟာ အောင်မြင်ခြင်းပါပဲ၊ သုသုအနေနဲ့ ဒီလိုမျိုးဟာကို သည်းခံပေးလိုက်ပါ။ ဘာလို့လဲဆိုတော့ အမှားအမှန်ဆိုတာ အနည်းအများနဲ့ ဆုံးဖြတ်ရတာဆိုတော့ ဘယ်သူမှားတယ်၊ ဘယ်သူမှန်တယ်ဆိုတာ ပရိသတ်တွေ အကုန်လုံးသိပါတယ်။

ကိုယ့်အပေါ်မှာ ဝေဖန်တယ်၊ ရှုတ်ချတယ်ဆိုတဲ့ စကားတွေက မိန်းကလေးတစ်ယောက်အနေနဲ့တော့ စိတ်ထဲမှာ ခံစားရမယ်ဆိုတာ နားလည်ပါတယ်၊ ဒါပေမယ့်လည်း ကျွန်တော့်အနေနဲ့ ပြောချင်တာက ကိုယ်ကိုယ်တိုင် ကိုယ့်တာဝန်ကိုကျေအောင်လုပ်ထားတယ်ဆိုတဲ့ခံစားမှုသည် ကိုယ့်ဘဝကိုကိုယ်ပိုပြီးလုံခြုံမှုဖြစ်စေပါတယ်။



ကိုယ့်အနုပညာအတွက် ကိုယ်တတ်နိုင်တဲ့ဘက်က ကိုယ်အစွမ်းကုန် ကြိုးစားထားတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ကတော့ သုသုအပေါ်မှာ ဒီလိုဝေဖန်မှု၊ တိုက်ခိုက်မှုတွေကို ဘာမှခေါင်းထဲမထည့်ပါနဲ့၊ ကိုယ်လုပ်စရာရှိတာကိုပဲ ဆက်လုပ်ပါလို့ ပြောချင်တယ်၊ အမှားအမှန်ကတော့ အနည်းအများ ဆုံးဖြတ်ရတာဖြစ်တဲ့အတွက် စီးကရက်သောက်တဲ့ပို့စ်အောက်က Comment မှာ တွေ့ရမှာပါ။

**ကိုလင်း**

# မုန်းစွဲဇာတ်ကားတွင် အေးဝတ်ရည်သောင်းကို ပရိသတ်က အကယ်ဒမီမျှော်မှန်းနေ

အတိတ်ဘဝက အလွန်ချစ်ခဲ့ပြီး အစွဲအလမ်းတစ်ခုကြောင့် ပစ္စုပ္ပန်ဘဝတွင် မိမိချစ်ရသူကို ပြန်လည်တွေ့ရှိခဲ့သော်လည်း ဘဝအခြေအနေအရ မည်သို့မျှမသက်ဆိုင်သူများဖြစ်နေခဲ့သောကြောင့် ပူဆွေးလွမ်းဆွတ်မှုများ ခံစားရသူအဖြစ် မုန်းစွဲရုပ်ရှင်ဇာတ်ကားကြီးထဲတွင် မိမိကျရာဇာတ်ရုပ်ကို ပီပြင်စွာသရုပ်ဆောင်နိုင်ခဲ့ပြီး ၂၀၁၈ ခုနှစ် ရုပ်ရှင်ထူးချွန်ဆုအတွက် ပရိသတ်များ၏မျှော်မှန်းမှုကို ရရှိနေသည့် သရုပ်ဆောင်အေးဝတ်ရည်သောင်း၏ အနုပညာလှုပ်ရှားမှုများနှင့် ဆိုရှယ်မီဒီယာများအပေါ် သူ့အမြင်များနှင့်ပတ်သက်၍ ယခု လို ပြောကြားခဲ့သည်။

**မေး - ဆိုရှယ်မီဒီယာပေါ်မှာ နာမည်ကြီးလာတဲ့ အေးသောင်းအနေနဲ့ အရင်က အနုပညာလှုပ်ရှားမှုနဲ့ အခု အနုပညာလှုပ်ရှားမှု ဘယ်ဟာက ကိုယ့်အတွက်ပိုအခွင့်သာခဲ့လဲ။**

ဖြေ - အနုပညာနဲ့ပတ်သက်ပြီး အရင်ကဆို မီဒီယာက အခုလောက်ထက်ပိုပြီး ချပြလို့မရဘူးလေ၊ အတားအဆီးလေးတွေရှိခဲ့တာကို၊ အဲဒီတုန်းကဆို မဂ္ဂဇင်း၊ ဂျာနယ်တွေမှာ မျက်နှာဖုံးတွေ ရိုက်ရတယ်၊ ပြီးတော့ ပရိသတ်ဆီ ချက်ချင်းဆိုသလိုတော့ မရောက်ဘူး၊ ပေါက်စီဆို အရင်ကတည်းက သရုပ်ဆောင်လုပ်တာပဲ၊ ဒါပေမယ့် ပရိသတ်နဲ့ထိတွေ့ခွင့်က အခုလောက်တော့ မရရှိခဲ့ဘူး၊ အခုက ကိုယ်တိုင် ဆိုရှယ်မီဒီယာတစ်ခုဖြစ်တဲ့ Facebook ကနေ အနုပညာကို ပြနိုင်တယ်လေ၊ ပရိသတ်က ကိုယ့်ကိုတိုက်ရိုက်မြင်တယ်၊ ဝေဖန်အကြံပေးတယ်၊ ဒီနေ့လှတပတလေး တင်တာနဲ့ ချက်ချင်း လူစိတ်ဝင်စားမှုကရတာပဲ၊ ကိုယ်လုပ်ပြရင် လုပ်ပြနိုင်သလိုမျိုး နေရာချက်ချင်းရတာမျိုးလေ၊ အဲဒီတော့ ပေါက်စီကတော့ ကိုယ့်ကို ပရိသတ်ပြန်ပြီး အေးဝတ်ရည်သောင်းဆိုတာထက် မအေးသောင်းဆိုပြီးအားပေးကြတဲ့ ဆိုရှယ်မီဒီယာ ပရိသတ်တွေရော၊ အရင်ကတည်းက ချစ်လို့ အားပေးတဲ့သူတွေရော ကျေးဇူးပါ၊ အခွင့်သာတာမသာတာထက် အရင်ကလည်း ဒီအလုပ်ကိုလုပ်ဖြစ်တယ်၊ အခုလည်း လုပ်နေဆဲ၊ ကြိုးစားနေဆဲပါပဲ၊ အဲဒီတော့ အခွင့်အရေးပိုရတာနဲ့ မရတာထက် ကိုယ့်အလုပ်ကို ပရိသတ်ကို အကောင်းဆုံးပြနိုင်ဖို့က အဓိကကျတယ်ထင်ပါတယ်။

**မေး - မုန်းစွဲနဲ့ အကယ်ဒမီ ဆွတ်ခူးနိုင်တယ်လို့ ပြောနေကြတဲ့အပေါ်။**

ဖြေ - အဲဒီလိုလည်း မဟုတ်ပါဘူး၊ ဒါပေမယ့် ကျေနပ်တယ်ဆိုတာလောက်ပါပဲ၊ ပြီးတော့ မုန်းစွဲ တစ်ကားတည်း မဟုတ်ပါဘူး၊ ကြိုးစားကြတာတော့ ပေါက်စီတို့ တခြားကားတွေလည်းရှိပါတယ်၊ အထူးသဖြင့် ဒီကားကြီးကို ရိုက်လိုက်တဲ့အခါ ငွေကြေးသုံးစွဲမှု၊ အချိန်ပေးထားမှု၊ ပြီးတော့ အားလုံးရဲ့ကြိုးစားမှုတွေကြောင့်လည်း ပါပါတယ်၊ ပေါက်စီတစ်ယောက်တည်း မဟုတ်ပါဘူး၊ ကြိုးစားကြတာ အကုန်လုံးပါ၊ အဲဒီတော့ ဘယ်သူပဲရရ ပေါက်စီကတော့ ပျော်ပါတယ်။

**မေး - မုန်းစွဲကားထဲမှာ ဘုန်းကြီးနဲ့ဇာတ်ဝင်ခန်းတွေက ကိုယ့်အတွက် အကျပ်ရိုက်စေတာမျိုးရှိလား။**

ဖြေ - အကျပ်ရိုက်စေတာမျိုး မရှိခဲ့ပါဘူး၊ ဘာလို့လဲဆို ဆရာတော်ရေးထားတဲ့ စာအုပ်ထဲမှာလည်း အဲဒီလိုမျိုးပဲကို၊ ပြီးတော့ ဒါက ရုပ်ရှင်ဖြစ်တာမို့ စိတ်ထဲဘာမှတော့ စိုးရိမ်စိတ်မဖြစ်ပါဘူး၊ တစ်ခုပဲ ပေါက်စီတို့က မြန်မာလူမျိုးတွေဆိုတော့ ဘာသာရေးအရကြည့်မယ်ဆို သွေဖည်သွားမှာ စိုးရိမ်ပါတယ်၊ ပြီးတော့ ကိုယ့်ရဲ့သရုပ်ဆောင်မှုကလည်း ကာရိုက်တာထဲကို ဝင်မသွားမှာ စိုးရိမ်တာမျိုးရှိခဲ့တယ်။




**မေး - ထပ်ပြီး အေးသောင်းကိုတွေ့ရမယ့် အနုပညာလှုပ်ရှားမှုတွေကရော။**

ဖြေ - အခုလောလောဆယ်တော့ ကြော်ငြာရိုက်တာနဲ့ မဂ္ဂဇင်းမျက်နှာဖုံးလောက်ပါပဲ၊ မုန်းစွဲကားကြီးကို ၂၄ ရက်နေ့ စင်ကာပူမှာသွားပြမယ်၊ ၂၅ ရက်နေ့ လက်မှတ်ထိုးမှာပါ၊ ပြီးတော့ မျက်နှာဖုံးများဆိုတဲ့ကားလေး ရိုက်ထားတာရှိပါတယ်၊ အဲဒီကားလေးကိုလည်း အားပေးစေချင်ပါတယ်၊ လုပ်ကွက်လည်းရတယ်ဆိုတော့ ပရိသတ်အကြိုက်ဖြစ်မှာပါ။

**ကိုလင်း**

# မြန်မာအင်တာနေရှင်နယ်ဖက်ရှင် ၂၀၁၈ ပြပွဲ ဒီဇင်ဘာလအတွင်း ကျင်းပမည်

ဂျွန်လွင် ဦးစီးသော Star Events Production မှ နှစ်စဉ် စီစဉ်တင်ဆက်နေသည့် Myanmar International Fashion Week 2018 မှာ ယခုနှစ်တွင် (၆) ကြိမ်ရှိပြီဖြစ်ကာ ဒီဇင်ဘာ ၇၊ ၈၊ ၉ ရက်များတွင် ရန်ကုန်မြို့တာမွေမြို့နယ်ရှိ ရွှေထွန်းတင်ကွင်း၌ ကျင်းပပြုလုပ်မည့် အဆိုပါ ပြပွဲကြီးတွင် မင်းသား၊ မင်းသမီး ၁၇ ဦးနှင့်အတူ မော်ဒယ် ၁၀၀ ကျော် ပါဝင်ပြသမည်ဖြစ်ကြောင်း သိရသည်။

“ကျွန်တော်တို့ ဒီပွဲကိုလုပ်လာတာ ဒါနဲ့ဆို (၆)ကြိမ်မြောက်ရှိပါပြီ၊ အခုလိုလုပ်နိုင်ခဲ့တာကလည်း အဘက်ဘက်က ဝိုင်းဝန်းကူညီပေးကြတာမို့ အခုလို အောင်မြင်စွာနဲ့ လုပ်နိုင်ခဲ့တာပါ၊ ဖက်ရှင် မော်ဒယ်လောကကြီး တိုးတက်စေချင်တာလည်း ပါပါတယ်၊ အရင်တုန်းကဆို ကျွန်တော်တို့ဆီမှာက ဒီဇိုင်နာဆိုတာမရှိဘူးလေ၊ စက်ချုပ်တဲ့သူလောက်ပဲရှိတာကို၊ အဲဒီတော့ အဲလိုအချိန်မှာ ဒီဇိုင်နာဆိုတာမျိုးရှိမှ မော်ဒယ်လောက၊ ဖက်ရှင်လောကကြီးတိုးတက်မှာ၊ ဒီဇိုင်နာဆိုတာက ဝတ်စုံပိုင်းကို အဓိကထားပြီး ကိုယ်တိုင်တီထွင်ပြီး ဖန်တီးရတာပါ၊ အခုနှစ်ကတော့ ပြည်ပမော်ဒယ်တွေ မသုံးတော့ဘူး၊ အရင်ကသုံးခဲ့တာကတော့ ကိုယ့်နိုင်ငံကမော်ဒယ်တွေကို သူများနိုင်ငံကမော်ဒယ်တွေ အလုပ်ကို ဘယ်လိုလုပ်တယ်ဆိုတာကို ပြချင်တာကြောင့်ပါ၊ အခုနှစ်တော့ ပြည်တွင်းက မော်ဒယ်နဲ့ ဒီဇိုင်နာတွေရဲ့ ထူးခြားတဲ့ ဖန်တီးမှုတွေကို ပြသသွားမှာပါ”ဟု ပွဲစီစဉ်သူတစ်ဦးက ပြောသည်။

အဆိုပါပွဲတွင် Stars & Models မှ မွေးထုတ်ပေးခဲ့သော မော်ဒယ်များ၊ နိုင်ငံကျော်အနုပညာရှင်များဖြစ်ကြသော အောင်ရဲလင်း၊ အောင်မင်းခန့်၊ ထက်အောင်ရှိန်း၊ သီဟ၊ စည်သူဝင်း၊ တိုင်ရွန်၊ ကျော်ကိုကိုဝေ၊ မိုးဟေကို၊ အေးမြတ်သူ၊ သန္တာဗိုလ်၊ အွန်ဆိုင်း၊ ပိုးကြာဖြူခင်၊ Mရာငြိမ်း၊ မေဘရဏီသော်တို့ အပါအဝင် အခြားသရုပ်ဆောင်နှင့် မော်ဒယ်များက ဒီဇိုင်နာများဖြစ်ကြသော မိတ်ကပ်မိုးကုတ်ပေါက်ပေါက်၊ ဒီဇိုင်နာမေမြတ်ဝါဆို၊ ဒီဇိုင်နာဟေမန်ဦး၊ (Fashion Design School Myanmar)နှင့် နာမည်ကြီး ဒီဇိုင်နာများစွာ၏ လက်ရာများကို ဝတ်ဆင်ပြသသွားမည်ဟု သိရသည်။ ပြပွဲနှင့်ပတ်သက်သည့် အသေးစိတ်အချက်များကို ဂျွန်လွင် (Star Events Production)၏ ဖေ့စ်ဘုတ်စာမျက်နှာတွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**ကိုလင်း**



# စိုးရိမ်ပူပန်မှုတွေနဲ့ တိုက်ပွဲဆင်နွှဲခဲ့ရသည့် အကြောင်းများကို ချယ်ရီ ဖွင့်ဟ



နာမည်ကျော်အဆိုတော်တစ်ဦးဖြစ်တဲ့ ချယ်ရီတစ်ယောက် လွန်ခဲ့တဲ့တစ်နှစ်ခန့်က သားဦးလေးမွေးခဲ့ပြီးချိန်မှစလို့ စိတ်ပူပန်စရာတွေနဲ့ ရင်ဆိုင်ခဲ့ရတယ်လို့ ဖွင့်ဟလာပါတယ်။ “ကျွန်မဘယ်လောက်တောင် စိတ်သောကရောက်ခဲ့ရသလဲဆိုတာ အားလုံးသိပြီး ဖြစ်မှာပါ။ ပေါ့စတားတစ်ယောက်အနေနဲ့ စိတ်ဖိစီးမှုတွေမရချင်သလို မိခင်ဘဝမှာလည်း သားကို စိတ်အနှောင့်အယှက်ဖြစ်တာမျိုးတွေ မခံစားစေချင်ဘူး။ မိခင်ဘဝရဲ့စိတ်ဖိအားတွေကိုလည်း မလိုလားဘူး”လို့ သောကြာနေ့မနက်တိုင်း ထုတ်လွှင့်နေကျဖြစ်တဲ့ ရေဒီယို အင်တာဗျူးမှာ ဖြေကြားခဲ့တာပါ။ ချယ်ရီနဲ့ သူ့ရဲ့ချစ်သူ လီယန်ပိန်းတို့ဟာ ၂၀၁၇ခုနှစ် မတ်လမှာ ဘီယားလို့ခေါ်တဲ့ သားလေးမွေးခဲ့ပါတယ်။ အဲဒီနှစ် ဇူလိုင်လမှာပဲ သူတို့နှစ်ဦး လမ်းခွဲတော့မယ်လို့ ပရိသတ်တွေကို အသိပေးခဲ့ပါတယ်။ နှစ်နှစ်ခွဲကြာအောင် လက်တွဲပြီးမှ လမ်းခွဲခဲ့တာပါ။ သူတို့နှစ်ဦး လမ်းခွဲဖို့ဆုံးဖြတ်ချက်ဟာ သူ့အတွက်တော့ ခက်ခဲတဲ့ဆုံးဖြတ်ချက်တစ်ခုပါလို့ ချယ်ရီကပြောခဲ့ပါတယ်။ အခုအချိန်မှာတော့ သားလေး ဘီယားကသာ သူ့ဘဝအတွက်အရေးကြီးဆုံးယောကျ်ားတစ်ယောက်လို့ပြောပါတယ်။ “ကျွန်မဘဝအတွက် ဘာလိုအပ်တယ်ဆိုတာကိုလည်း သိပါတယ်။ စိတ်ကူးယဉ် နယ်ပယ်မှာ ဒီထက်ပိုပြီးတော့ မနေတော့သလို စိတ်ကူးယဉ်ဆန်တဲ့အရာတွေဟာ သူ့ဘဝမှာ ပြီးသွားပါပြီ”လို့ ချယ်ရီက ပြောပါတယ်။

ဟယ်လို

# ကင်ပေါ်တာသေဆုံးမှုအတွက် ဝမ်းနည်းကြောင်း ချစ်သူဟောင်း ရှောင်ဒစ်ဒီကုမ့် ပြောကြား



ရှောင်ဒစ်ဒီကုမ့်ဟာ ချစ်သူဟောင်းဖြစ်သူ ကင်ပေါ်တာ သေဆုံးပြီးသုံးရက်အကြာမှာတော့ သူ့ရဲ့ဝမ်းနည်းကြေကွဲတဲ့ စကားသံ လူထုကြားမှာ ထွက်ပေါ်လာခဲ့ပါတယ်။ အသက် ၄၇ နှစ်အရွယ် မော်ဒယ်တစ်ဦးဖြစ်တဲ့ ကင်ပေါ်တာဟာ ကြာသပတေးနေ့က ကယ်လီဖိုးနီးယားက နေအိမ်မှာ သေဆုံးခဲ့တာပါ။ သူဘာကြောင့် သေဆုံးရသလဲဆိုတာကိုတော့ သတင်းထုတ်ပြန်ခြင်း မရှိသေးပါဘူး။ တနင်္ဂနွေနေ့မှာတော့ နာမည်ကျော် ဟစ်ဟော့အဆိုတော်တစ်ဦးဖြစ်တဲ့ ဒစ်ဒီဟာ သူ့ရဲ့ချစ်သူဟောင်းသေဆုံးမှုအတွက် အလွန်ပင်ကြေကွဲဝမ်းနည်းရကြောင်း လူမှုမီဒီယာပေါ်မှာ ရေးသားလာတာကို တွေ့ရပါတယ်။ “ လွန်ခဲ့တဲ့သုံးရက်တာကာလအတွင်း ကျွန်တော်ဟာ အိပ်မက်ဆိုးကြီးက နိုးထနိုင်ဖို့ အတော်လေးရုန်းကန်ခဲ့ရတယ်။ ဒါပေမယ့်လည်း မတတ်နိုင်ခဲ့ဘူး”လို့ ရက်ပ်အဆိုတော် ဒစ်ဒီကလူမှုကွန်ရက်ပေါ်မှာ ရေးသားခဲ့ပါတယ်။ နောက်ပြီးတော့ “မင်းမရှိဘဲ ဘယ်လိုရှေ့ဆက်ရမှာလဲ၊ တို့နှစ်ယောက်ကြား ဆက်ဆံရေးကို လူတွေနားလည်အောင် ဘယ်လိုရှင်းပြရမှာလဲ”လို့လည်း လူမှုကွန်ရက်မှာ ရေးသားထားတာကို တွေ့ရပါတယ်။ ကင်ပေါ်တာနဲ့ ဒစ်ဒီတို့ဟာ ဆယ်စုနှစ်တစ်ခုကြာ လက်တွဲခဲ့တဲ့ စုံတွဲဖြစ်ပြီး ၂၀၀၇ ခုနှစ်မှာ လမ်းခွဲခဲ့ပေမယ့် ရင်းနှီးတဲ့ဆက်ဆံရေးမျိုးရှိနေဆဲပါပဲ။ သူတို့နှစ်ဦးမှာ အမြွာသမီးလေးနှစ်ဦးနဲ့ သားလေးတစ်ဦး ရှိပါတယ်။

စီအင်န်အင်န်

ဥပဒေအတွေးရေးပါရစေ၊ အပိုင်း(၁၄၈)

# ဥပဒေများစိစစ် အကြံပြုခြင်း



ဦးဟန်ညွန့် (ဥပဒေ)

**ဌာနများအကြောင်းသိကောင်းစရာ**

ကျွန်တော်တာဝန်ထမ်းဆောင်ခဲ့သော ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ဌာနများအကြောင်း ရေးရသည့်အတွက် အားတက်ရွှင်လန်းမိပါသည်။ ကျွန်တော်တို့ခေတ်ကထက် ပို၍တိုးတက်၊ ပို၍ပြောင်းလဲလာသော အခြေအနေများကိုလည်း အားကျဂုဏ်ယူမိပါသည်။ ထို့ပြင် ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဆက်စပ်ပူးတွဲ အလုပ်လုပ်ကြရသော ဌာနများ၊ ရုံးများ၊ ပုဂ္ဂိုလ်များအတွက်ပါ သိသင့်သိထိုက်သည်များ မျှဝေသည့်သဘောလည်း ဖြစ်ပါသည်။ ဒီတစ်ပတ်တော့ ဥပဒေများစိစစ်အကြံပြုခြင်း အကြောင်း တင်ဆက်ပါရစေ။

**ဥပဒေများစိစစ်အကြံပြုခြင်း**

ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဥပဒေများစိစစ်အကြံပြုရေးဌာနသည် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းကဖြစ်စေ၊ ပြည်ထောင်စုဝန်ကြီးဌာနတစ်ခုခု သို့မဟုတ် ပြည်ထောင်စုနယ်မြေအုပ်ချုပ်ရေးအဖွဲ့က ဖြစ်စေ ယင်းတို့ စီမံခန့်ခွဲသည့် ဥပဒေကိုလည်းကောင်း၊ ပြင်ဆင်မည့်ဥပဒေကိုလည်းကောင်း ပြဋ္ဌာန်းနိုင်ရေးအတွက် ကနဦးရေးဆွဲပြီး အပြီးသတ်ဥပဒေမူကြမ်းကို စိစစ်ပေးရန် ပေးပို့သည့်အခါ စိစစ်အကြံပြုရမည်။

**[ပြည်ထောင်စု ရှေ့နေချုပ်နည်းဥပဒေများ ၁၆]**

**တိုင်းဒေသကြီး**

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံး၊ ဥပဒေများစိစစ်အကြံပြုရေးဌာနသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းကဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာနတစ်ခုခုကဖြစ်စေ၊ ယင်းတို့ စီမံခန့်ခွဲသည့် ဥပဒေကိုလည်းကောင်း၊ ပြင်ဆင်မည့် ဥပဒေကိုလည်းကောင်း၊ ပြဋ္ဌာန်းနိုင်ရေးအတွက် ကနဦးရေးဆွဲပြီး အပြီးသတ် ဥပဒေမူကြမ်းကို စိစစ်ရန် ပေးပို့သည့်အခါ စိစစ်အကြံပြုရမည်။

**ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ**

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥပဒေရုံးသည် သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုရှိ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက ယင်းတို့စီမံခန့်ခွဲသည့် ဥပဒေကိုလည်းကောင်း၊ ပြင်ဆင်မည့်ဥပဒေကိုလည်းကောင်း ပြဋ္ဌာန်းနိုင်ရေးအတွက် ကနဦးရေးဆွဲပြီး အပြီးသတ်ဥပဒေမူကြမ်းကို စိစစ်ပေးရန်ပေးပို့သည့်အခါ စိစစ်အကြံပြုပြီး ယင်းအကြံပြုချက်ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေချုပ်ရုံးသို့ ပေးပို့၍အတည်ပြုချက်ရယူရမည်။

**အောက်ပါအချက်အလက်**

စိစစ် အကြံပြုနိုင်ရေးအတွက် သဘောထားမှတ်ချက်၊ အကြံပြုချက်





များ တောင်းခံရာတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းတို့က အောက်ပါအချက်အလက်နှင့် အထောက်အထားစာရွက်စာတမ်းများ ပူးတွဲပေးပို့ရမည်-

(က) အပြီးသတ်ဥပဒေမူကြမ်းသုံးစုံ

(ခ) မည်သည့်အကြောင်းကြောင့် ဥပဒေကို အသစ်ပြဋ္ဌာန်းရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက်

(ဂ) ပြင်ဆင်သည့်ဥပဒေမူကြမ်း သို့မဟုတ် ရုပ်သိမ်းသည့် ဥပဒေမူကြမ်းဖြစ်လျှင်

 (၁) ပင်ရင်းဥပဒေ

 (၂) ပင်ရင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေများ (ရှိလျှင်)

 (၃) ပင်ရင်းဥပဒေပြဋ္ဌာန်းချက်နှင့် ပြင်ဆင်အစားထိုးရမည့်ဥပဒေပြဋ္ဌာန်းချက်တို့ကို နှိုင်းယှဉ်ဖော်ပြသည့် ကျိုးကြောင်း ဖော်ပြချက်ဇယား

 (၄) မည်သည့်အကြောင်းကြောင့် ဥပဒေကို ရုပ်သိမ်းရခြင်းနှင့် စပ်လျဉ်း၍ ကျိုးကြောင်းဖော်ပြချက်

(ဃ) ကိုးကားသောစာရွက်စာတမ်းများ

 (၁) အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများ

 (၂) နိုင်ငံတကာဥပဒေများ

 (၃) အခြားဆက်စပ်သည့်စာရွက်စာတမ်းများ

(င) ဥပဒေမူကြမ်းသည် အင်္ဂလိပ်ဘာသာဖြင့် စတင်ရေးဆွဲခြင်းဖြစ်ပါက အဆိုပါ အင်္ဂလိပ်ဘာသာဖြင့် ရေးဆွဲထားသည့်မူကြမ်း

**အခြေခံရမည်**

ဥပဒေမူကြမ်းများကို စိစစ် အကြံပြုရာတွင်-

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းရှိ၊ မရှိ

(ခ) ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ဥပဒေပြုစာရင်းအရ ပြဋ္ဌာန်းပိုင်ခွင့်ရှိ၊ မရှိ

(ဂ) တည်ဆဲဥပဒေများနှင့် ဆန့်ကျင်ခြင်းရှိ၊ မရှိ

(ဃ) နိုင်ငံတော်က ချမှတ်သော မူဝါဒများ၊ ဦးတည်ချက်များနှင့် ညီညွတ်ခြင်းရှိ၊ မရှိ

(င) နိုင်ငံတော်နှင့် အများပြည်သူတို့၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နိုင်ခြင်း ရှိ၊ မရှိ

(စ) ဥပဒေပါ ပြဋ္ဌာန်းချက်များသည် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းရှိ၊ မရှိ

(ဆ) နိုင်ငံတော်တည်တံ့ခိုင်မြဲရေးနှင့် လုံခြုံရေးကို အန္တရာယ်ပြုထိပါးစေမည့်အချက်များ ပါဝင်ခြင်းရှိ၊ မရှိ

(ဇ) နိုင်ငံတော်၏ပကတိ အခြေအနေများနှင့် လိုက်လျောညီထွေမှုရှိ၊ မရှိ

(ဈ) အများပြည်သူများ၏ လုံခြုံရေးနှင့် ပစ္စည်းလုံခြုံရေးကို ထိခိုက်စေနိုင်ခြင်းရှိ၊ မရှိ

(ည) တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ထိခိုက်ပျက်ပြားစေမည့် အသုံးအနှုန်းများ ပါဝင်ခြင်းရှိ၊ မရှိ

(ဋ) တိုင်းရင်းသား လူမျိုးစုအလိုက် အခြေတည်ခိုင်မာလျက်ရှိသော ဓလေ့ထုံးစံများကို ထိခိုက်စေနိုင်ခြင်းရှိ၊ မရှိ

(ဌ) ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ခုနှင့် တစ်ခုတို့ဖြစ်စေ၊ ဝန်ကြီးဌာနတစ်ခုနှင့် တစ်ခုတို့ဖြစ်စေ၊ အစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းတစ်ခုနှင့် တစ်ခုတို့ဖြစ်စေ၊ ယင်းအဖွဲ့အစည်းများ အကြားတွင်ဖြစ်စေ၊ လုပ်ပိုင်ခွင့်များ ရောထွေးစေသော ဖော်ပြချက်များ ပါဝင်နေခြင်းရှိ၊ မရှိ

(ဍ) အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများနှင့် ဒေသဆိုင်ရာ သဘောတူ စာချုပ်များပါ တာဝန်အရ ရေးဆွဲသော ဥပဒေမူကြမ်းဖြစ်ပါက ထိုကွန်ဗင်းရှင်းများနှင့် သဘောတူစာချုပ်များပါ နိုင်ငံတော်က သဘောတူလက်ခံထားသော အချက်များနှင့် လိုက်လျောညီထွေ ရှိ၊ မရှိနှင့် နိုင်ငံတော်၏ အချုပ်အခြာ အာဏာကို ထိပါးစေခြင်းရှိ၊ မရှိ

**စိစစ်ရမည်**

ဥပဒေမူကြမ်းများကို စိစစ်အကြံပြုရာတွင် ဥပဒေမူကြမ်းများပါ ရေးထုံးရေးနည်းများနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို စိစစ်ရမည်-

(က) ဥပဒေအမည်၊ ဥပဒေအမှတ်၊ နေ့ရက်၊ ဥပဒေပြဋ္ဌာန်းကြောင်း ကနဦးဖော်ပြချက်

(ခ) ဥပဒေပြဋ္ဌာန်းခြင်း၏ ရည်ရွယ်ချက်

(ဂ) ဥပဒေအမည်ဆီလျော်မှု၊ ခုနှစ်လို၊ မလို

(ဃ) ဥပဒေအာဏာ တည်သည့်နေ့ရက်

(င) နောက်ကြောင်းပြန် အာဏာသက်ရောက်မှု

(စ) ၁၉၇၃၊ စကားရပ်များအနက်အဓိပ္ပာယ်ဖွင့်ဆိုရေး ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်ညီ၊ မညီ

(ဆ) စကားရပ်များ အစားထိုးသည့် ဥပဒေ သို့မဟုတ် အမိန့်ပါ စကားရပ်များနှင့် ညီ၊ မညီ

(ဇ) အရေးကြီးအချက်၊ အကြောင်းအရာ ထပ်၊ မထပ်

(ဈ) မြန်မာသဒ္ဒါ၊ သတ်ပုံ၊ ဝေါဟာရ မှန်၊ မမှန်

(ည) အဓိပ္ပာယ်အမျိုးမျိုးကောက်ယူနိုင်ပြီး ရှုပ်ထွေးသည့် စကားရပ် ရှောင်ကြဉ်နိုင်ခြင်းရှိ၊ မရှိ

(ဋ) အရေးအသားကျစ်လျစ်မှု၊ အများပြည်သူနားလည်မှုရှိ၊ မရှိ

(ဌ) ကွန်ဗင်းရှင်းမူရင်းနှင့် ကိုက်ညီမှု ရှိ၊ မရှိ

(ဍ) စကားရပ်တစ်ခုကို ရှေ့နောက် ညီညွတ်စွာ သုံးစွဲထားခြင်းရှိ၊ မရှိ

(ဎ) အဓိပ္ပာယ်ဖွင့်သော စကားရပ်နှင့် ဥပဒေပြဋ္ဌာန်းချက် ညီညွတ်မှုရှိ၊ မရှိ

(ဏ) ပြစ်မှုပြစ်ဒဏ်နှင့် စီမံခန့်ခွဲရေး ပြစ်ဒဏ် အခန်းခွဲခြင်းရှိ၊ မရှိ

(တ) ပြစ်မှုပြစ်ဒဏ်နှင့် နောက်ကြောင်းပြန် ပြဋ္ဌာန်းချက်ပါဝင်ခြင်း ရှိ၊ မရှိ

(ထ) သက်သေခံပစ္စည်း စီမံခြင်းကိစ္စပါ၊ မပါ

(ဒ) ပုဒ်မ၊ ပုဒ်မခွဲ၊ ပုဒ်မခွဲငယ် ဖော်ပြခြင်း

(ဓ) အထွေထွေအခန်းအင်္ဂါရပ်များစုံ၊ မစုံ။

- တည်ဆဲဥပဒေပြဋ္ဌာန်းချက်များ၊ အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြပြဋ္ဌာန်းချက်၊ အာဏာသက်ရောက်မှုအပြင် အခြားဆက်နွှယ်သော အခြေအနေများအား ဘက်ပေါင်းစုံမှ သုံးသပ်၍ ဥပဒေများစိစစ်၊ အကြံပြုရကြောင်း ပြည်ထောင်စုရှေ့နေချုပ် နည်းဥပဒေများ (၂၀၁၆)တွင် ဖော်ပြရှင်းလင်းထားပေသည်။

**စေတနာ**

**“ ဥပဒေအရာရှိဆိုတာ အမှုလိုက်ရုံသက်သက်ပါ ”** ဟု အလွယ်တကူပြောလေ့ရှိသူများ သိထားစေချင်သည့် စေတနာပါ။ အမှုလိုက်တာဝန်တစ်ခုတည်း သက်သက်သာမက၊ ဘက်စုံလေ့လာ၊ ဥပဒေပညာကိုသုတေသနပြု၊ အကြံပြု၊ ဘာသာပြန်၊ ဥပဒေရေးဆွဲ၊ စာချုပ်ရေးရတာတွေလည်း ပါဝင်ကြောင်းတွေးခေါ်မိသော ကျွန်တော်၏ စေတနာ ဥပဒေအတွေးမျှသာပါ။ ။

## REQUEST FOR EXPRESSIONS OF INTEREST (CONSULTING SERVICES – FIRMS SELECTION)

**MYANMAR**
**South East Asia Disaster Risk Management Project**
**Project ID. P160931**

**Assignment Title:** Component 3 Preparation of Detailed Engineering Designs and Bidding Documents for the seismic retrofitting of 20 buildings in Yangon, and Construction Management and Supervision of the Works

**Reference No**. C3 CS1-2

The Government of the Republic of the Union of Myanmar has received financing from the World Bank toward the cost of the South East Asia Disaster Risk Management Project, and intends to apply part of the proceeds to finance the Works for seismic retrofitting of 20 buildings in Yangon and the cost of Consulting Services.

The Consulting Services ("the Services") shall consist of two stages: Stage 1 covering Detailed Design; and Stage 2 covering Contract Management and Construction Supervision. A single proposal (technical and financial) covering both stages will be requested. Separate contracts will be awarded for each stage with award of the contract for Stage 2 being conditional on satisfactory performance on Stage 1. Stage 1 shall include carrying out a risk assessment of the targeted buildings, detailed structural analysis and engineering designs for the retrofitting of 20 buildings (all of which are of heritage significance), preparation of an environmental and social impact assessment (ESIA) in conformity with an existing Environmental and Social Management Framework (ESMF); detailed cost estimates; prioritization of retrofitting works; proposals for procurement packaging and preparation of Bidding Documents for a number of priority bid packages using World Bank Procurement Guidelines and Standard Bidding Documents. Stage 2 shall cover Contract Management and Construction Supervision of the works including assisting Yangon City Development Committee (YCDC) with overall coordination, including during the Defects Liability Period of the works.

The duration of services for Stage 1 and Stage 2 are estimated at about eleven (11) months and twenty-four (24) months respectively excluding Defects Liability Period. The Defect Liability Period is expected to be 12 months.

The budget available for the priority seismic retrofitting works is approximately US$18 million.

The Yangon City Development Committee with the Engineering Department (Buildings) (EDB) will be implementing the Project and now invites eligible consulting firms ("Consultants") to indicate their interest in providing the Services. **Interested Consultants must provide specific information demonstrating that they have the required qualifications and relevant experience to perform the Services.**

The short listing criteria: (1) At least 10 years of experience in the field of seismic structural analysis and design and retrofitting of existing structures; (2) At least 3 projects of similar scope and nature; (3) Substantial experience in developing construction documents, bidding documents and plans; (4) Substantial experience in the management of large construction projects, including supervision of construction activities and contractual financial management processes; (5) Prior experience in developing and monitoring effective QA programs and compliance records; (6) The ability to interact with a varied set of stakeholders, ranging from government partners to the private design community; (7) Experience developing and delivering capacity and knowledge transfer programs; (8) Proven experience in carrying out similar assignments within the past 5 years.

Interested Consulting firms are **requested to provide specific information and past project examples** to demonstrate their ability **to meet each the shortlisting criteria above**. Individual CV's of proposed 'team members' need not be supplied at this stage (individual team members will be evaluated at RFP stage) and will not be taken into consideration. **Proven ability to undertake seismic analysis, detailed seismic design (for retrofitting) and project/construction management** activities are of critical importance and must be clearly demonstrated. **Examples of past project experiences (including contract reference and scope undertaken) should be provided**. Failure to do so may result in Consulting Firms not being evaluated.

The attention of interested Consultants is drawn to paragraph 1.9 of the World Bank's *Guidelines: Selection and Employment of Consultants [under IBRD Loans and IDA Credits & Grants] by World Bank Borrowers* dated January 2011 and revised in July 2014. ("Consultant Guidelines"), setting forth the World Bank's policy on conflict of interest. Consultants may associate with other firms in the form of a joint venture or a sub consultancy to enhance their qualifications. The "association" may take the form of a joint venture or a sub consultancy.

In case of a joint venture (JV), all members of the JV will be evaluated jointly for the purpose of short listing and shall be jointly and severally liable for the assignment and shall sign the contract jointly in case of award is made to that JV. Interested consultants should clearly indicate the structure of their "association" and the duties of the partners and sub consultants in their application. Unclear expression of interests in terms of "in association with" and/or "in affiliation with" and etc. without indicating the status of the partnership and designation of the lead partner may not be considered for short listing.

A Consultant will be selected in accordance with the Quality and Cost Based Selection (QCBS) method set out in the Consultant Guidelines. Further information can be obtained at the address below during office hours [9.30 a.m to 4.30 p.m, Monday to Friday].

Expressions of interest must be delivered in a written form to the address below (in person, or by mail, or by fax, or by e-mail) **by Wednesday,December 12, 2018 before 12.00 pm (midday)**

**Engineering Department (Buildings)**
**Yangon City Development Committee**
Contact Person: Daw Hnin Ei Win
Position: Section Head Engineer
Engineering Department (Buildings)
4th Floor, 10 Storeyed Office Building,
Corner of Sepin Street & 34th Street,
Kyauktada Township, Yangon
Postal Code - 11182
Republic of the Union of Myanmar
Tel: +95 1 374366
E-mail: ycdcedb@gmail.com and
cc ycdcedb@ycdc.gov.mm




## တိုင်းရင်းသားရေးရာ (Ethnics Affairs) ဂျာနယ်အမှတ်–၂စတင်ဖြန့်ချိခြင်း

မြန်မာရေးရာလေ့လာရေးအဖွဲ့ (Center for Myanmar Affairs Studies) က စီစဉ်ထုတ်ဝေလိုက်သော တိုင်းရင်းသားရေးရာ (Ethnics Affairs) ဂျာနယ်အမှတ်–၂ (၂၀၁၈၊ နိုဝင်ဘာလ) ထွက်ရှိလာပါသည်။

အမှတ်–၂ စာစောင်တွင် ဆရာကြီးမင်းသုဝဏ်၏ ခနရိုးရာ စကားထာ၊ နိုင်သောင်းထွင်၏ ပလောင်ဝေသန္တရာပွဲ၊ အရှိုချင်းဘာသာစာပေနှင့် ယဉ်ကျေးမှု၊ မြောင်ဇီး၊ သျှမ်းတို့၏ ဓလေ့ထုံးစံများနှင့်အတူ ရခိုင်ကျေးလက်ကဗျာများ၊ ရခိုင်စာဆိုတော်ဦးကာဗျာန်၊ နာဂလူမျိုးစုရိုးရာ တေးဖွဲ့သီပုံ၊ ကျိုင်းတုံ–ဇင်းမယ် ဆက်ဆံရေး ၁၈၃၆၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးအဘိဓာန်များ၊ ကယား ပြည်နယ်တိုင်းရင်းသားတို့၏ စိတ်ဝင်စားဖွယ်ရာရိုးရာပွဲတော်များ၊ မြန်မာအစုဝင် စကားများ၊ ဗြိတိသျှတို့၏ တောင်တန်းဒေသများ သိမ်းသွင်းပုံ၊ ကရင်–ဗမာ ညီညွတ်ရေးဗိသုကာတစ်ဦးနှင့် မိုးမိတ်စော်ဘွားစဝ်ခင်မောင် စသည့် ဆောင်းပါး၊ စာတမ်းများ ပါဝင်သည်။

စာရေးသူများအဖြစ် ဆရာကြီးမင်းသုဝဏ်၊ဆရာကြီးဇော်ဂျီ၊ ဒေါက်တာ သန်းထွန်း၊ ဒေါက်တာခင်မောင်ညွန့်၊ နိုင်သောင်းထွင်၊ ဆလိုင်းတင်မောင်ဆွေ၊ အနောက်သား(စစ်တွေ)၊ မောင်ကြော့ဦး၊ ဒေါက်တာတင်မောင်ကြည်၊ ဦးတင်လှ၊ ဒေါ်ခင်ခင်စု၊ ဗိုလ်မှူးဘရှင်၊ ဦးတင်မောင်ရင်၊ ဟသံာတမောင်မောင်ကြီးနှင့် မောင်ဇေယျာတို့က ပါဝင်ရေးသားထားကြသည်။

မြန်မာရေးရာလေ့လာရေးအဖွဲ့က တိုင်းရင်းသားရေးရာ (Ethnic Affairs) ဂျာနယ်ကို အမှတ်–၁မှစ၍ လေးလတစ်ကြိမ် ပုံမှန်ထုတ်ဝေလျက်ဖြစ်ရှိပြီး၊ နယ်ကိုယ်စားလှယ်များ၊ စာအုပ်ဆိုင်များနှင့် တစ်ဦးချင်းမှာယူလိုသူများအတွက် တိုင်းရင်းသားရေးရာ (Ethnics Affairs) ဂျာနယ်အမှတ်–၂ကို ဒူဝံစာပေ၊ အမှတ်၂၁၂၊ ၃၁လမ်း(အထက်ဘလောက်)၊ ပန်းပဲတန်းမြို့နယ်သို့ မှာယူနိုင်ပါသည်။ နယ်မှ တစ်ဦးချင်းမှာယူလိုသူများအတွက် စာတိုက်မှတစ်ဆင့် ပေးပို့သွားမည်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့နယ်များတွင် နေ့ချင်းအရောက် ပေးပို့သွားမည်ဖြစ်ပါသည်။

**မြန်မာရေးရာလေ့လာရေးအဖွဲ့ ဖုန်း – ၀၁–၃၈၇၅၆၈**
**ဒူဝံစာပေ ဖုန်း – ၀၁–၃၈၅၅၉၇၊ ၀၉–၇၃၂၀၃၀၃၂**
**Email ;duwunsarpay31apperst@gmail.com**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်(ရန်ကုန်)ရှိ သတင်းစာပုံနှိပ်လုပ်ငန်းမှထွက်ရှိသော ဘေးထွက်ပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါစနစ်တို့၏ အသေးစိတ်အချက်အလက်များကို ၂၁–၁၁–၂၀၁၈ရက်မှ ၂၇–၁၁–၂၀၁၈ရက်အထိ နေ့စဉ် နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း အောက်ပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၇–၁၁–၂၀၁၈ရက် မွန်းလွဲ ၁နာရီမှ မွန်းလွဲ ၂နာရီအတွင်း မြန်မာ့အလင်းသတင်းစာတိုက်(ရန်ကုန်)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်သို့ လာရောက်ပေးပို့ရန်နှင့် အိတ်ဖွင့်တင်ဒါများအား တစ်ပြိုင်တည်းဖွင့်ဖောက်ကြေညာပေးသွားမည်ဖြစ်ပါသည်။ သတ်မှတ်အချိန်ထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အဆိုပါဘေးထွက်ပစ္စည်း အမျိုးအမည်၊ အရေအတွက်နှင့်ပစ္စည်း မျက်မြင်အခြေအနေအား ကြည့်ရှုလိုသူများနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက မြန်မာ့အလင်းသတင်းစာတိုက်(ရန်ကုန်)သို့ သွားရောက်ကြည့်ရှုနိုင်ပြီး ဖုန်း–၀၁–၅၄၄၃၁၄၊ ၀၁–၅၄၄၃၁၅၊ ၀၁–၅၄၄၃၁၈ တို့ထံသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်(ရန်ကုန်)**
**အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့**

**အမျိုးသားလွှတ်တော်ရုံး**

## ဝန်ထမ်းလျှောက်လွှာနောက်ဆုံးရက်နှင့် စာမေးပွဲအချိန်စာရင်းပြင်ဆင်သတ်မှတ်ခြင်း

၁။ အမျိုးသားလွှတ်တော်ရုံးတွင် လစ်လပ်လျက်ရှိသော ဒုတိယဦးစီးမှူး (ကွန်ပျူတာ) (၁၅)နေရာ၊ လစာနှုန်း(၂၁၆၀၀၀–၂၀၀၀–၂၂၆၀၀၀)ရွေးချယ်ခန့်ထားနိုင်ရေးအတွက် မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတို့တွင် ၁၀–၁၁–၂၀၁၈ ရက်တွင် ထည့်သွင်းဖော်ပြကြေညာခဲ့ပြီး ဖြစ်ပါသည်။

၂။ ၎င်းကြော်ငြာစာ၌ပါရှိသော လျှောက်လွှာပေးပို့ရန် နောက်ဆုံးရက်နှင့် စာမေးပွဲအချိန်စာရင်းတို့အား အောက်ပါအတိုင်း ပြင်ဆင်သတ်မှတ်ပါသည်–

| | | |
|---|---|---|
| **လျှောက်လွှာပေးပို့ရန်နောက်ဆုံးရက်** | – | ၂၈–၁၂–၂၀၁၈ရက် (သောကြာနေ့) |
| **ဖြေဆိုခွင့်ကတ်ပြားထုတ်ယူရမည့်ရက်** | – | ၁၁–၁–၂၀၁၉ရက် (သောကြာနေ့) (ရုံးချိန်အတွင်း) |
| **ရေးဖြေစစ်ဆေးခြင်းဖြေဆိုရမည့်ရက်** | – | ၁၂–၁–၂၀၁၉ရက် (စနေနေ့) နံနက် ၉ နာရီ |
| **လူတွေ့စစ်ဆေးခြင်းဖြေဆိုရမည့်ရက်** | – | ၁၉–၁–၂၀၁၉ရက် (စနေနေ့) နံနက် ၉နာရီ |

၃။ ဤကြေညာချက်ကို အမျိုးသားလွှတ်တော်ရုံး၏ Website(http://www.amyotha.hluttaw.mm)နှင့် Facebook Page (http://www.facebook.cpm/hluttawamyotha)တို့တွင်လည်း ဖော်ပြထားပါသည်။

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**
**ပြည်တွင်းအခွန်များဦးစီးဌာန(ရန်ကုန်တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံး)**

## ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချရေးကြော်ငြာ

၁။ ၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ်၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ အထူးကုန်စည်ခွန်ဥပဒေပုဒ်မ(၁၂) ပုဒ်မခွဲ(ဆ)အရ အထူးကုန်စည်ခွန် စစ်ဆေးရေးအထူးအဖွဲ့က သိမ်းဆည်းရမိသော အထူးကုန်စည်များအား ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသဖြင့် အများပြည်သူများ(မည်သူမဆို) ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်–

| | | | |
|---|---|---|---|
| (က) | **လေလံတင်ရောင်းချမည့်ရက်/အချိန်** | – | ၂၆–၁၂–၂၀၁၈ ရက် (တနင်္လာနေ့) |
| (ခ) | **လေလံပုံစံရောင်းချမည့်နေရာ** | – | ရန်ကုန်တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံး၊ အမှတ်(၁၆၃/၁၆၇) ပန်းဆိုးတန်းလမ်း(အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ |
| (ဂ) | **လေလံတင်ရောင်းချမည့်ပစ္စည်းအမျိုးအမည်နှင့်အရေအတွက်** | – | ပြည်တွင်းထုတ် (ထန်းအရက်ဖြူ) (၃၆၉၆၀)ပုလင်း |
| (ဃ) | **လေလံတင်ရောင်းချမည့်ပစ္စည်းကြည့်ရှုရမည့်နေရာ** | – | ရွှေပြည်သာမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး |
| (င) | **လေလံတင်သွင်းရမည့်နောက်ဆုံးရက်/အချိန်** | – | ၂၄–၁၂–၂၀၁၈ ရက် (တနင်္လာနေ့) ညနေ ၃ နာရီတိတိ |
| (စ) | **လေလံဖွင့်လှစ်မည့်နေရာ** | – | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ အလုံမြို့နယ် |

၂။ အသေးစိတ်သိရှိလိုပါက ပြည်တွင်းအခွန်များဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံး၊ ဖုန်း–၀၁–၂၅၂၅၄၃၊ ၀၁–၃၇၂၃၀၉ တို့သို့ ရုံးချိန်အတွင်းဆက်သွယ်၍ မေးမြန်းနိုင်ပါကြောင်းနှင့် လေလံဖွင့်လှစ်မည့် ရက်နှင့်အချိန်ကို ထုတ်ပြန်ကြေညာသွားမည်ဖြစ်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့**
**ရန်ကုန်တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံး**
**ရန်ကုန်မြို့**

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**
**အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန**
**နေပြည်တော်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန (နေပြည်တော်)၏ ၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် နေပြည်တော်ကောင်စီနယ်မြေတွင် ဆောင်ရွက်မည့် အောက်ဖော်ပြပါလုပ်ငန်းများအား တင်ဒါခေါ်ယူအပ်ပါသည်–

(က) **Building C(1 Unit) ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများ**
- မြို့ပြလုပ်ငန်း
- ရေသန့်လုပ်ငန်း
- လျှပ်စစ်လုပ်ငန်း
- အခြားလုပ်ငန်း

(ခ) **Building B(6 Unit) ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများ**
- CCTV,PABX,Data Network,CATV,PA,Fire Alarm System
- Fire Fighting System
- Main Control Room for FLV System (1 Unit, 3 Unit & 6 Unit)

(ဂ) **မော်ကွန်းပြကွက်များ အဆင့်မြှင့်တင်မွမ်းမံခြင်းလုပ်ငန်း** (အလျား ပေ၈၀၊ အနံ ပေ၆၀၊ အမြင့် ၁၈ပေ)

| | | | |
|---|---|---|---|
| (ဃ) | **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** | – | ၁၆–၁၁–၂၀၁၈ ရက် |
| (င) | **တင်ဒါလျှောက်လွှာပိတ်ရက်** | – | ၁၇–၁၂–၂၀၁၈ ရက် |
| (စ) | **တင်ဒါဖွင့်မည့်ရက်နှင့်အချိန်** | – | ၁၈–၁၂–၂၀၁၈ ရက် (အင်္ဂါနေ့) နံနက် ၁၀ နာရီ |
| (ဆ) | **တင်ဒါပုံစံရောင်းချမည့်နေရာ** | – | အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန၊ ကုမုဒြာကြာပန်းဝိုင်းအနီး၊ ရာဇသင်္ဂဟလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော် ဖုန်း–၀၆၇–၄၁၈၄၉၂၊ ၀၆၇–၄၁၈၃၇၉ |

## တစ်ဦးတည်းဖြစ်ပါကြောင်း

မောင်လင်းသီဟထွန်း ၅/ကဘလ(နိုင်)၁၇၂၃၆၂၏ ဖခင် ဦးထွန်းထွန်းဝင်း ၅/ခဥန(နိုင်)၀၆၂၄၉၅နှင့် ဦးအောင်မြင့်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်1G/4037၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး၊(ရန်ကုန်မြောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ မိုးကုတ်မြို့နယ်၊ ရှောလီဝိုင်းရပ်ကွက်အုပ်စု၊ ကုန်းသာရပ်၊ မြေကွက်အမှတ် ၁၆၊ ဦးပိုင်အမှတ် N–၇၅၊ ဧရိယာ ၀ဒသမ ၃၄၂၈ကေရှိ မြေကွက်အား ယခင်ပိုင်ဆိုင်သူ ဦးရှုဒရာပါဆပ်ရှားမား အမည်မှ ယခုပိုင်ဆိုင်သူ ဦးသိန်းလွင်မိုး၊ ဒေါ်နှောင်းမှီမှီ တို့အမည်ဖြင့် ဂရန်လျှောက်ထားမည်ဖြစ်သဖြင့် ယနေ့မှစ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးသိန်းလွင်မိုး–ဒေါ်နှောင်းမှီမှီ**
**ကုန်းသာရပ်၊ မိုးကုတ်မြို့**
**ဖုန်း–၀၉–၄၀၂၆၁၂၉၈၀**

## ကန့်ကွက်လွှာခေါ်ယူခြင်း

မြဝတီမြို့၊ (၅)ရပ်ကွက်၊ သုခလမ်းနေ ဦးစောရဲဝင်း ၃/ကဆက(နိုင်)၀၃၇၆၉၀မှ မြဝတီမြို့ အဆင့်မြင့်မြို့ပြစီမံကိန်းအကောင်အထည်ဖော်ရေးဦးဆောင်ကော်မတီမှ ၉–၅–၂၀၀၂ရက်စွဲပါ စာအမှတ် ၄/၆–၄၀၇/ဦး ၆ ဖြင့် မြေပေးမိန့်ချထားပေးခဲ့ပြီး ၁၀–၈–၂၀၀၂ရက်မှ ၉–၈–၂၀၃၂ရက်အထိ နှစ် ၃၀ မြေငှားဂရန်ရရှိထားပြီးဖြစ်ရာ အဆိုပါမြေငှားဂရန်မူရင်းမှာ ၂၀၁၃ခုနှစ်တွင် မြဝတီမြို့၊ ရေကြီးနစ်မြုပ်စဉ် ပျောက်ဆုံးသွားပါသဖြင့် မြေငှားဂရန်မိတ္တူမှန်ကူးယူခွင့်ပြုပါရန် ၂–၈–၂၀၁၈ ရက်စွဲပါစာဖြင့် တင်ပြလျှောက်ထားလာမှုနှင့်ပတ်သက်၍ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း မြဝတီခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကန့်ကွက်လွှာ တင်သွင်းနိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြဝတီခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြဝတီမြို့**

"ပထမ" နေရာမှ (၇)နှစ်ဆက် နိုင်ငံတော်အခွန်ဘဏ္ဍာတာဝန်ကို အများဆုံးထမ်းဆောင်ခဲ့သော အခွန်ထမ်းချန်ပီယံကြီး " KBZ BANK/ KBZ GROUP တည်ထောင်သူ နာယက ဦးအောင်ကိုဝင်း"အတွက်

# ဂုဏ်ယူဝမ်းမြောက်ခြင်း

- ၂၀၁၇–၂၀၁၈ အခွန်စည်းကြပ်နှစ် အတွက် တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန် အများဆုံးထမ်းဆောင်သော ကုမ္ပဏီများအနက် **"ကမ္ဘောဇဘဏ်လီမိတက်"**သည် ၂၀၁၇–၂၀၁၈ အခွန်စည်းကြပ်နှစ်အတွက် ဝင်ငွေခွန် ကျပ်ငွေ(၂၆.၄)ဘီလီယံ ပေးသွင်းခဲ့ပြီး၊ တစ်နိုင်ငံလုံးတွင် **"ပထမ"** နေရာမှ (၇)နှစ်ဆက် နိုင်ငံတော်အခွန်ဘဏ္ဍာတာဝန်ကို အများဆုံးထမ်းဆောင်ခဲ့ခြင်း၊

- နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် ငွေကြေးကဏ္ဍမှ အဓိက အထောက်အကူပြုပါဝင်နိုင်ခဲ့ခြင်းနှင့် နိုင်ငံအတွင်း အောင်မြင်သော စီးပွားရေးလုပ်ငန်းရှင် အမြောက်အများ ပေါ်ထွန်းလာအောင် ပံ့ပိုးကူညီ ဖော်ဆောင်ပေးနိုင်ခြင်းများအတွက် **"ကမ္ဘောဇဘဏ်၊ ကမ္ဘောဇအုပ်စုတည်ထောင်သူ နာယကကြီး ဦးအောင်ကိုဝင်း"** အား အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံအကျိုးပြုဆိုင်ရာကဏ္ဍအသီးသီးတို့တွင် ဆထက်ထမ်းပိုးတိုး ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

**ဦးကျော်ထွန်းနိုင်**
Chairman
Yandanar Kaung Kin Gems & Jewellery Co., Ltd.

**ဦးနေလင်းအောင်**
Managing Director
Nilar Yoma Trading Co., Ltd.

**ဦးစိန်လွင်လေး**
Managing Director
Myint Myat Htut Khaung International Co., Ltd.

**ဦးမောင်မောင်အေး**
Managing Director
Moe Htet Gabar Co., Ltd.

**ဦးအောင်ဝင်း**
Managing Director
Tun Tauk Sa Gems Co., Ltd.

**ဦးအောင်မြင့်**
Managing Director
Shwe Aein Chan Thar Co., Ltd.

**ဦးမြင့်စိန်**
Managing Director
Soe Aung Trading Co., Ltd.

သဘင်၊ ဂီတ၊ ရုပ်ရှင် အနုပညာရှင်များစွာ ပါဝင်ဆင်နွှဲကြမည့် ကေတုမတီ(တောင်ငူ) မြို့တည်နန်းတည် (၅၀၈) နှစ်ပြည့်အထိမ်းအမှတ် ဝင်းခင်းသဘင်ပွဲတော်ကြီးကို ၂၂-၁၁-၂၀၁၈ ( ကြာသပတေးနေ့ ) တွင် CHANNEL K ( FREE TO AIR ) ရုပ်သံလိုင်းမှ တိုက်ရိုက် ( LIVE ) ထုတ်လွှင့်ပြသသွားပါမည်။

channel K

အကယ်ဒမီ ရဲအောင်၊ မိုးဝင်း(မဟာရန်ကုန်စံပြသဘင်)၊ နေထက်လင်း၊ နေမျိုးအောင်၊ သူထူးစံ၊ ကျော်ကျော်ဗို၊ အကယ်ဒမီထွန်းထွန်း၊ မြို့ရွှေမန်းသားလေးဖိုးချစ်၊ မင်းရာဇာ၊ မိုးယံဇွန်၊ နေဒွေး၊ မင်းညီ၊ အကယ်ဒမီ ထက်ထက်မိုးဦး၊ အကယ်ဒမီ မေသဥ္ဇာဦး၊ အကယ်ဒမီ စိုးပြည့်သဇင်၊ လှအဥ္ဇလီတင့်၊ မိုးပြည့်ပြည့်မောင်၊ မေကဗျာ၊ ဖူးစုံ၊ အေးဝတ်ရည်သောင်း၊ ရွှေသမီး စသည့် အနုပညာရှင်များစွာပါဝင်သော ဝင်းခင်းသဘင်

Sound Square Music Band၊ စိုင်းစိုင်းခမ်းလှိုင်၊ ဂရေဟမ်၊ ဇော်ပိုင်၊ သာဒီးလူ၊ အောင်ထက်၊ သားငယ်၊ ကလုန်း၊ L ဆိုင်းဇီ၊ အိုင်းရင်းဇင်မာမြင့်၊ စိုးပြည့်သဇင်၊ ပိုပို၊ Jewel ၊ ဘီလီလမင်းအေး အစရှိသည့် အဆိုပညာရှင်များ

တယောဦးတင်ရီတေးဂီတအဖွဲ့၊တောင်ငူဂီတအစည်းအရုံးနှင့်လက်ာဒီပသံစုံတီးဝိုင်းအဖွဲ့၊ SMILING FACE Music Band၊ ERASER Music Band၊ RECYCLE Music band၊ CB Bank Music Band စသည့်ဖျော်ဖြေရေးယာဉ်များတွင် ဂျေညီညီ၊ အကယ်ဒမီရဲအောင်၊ နေထက်လင်း၊ နေမျိုးအောင်၊ သူထူးစံ၊ ကျော်ကျော်ဗို၊ အကယ်ဒမီထွန်းထွန်း၊ မင်းရာဇာ၊ နေဒွေး၊ မင်းညီ၊ မိုးထက်မြင့်၊ အကယ်ဒမီမေသဥ္ဇာဦး၊ မိုးပြည့်ပြည့်မောင်၊ မေကဗျာ၊ ဖူးစုံ၊ အေးဝတ်ရည်သောင်း၊ ရွှေသမီး၊ ပွင့်နဒီမောင်၊ ပွင့်၊ ခရစ္စတီးနား၊ ယွန်းရွှေရည်၊ ကက်သရင်းမီးမီးနှင့် တောင်ငူသူ၊တောင်ငူသား အနုပညာရှင်များစွာတို့ဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပသွားပါမည်။

---

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မူရယ် ၂/လကန(နိုင်)၀၇၃၆၄၉ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၆၂၁၇၂၂

**ပျောက်ဆုံးကြောင်း**

ကျွန်တော် လိုရင်းရှို ၂/ဖရဆ(နိုင်) ၀၂၀၀၀၉ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၆၂၁၇၂၂

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ပိုးရယ် ၂/ဒမဆ(နိုင်) ၀၂၀၉၆၆ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၆၂၁၇၂၂

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ထွန်းအီ ၂/ဖရဆ(နိုင်) ၀၁၆၆၅၆ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၆၂၁၇၂၂

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မီးအီ ၂/ဖရဆ(နိုင်) ၀၁၄၀၅၈ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၆၂၁၇၂၂

**ပျောက်ဆုံးကြောင်း**

ကျွန်မ လော်ရင်းရှ ၂/လကန(နိုင်) ၁၀၅၁၂၅ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၆၂၁၇၂၂

**ပျောက်ဆုံးကြောင်း**

ကျွန်တော် စိုးမိုးဝင်း ၁၃/ဖခန(နိုင်) ၀၃၇၉၄၄ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၆၂၁၇၂၂

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ဂျိုးဝါးနီ ၂/ဖရဆ(နိုင်) ၀၁၉၂၆၂ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၆၂၁၇၂၂

**ပျောက်ဆုံးကြောင်း**

ကျွန်မ ရိုစ်မေရီ ၂/ဒမဆ(နိုင်) ၀၇၅၆၉၉ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၆၂၁၇၂၂

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ဘောစကို ၂/လကန(နိုင်) ၀၆၄၀၀၁ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၆၂၁၇၂၂

**ပျောက်ဆုံးကြောင်း**

ကျွန်မ မစပယ်ဖြူ ၁၃/ဟပန(နိုင်) ၀၉၂၀၂၉ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၉၂၇၁၉၂၅

**တစ်ဦးတည်းဖြစ်ပါကြောင်း**

တောင်ကြီးမြို့နယ်၊ ရွှေညောင်မြို့၊ သံတဲကျေးရွာအုပ်စု၊ ကုန်းမို့ရွာနေ မောင်ဇင်ရဲထွန်း၏ဖခင် ဦးချစ်တင် ၁၃/တကန(နိုင်)၁၀၄၂၀၆ နှင့် ဦးအောင်ချစ်တို့မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**

မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့၊ အထက(ခွဲ)လ၊ ပဥ္စမတန်း၊ ကျောင်းဝင်အမှတ်(၄၇၂၆) မှ မောင်မြတ်မင်းသန့်၏ ဖခင်အမည်မှန်မှာ ဦးစိုင်းစံမြတ် ၁၃/မမတ(နိုင်)၀၀၄၉၉၅ ဖြစ်ပါကြောင်း။

**တစ်ဦးတည်းဖြစ်ပါကြောင်း**

တောင်ကြီးမြို့၊ ရတနာသီရိရပ်၊ စိန်ရတနာလမ်း၊ အမှတ် ရ/၈၂၆ နေ အထက(၉)မှ အလယ်တန်းပြဆရာ ဦးရွှေလင်းနှင့် ဦးရွှေဝင်း ၁၃/တကန(နိုင်)၁၉၃၉၃၆ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ပင်လောင်းမြို့၊ မင်္ဂလာကွက်သစ်ရပ်ကွက်နေ ဦးပြား၏သမီး နန်းသန်းရွှေ ၁၃/ပလန(နိုင်)၀၄၅၆၃၇ နှင့် နန်းမြသန်းရွှေသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

နန်းသန်းရွှေ (ခ) နန်းမြသန်းရွှေ

**ဖခင်အမည်မှန်**

ရှမ်းပြည်နယ်တောင်ပိုင်း၊ နမ့်စန်မြို့၊ အမှတ်(၁)ကျေးရွာ၊ အမက၊ စတုတ္ထတန်းမှ မောင်အာဂျွန်း၏ ဖခင်အမည်မှန်မှာ ဦးနီ(သ်)ရာလာလ် ၁၃/နစန(နိုင်) ၀၃၉၅၄၀ ဖြစ်ပါကြောင်း။

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ကျော်ဇေလင်း ၂/လကန(နိုင်)၀၇၁၉၉၅ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၆၂၁၇၂၂

**ပျောက်ဆုံးကြောင်း**

ကျွန်တော် စောကလိုမူး ၂/လကန(နိုင်) ၀၅၂၁၇၇ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၆၂၁၇၂၂

**ပျောက်ဆုံးကြောင်း**

ကျွန်တော် စောနဲနယ် ၂/လကန(နိုင်) ၀၇၄၄၉၂ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၆၂၁၇၂၂

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ကျန်ဆီး ၁၃/မနန(နိုင်) ၀၀၉၂၂၀ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၃၅၉၈၅၂၀

**ဖခင်အမည်မှန်**

ပင်လောင်းမြို့၊ အထက(ပင်ခွန်)၊ နဝမတန်းမှ ခွန်ကိုစိုးနှင့် အဋ္ဌမတန်းမှ မူပန်းဝေတို့၏ ဖခင်အမည်မှန်မှာ ခွန်တင်ဝန်း ၁၃/ပလန(နိုင်)၀၄၄၈၂၆ ဖြစ်ပါကြောင်း။

ခွန်တင်ဝန်း

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မာတေးအို ၂/လကန(နိုင်) ၀၄၇၂၂၂ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၆၂၁၇၂၂

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ဖရူဆိုမြို့၊ ဒီးဒါးကူးရပ်ကွက်၊ ဒ/၈၃ နေ ဦးအန်ဗရောဇို၏သမီး ဒေါ်စတယ်လာမူမူ ၂/ဖရဆ(နိုင်) ၀၀၉၉၁၀ နှင့် ဒေါ်စတယ်လာမူမူမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ကန့်ကွက်နိုင်ပါကြောင်း**

တောင်ကြီးမြို့၊ ညောင်ဖြူစခန်းရပ်၊ အနောက်မြို့ပတ်လမ်း၊ အိမ်အမှတ်-၄၅၊ ကွင်း/အကွက်အမှတ်နှင့်အမည် ၁၁၇-ဓမ္မသုခကျောင်း၊ ဦးပိုင်အမှတ်/မြေကွက်အမှတ် ၇၁/၃၇၇၊ မြေဧရိယာ ၀ ဒသမ ၀၉၃ ဧကရှိမြေအား ပိုင်ဆိုင်သူ ဦးဝင်းနိုင်ဦး ၁၃/တကန(နိုင်)၀၂၂၆၅၃ ၏ (၁၀၅)မူရင်းပျောက်ဆုံးသွားပါသဖြင့် အသစ်ပြန်လည်လျှောက်ထားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

ဦးဝင်းနိုင်ဦး ၁၃/တကန(နိုင်)၀၂၂၆၅၃
ဖုန်း-၀၉-၅၂၁၃၉၈၇

**အသစ်စက်စက်**

**ရတနာပန်း-မိုတယ်**

- ချိုသာသောဈေးနှုန်း
- လှပသောရှုခင်းများကို အထက်စီးမှ ကြည့်ရှုနိုင်မည့် အခွင့်အရေး
- ကားဂိတ်သို့ ဝန်ဆောင်မှုအခမဲ့ အကြို၊ အပို့လုပ်ပေးသည်။
- ဖုန်းလေးသာ ဆက်လိုက်ပါ။

ဖုန်း- ၀၉-၅၁၀၄၉၁၅
၀၉ - ၆၉၅၁၀၄၉၁၅
၀၉ - ၉၅၅၁၀၄၉၁၅
၀၉ - ၉၆၅၁၀၄၉၁၅
၀၉ - ၉၇၅၁၀၄၉၁၅

တနတရှေ့၊ ဘုရင်မဆွယ်တာအနီး
မေတ္တာမွန်လမ်း၊ ရပ်ကွက်ကြီး (၁၂)၊ ရေချမ်းအိုး(မြောက်)၊ ပြင်ဦးလွင်

**အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း**

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ရွှေစက်ရပ်ကွက်၊ ကွင်းအမှတ် ၂က၊ ဦးပိုင်အမှတ် ၄၇/၁၊ ဧရိယာ ၀ ဒသမ ၃၄၈ ဧကရှိမြေကွက်အား ဦးအလေးပါး အမည်ဖြင့် မြေခွန်ပြေစာအမည်ပေါက်ပိုင်ဆိုင်ခဲ့ပြီး မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ မြေငှားဂရန်(အသစ်)လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်(အသစ်)ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကော်လီတွေ့ဘ်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြစ်ကြီးနားမြို့

**ထပ်မံဖြည့်စွက်ကြေညာခြင်း**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ သာယာဝတီလမ်း၊ အမှတ် (18/A-1)နေ ဦးခင်မောင်စန်း ၁၂/လသန(နိုင်)၀၀၇၄၉၉ ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

၁။ Mr.Ye Peng Fei (Passport E-4563041)(ယခု Passport E-77907965)၊ Miss. Wang Lifen (Passport-G-36108553)(ဟုန်စိန်ပီနန်အိတ်ထုတ်လုပ်ရေးလုပ်ငန်း) အမှတ် ၂/၇၉၊ လှေသင်းအတွင်းဝန်ဦးချိန်လမ်း၊ လှိုင်သာယာစက်မှုဇုန်(၂)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ အိမ်နံပါတ်(၁၁၂)၊ ဆောက်လုပ်ရေးလမ်း၊ မြောင်းတကာစက်မှုဇုန်၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ (ကျုံးလင်ဖုန်း၊ သံနန်းဆွဲစက်ရုံ)နှင့် အများသိစေရန် ကြေညာခြင်းကို ၉-၁၁-၂၀၁၈ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ(၂၈)တွင် ကြေညာခဲ့ပါသည်။

၂။ ထိုကြေညာချက်၏ အောက်ဆုံးပိုဒ်တွင် ‘လူကြီးမင်းတို့က ကျွန်ုပ်မိတ်ဆွေထံ ၂၀-၁၁-၂၀၁၈ရက် နောက်ဆုံးထားပြီး’ ဟူသော စကားရပ်၏နောက်တွင် ‘ပေးဆပ်ရန်’ စကားရပ်ကို ဖြည့်စွက်ကြေညာအပ်ပါသည်။

| | |
|---|---|
| လွှဲအပ်ညွှန်ကြားသူ- | လွှဲအပ်ညွှန်ကြားချက်အရ- |
| ဦးခင်မောင်စန်း | ဦးဝင်းဖေခိုင် LL.B |
| ၁၂/လသန(နိုင်)၀၀၇၄၉၉ | တရားလွှတ်တော်ရှေ့နေ |
| | (စဉ်-၇၅၇၉/၂၀-၂-၂၀၀၈) |
| | အမှတ် ၁၂၀(ပ)ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း (ဘားလမ်း)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ |
| | ဖုန်း-၀၉-၄၉၇၄၂၅၈၉၊ ၀၉-၂၅၅၉၁၀၉၂၉၃၉ |

**ကြော်ငြာစာ**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက်အမှတ် ၄၅၊ ဦးပိုင်အမှတ် ၄၊ (၁၈×၁၉)လမ်းကြား၊ ဖောင်တော်ဦးကျောင်းရှေ့ဘက်ရှိ ဦးမောင်နီအမည်ပေါက် လိုင်စင်မြေကွက်အား အမည်ပေါက်သူ ဦးမောင်နီ (လူပျိုကြီးဘ၀)၊ (ဖခင်)ဦးအောင်သန်း (မိခင်)ဒေါ်တုပ်တို့ အသီးသီးကွယ်လွန်၍ ကျန်ရစ်သော (တူ/သား) ဦးကျော်စိုးလွင် ၉/မနမ(နိုင်) ၁၀၄၀၅၀ မှ မြေကွက်၏ လိုင်စင်စာရွက်မှာ ပျောက်ဆုံးသွားပါသဖြင့် ပျောက်ဆုံးကြောင်း ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ သေစာရင်း၊ တရားရုံး ကျမ်းကျိန်ချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

**ကန့်ကွက်နိုင်ပါကြောင်း**

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်၂၈၊ မြေကွက်အမှတ် ၂၆၅/က၊ မြေကွက်တည်နေရာအမှတ် ၂၆၅/က၊ သီရိမင်္ဂလာပတ်၊ (၅)ရပ်ကွက်၊ ရွှေပြည်သာ ဦးလှမျိုးအမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးလှမျိုးထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူသူ ဒေါ်သီသီညွန့် ၁၂/ရပသ(နိုင်)၀၁၉၃၃၃ က မြေချပါမစ်နှင့် အရပ်ကတိစာချုပ်များ ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ကတိဝန်ခံချက်တို့ကို တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀မြေငှားစာချုပ်ဂရန်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ဒေါ်ခင်သီ(ခ)ဒေါ်ဖွားသီ (နတ်မောက်မြို့) အသက်(၇၃)နှစ်

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နေ(ဦးထွန်းရှိန်-ဒေါ်အုံးမြိုင်)တို့၏ သမီး၊ [ဗိုလ်ကြီးကိုကို(ငြိမ်း)၊စက်မှု-၁၊ ဝန်ကြီးဌာန] ၏ချစ်လှစွာသောဇနီး၊ ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၄၆)ရပ်ကွက်၊ မင်္ဂလာသုခ(၁)လမ်း၊ အမှတ် ၁၃၁၅နေ မမိုးသီတာမိုး-ကိုသီဟချို၊ ကိုဇော်မင်း၊ ကိုဇော်လင်းတို့၏မိခင်၊ မောင်မြတ်သီဟ၏အဘွားသည် ၁၉-၁၁-၂၀၁၈ရက် ည ၁၀ နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့်၂၁-၁၁-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်စန္ဒာဟန် အသက်(၆၀)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဒေါ်သိန်းတင်လမ်း၊ အမှတ် ၉/၁၁ နေ(ဦးမြဟန်-ဒေါ်ထိပ်တင်ခေါင်ကြီး) တို့၏သမီး၊ (ဒေါ်ထိပ်တင်သိန်း)၊ (ဦးထိပ်တင်ဘုန်း)-ဒေါ်သန်းသန်းအေး တို့၏တူမ၊ ဦးစောဟန်တော်၊ ဦးစောဟန်မော်-ဒေါ်ကြည်ကြည်အေး၊ ဒေါ်သီတာဟန်တို့၏ညီမ၊ ဒေါ်ဥမ္မာဟန်၊ ဦးရဲဝင်းနိုင်-ဒေါ်ခေမာဟန်၊ ဒေါ်နီလာဟန်တို့၏အစ်မသည် ၁၉-၁၁-၂၀၁၈ရက် (တနင်္လာနေ့) ည ၈း၄၈နာရီတွင် အကယ်ဒမီဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁၁-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ ကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်း ကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးအေးနိုင်

**ဦးစီးအရာရှိ၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်၊ နေပြည်တော်)**

**အသက်(၅၇)နှစ်**

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ မင်္ဂလာသိဒ္ဓိရပ်ကွက်၊ အမှတ် ၂၅၈၊ အခန်း ၃၄နေ ဦးဘဟန်-ဒေါ်မြင့်မြင့်တို့၏သား၊ ဒေါ်တင်တင်နွဲ့၏ခင်ပွန်း၊ မောင်ဖြိုးဝေလင်း-မဖြူသွယ်အောင်၊ မမိုးထက်ထက်အောင်တို့၏ဖခင်၊ မအိမ့်ဂုဏ်ရည်ဖြိုး၏အဘိုးသည် ၁၉-၁၁- ၂၀၁၈ရက် (တနင်္လာနေ့) ည၇း၄၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁၁-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ခတင်-၁၀၀၀ဆေးရုံ အအေးတိုက်မှ ကျွဲကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ၁း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁၁-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြား အပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# အနိစ္စ

## ဒေါ်တင်ရွှေ(ခ) ဒေါ်ကောက်ပို့

**အသက်(၇၉)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၈လမ်း၊ အမှတ်၅၃(ခုနစ်လွှာ)နေ [ဦးကွာဝေရန်(ခ)ဦးခင်သိန်း]၏ဇနီး၊ (ဦးကွာဝိဘင်-ဒေါ်တန်ကမ်ကျက်) တို့၏ညီမ၊ ဦးသန်းလွင်-ဒေါ်တင်တင်မြင့်တို့၏အစ်မ၊ ဒေါ်တင်အေး၊ ဒေါ်လှဝေ၊ ဒေါ်ဝင်းဝင်းမာ၊ ဒေါ်ကြည်ကြည်ညွှန့်၊ ဒေါ်ခင်စန်း၊ ဒေါ်သန်းသန်းရွှေ၊ ဒေါ်ရီရီမြင့်၊ ဒေါက်တာမြင့်မြင့်အေး-ချိန်းစုချင် [ခေတ္တ-တရုတ်(တိုင်ပေ)]၊ ဒေါ်မာမာထွေး-ဒေါက်တာအောင်မြင့်တို့၏မခင်၊ တူ၊ တူမ ၁၂ ယောက်၊ မြေးလေးယောက်တို့၏ ဘွားဘွားကြီးသည် ၂၀-၁၁-၂၀၁၈ရက် နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁၁-၂၀၁၈ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးအောင်တီ

**အသက်(၉၃)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ သံလွင်လမ်း၊ အမှတ် ၁၃၅(ဘီ)နေ ဦးစင်အိမ်း-ဒေါ်ညားတို့၏သား၊ ဦးခွေး-ဒေါ်ရင်ကျွေ တို့၏သားသမက်၊ (ဒေါ်ခင်ကြည်)၏ခင်ပွန်း၊ ဦးစန်းတင်[Rtd Contracts Manager YNEC (PTE) Co.,Ltd-Singapore]-ဒေါ်ဆွေဆွေသန်း(စာရင်းစစ်မှူး-ငြိမ်း၊ စာရင်းစစ်ချုပ်ရုံး)၊ ဒေါက်တာခင်အေးမြင့်(Ruby)-ဦးလှမောင်(Donald,Singapore)၊ ဒေါက်တာခင်မြကြည်-ဒေါက်တာဝင်းလွင်(Australia)၊ ဦးကြည်ဝင်း(Rtd Marine Engineer)-ဒေါက်တာမာလာသွင်(OG -အင်းစိန်ဆေးရုံကြီး) တို့၏ချစ်လှစွာသောဖခင်၊ ဒေါက်တာဇင်မြလွင်(Brisbane)၊ ဒေါက်တာနေခြည်လွင်(Auckland Hospital, New Zealand)၊ ဒေါက်တာဇင်မြလွင်(Brisbane)၊ ဒေါက်တာနေခြည်လွင်(Auckland Hospital,New Zealand)၊ ဒေါက်တာ သာဉာဏ်လွင်(PA Hospital-Brisbane)၊ ဒေါက်တာ Monica Tan (ခ)ပြည့်ဖြိုးကြွယ်(MOH-Singapore)-ဒေါက်တာ Elijah Cai(MOH-Singapore)၊ ဦးသက်ဝေလင်း (Executive Engineer,Gateways Company, Yangon)၊ Wilson Tan(ခ)ဉာဏ်လင်းမောင်(2nd year, Yong Loo Lin, School of Medicine, Singapore)တို့၏ အဘိုးသည် ၁၉-၁၁-၂၀၁၈ရက် နံနက် ၉း၄၅နာရီတွင် Grand Hantha International Hospital ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၂၅-၁၁-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဘုရင့်နောင်လမ်းမ၊ ရွှေဂန္ဓမာလမ်း၊ ရွှေမာလာရိပ်မွန်၊ အမှတ်(N)၊ အခန်း(၃)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော် နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ဝမ်းနည်းကြေကွဲခြင်း

# ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

# ဦးစောလှိုင်

# ဥက္ကဋ္ဌ YUPT Public Co.,Ltd

# အသက်(၆၆)နှစ်

ရန်ကုန်မြို့ပြအများပြည်သူ သယ်ယူပို့ဆောင်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (YUPT Public Co., Ltd)၏ ဥက္ကဋ္ဌ ဦးစောလှိုင်သည် ၁၈-၁၁-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့**

## ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး ဒေါ်ထွေးထွေး အသက်(၇၇)နှစ်

**အထက်တန်းပြ(ငြိမ်း) အထက(၅) ကမာရွတ်**

ရန်ကုန်မြို့၊ ကျောက်မြောင်း၊ သင်္ဂဟလမ်း၊ အမှတ် ၂၇၊ ၅Bနေ (ဦးစိန်ကြည်-ဒေါ်တင်စိန်)တို့၏သမီး၊ (ဦးဘရွှေ-ဒေါ်စောခင်)တို့၏ချွေးမ၊ [ဦးလှမောင်၊ အမတ်ကြီး၊ လက်ဖက်ခြောက်၊ ဒုထွေဂျာ(ငြိမ်း)-စား/ဖျော်]၏ချစ်လှစွာသောဇနီး၊ ကောလင်းမြို့နေ (ဦးမြင့်သိန်း)၊ (ဦးမိုးရှင်)၊ ရန်ကုန်မြို့နေ ဒေါ်မြင့်မြင့်တို့၏ညီမ၊ (ဗိုလ်မှူးမြသွင်)၊ (ဒေါက်တာဒေါ်သန်းလွင်)၊ (ဦးထွန်းအေး)တို့၏အစ်မ၊ ဗိုလ်မှူးအောင်ခိုင်(တပ်မတော်-ရေ၊ ငြိမ်း)-ဒေါက်တာဝါဝါစိန် (Today Top Star)၊ ဒေါ်အေးအေးကြူ (အထွေထွေမန်နေဂျာ-CHID Bank)-ဦးထွန်းဇော် (ရွှေနန်းရိပ်သာကုမ္ပဏီလီမိတက်)၊ ဒုတိယဗိုလ်မှူးကြီးအောင်လှိုင် (တပ်မတော်-ရေ၊ငြိမ်း)-ဒေါ်ယုဇနတင်(USA)၊ ဦးစိုးလှိုင်(TST Co.,Ltd)-ဒေါ်ဇင်ကြည်ဝင်း၊ ဦးစံမောင်(BE Mech YIT,1995)၊ ဒေါ်ပုလဲဝင်း(စင်ကာပူ)တို့၏ ချစ်လှစွာသောမိခင်၊ မြေး ၁၁ယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားသည် ၂၀-၁၁-၂၀၁၈ရက် မွန်းလွဲ ၁၂း၄၃နာရီတွင် SAKURA ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁၁-၂၀၁၈ရက် မွန်းလွဲ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

**ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**

## ဒေါ်ထွေးထွေး အသက်(၇၇)နှစ်

သူငယ်ချင်း ဦးအောင်ခိုင် (MD,Today Top Star Co.,Ltd)နှင့် ဒေါက်တာဝါဝါစိန်တို့၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်ထွေးထွေးသည် ၂၀-၁၁-၂၀၁၈ရက် မွန်းလွဲ ၁၂း၄၃ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၂၇)မှ သူငယ်ချင်းများနှင့် မိသားစုများ**

## ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး ဒေါ်စောမြဦး (စစ်တွေ)

**အသက်(၈၈)နှစ်**

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ လမ်းမတော်မြောက်ရပ်ကွက်နေ (ဦးဦးသာ-ဒေါ်မသိန်းခင်)တို့၏သမီး၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ အိုးတန်းရပ်ကွက်နေ (ဦးဖသထော်-ဒေါ်ရွှေမြဘုံ) တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ မလ္လကုန်းငွေးကြွယ်(က)ရပ်ကွက်၊ သမ္မာဒိဋ္ဌိလမ်း၊ အမှတ် ၄၇ (လေးလွှာ)နေ (ဦးသာနု)(ပြည်နယ်ပညာရေးမှူး-ငြိမ်း)၏ချစ်လှစွာသော ဇနီး၊ ဒေါက်တာခင်အေးနု(ကလေးအထူးကုဆရာဝန်ကြီး၊ စစ်တွေဆေးရုံကြီး)၊ ကပ္ပတိန်သိန်းဆွေ-ဒေါ်သီဂီနု၊ ဦးကျော်လှမြင့်(Managing Director)-ဒေါ်ခင်မြနု (Director၊ မိုးမြင့်စံဆောက်လုပ်ရေးကုမ္ပဏီလီမိတက်)၊ ဦးအောင်ခင်မိုး (2nd Engineer)-ဒေါ်ချိုချိုအောင်တို့၏ချစ်လှစွာသောမိခင်၊ ဒေါ်စိုးစိုးနွယ်၏အဒေါ်၊ မောင်ကျော်ရဲသန့်၊ မမိုးပွင့်ခင်၊ မောင်ပိုင်မင်းခန့်၊ မောင်ခိုင်လင်းထွန်းတို့၏ အဘောင်ရှင်သည် ၂၀-၁၁-၂၀၁၈ရက် နံနက် ၉း၃၀နာရီတွင်SSC ဆေးရုံ၌ ကွယ်လွန် သွားပါသဖြင့် ၂၂-၁၁-၂၀၁၈ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၁၁-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါ တာမွေမြို့နယ်နေအိမ် သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ကျောင်းဒါယကာကြီး ဦးချစ်အောင်

**အသက်(၈၅)နှစ်**

ပုသိမ်မြို့၊ (၇)ရပ်ကွက်၊ အိုးဘိုတန်းနေ (ဦးထွန်းမောင်-ဒေါ်လုံးခင်)တို့၏ သား၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မာဃလမ်း၊ အမှတ် ၅၅၃(က) နေ(ဒေါ်သန်းညို)၏ ခင်ပွန်း၊ ဗိုလ်မှူးချုပ်ငွေးအောင်-ဒေါက်တာဒေါ်မေညွန့်၊ ဒေါ်သင်းသင်းငွေး၊ ဦးအောင်ခိုင်ဦး-ဒေါ်မြင့်မြင့်စန်း တို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏ အဘိုးသည် ၂၀-၁၁-၂၀၁၈ ရက် (အင်္ဂါနေ့) ညနေ ၄း၄၅ နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၁၁- ၂၀၁၈ ရက်(ကြာသပတေးနေ့)နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

**ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**

## ဦးမှုံကြီး [မန္တလေးတိုင်း၊ တံတားဦးမြို့နယ်]

**အသက်(၈၆)နှစ်**

ဦးကျော်လှ(ဦးစီးအရာရှိ၊ တံတားဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)-ဒေါ်အေးမိစံတို့၏ဖခင်သည် ၁၇-၁၁-၂၀၁၈ရက် (စနေနေ့) ညနေ ၄နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်၊ ဒု-ညွှန်ကြားရေးမှူးချုပ်များနှင့် တံတားဦးစီးဌာနမိသားစု နေပြည်တော်**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး ဒေါ်ခင်မြင့် အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ရန်ကင်းစင်တာ၊ အမှတ်(7A-3)ခုနစ်လွှာနေ(ဦးတင်-ဒေါ်စိန်ခင်)တို့၏သမီး၊ (ဦးထွန်းလွင်-ရေယာဉ်မှူး-ငြိမ်း၊ကြယ်ငါးပွင့်)၏ဇနီး၊ (ဦးကျော်သန်း)၏ညီမ၊ (ဦးသန်းထွန်း)-ဒေါ်ထားရီ၊ (ဦးမြင့်-ဒေါ်စန်းမြင့်)၊ (ဦး အောင်မြင့်)-ဒေါ်သန်းသန်း၊ (မမြမြ)၊ (မအေးအေး)တို့၏အစ်မ၊ (ဦးနေမျိုးအောင်)-ဒေါ်မိမိလွင်၊ Capt ဦးမျိုးသန့်-ဒေါ်ခင်ဖြိုးအောင်၊ ဦးမြတ်ထူး-ဒေါ်မီမီအောင်တို့၏မိခင်၊ မြေး ၁၀ယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၂၀-၁၁-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၄း၁၈နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၁၁-၂၀၁၈ ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၁၁-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဟန်ခင် အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ် ၂၉၇နေ (ဦးတင်အောင်)-ဒေါ်နီနီတို့၏သား၊ ဒေါ်ကြူကြူ မြင့်၏ချစ်လှစွာသောခင်ပွန်း၊ မခင်ရတနာကြူ (KINGS INTERNATIONAL SCHOOL/YEAR-11)၊ မောင်မင်းဟန်ကျော်(KINGS INTERNATIONAL SCHOOL/YEAR-7) တို့၏ဖခင်၊ ဦးဇော်ခိုင်၏အစ်ကိုသည် ၁၉-၁၁-၂၀၁၈ရက် (အင်္ဂါနေ့) ညနေ ၆း၂၅နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၁၁-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဧရာဝတီတိုင်းဒေသကြီး သုမ္မောနိကာယ ဥက္ကဋ္ဌ ပုသိမ်မြို့၊ ရွှေမုဋ္ဌောစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ပုသိမ်မြို့၊ ကုန်းသာကျောင်းတိုက်၏ ဦးစီးပဓာနနာယကဆရာတော်

## အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တဝိလာသ

**သက်တော်(၈၅)နှစ်၊ သိက္ခာတော်(၆၅)ဝါ**

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ ကုန်းသာကျောင်းတိုက် ဦးစီးပဓာန နာယက၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ဧရာဝတီတိုင်းဒေသကြီး သုမ္မောနိကာယ ဥက္ကဋ္ဌ၊ ပုသိမ်မြို့၊ ရွှေမုဋ္ဌောစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိလာသ ဆရာတော်ကြီးသည်(၁၃၈၀ပြည့်နှစ် တန်ဆောင်မုန်းလဆန်း၁၀ရက်)၁၇-၁၁-၂၀၁၈ရက်(စနေနေ့) မွန်းလွဲ ၂း၃၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ဆရာတော်ကြီး၏ အန္တိမအဂ္ဂိစျာပန သာဓုကီဠနပူဇာသဘင်အခမ်းအနားကို (၁၃၈၀ပြည့်နှစ် တန်ဆောင်မုန်းလပြည့်ကျော် ၃ရက်) ၂၅-၁၁-၂၀၁၈ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ပြီး ကြွင်းကျန် ရစ်သောဥတုဇရုပ်ကလာပ်တော်ကို ပုသိမ်မြို့၊ သရောင်းချောင်းသုသာန်၌ မီးသင်္ဂြိုဟ် ပူဇော်ကာ အရိုးပြာတို့အား ငဝန်မြစ်အတွင်းသို့ ရေမျှောပူဇော်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်သံဃာတော်များ၊ ဒါယကာ၊ ဒါယိကာမများအား အသိပေး အကြောင်းကြားအပ်ပါသည်။

စျာပနကျင်းပရေးဦးစီးကော်မတီ ပုသိမ်မြို့

## ဘုရား၊ ရဟန်း၊ သိမ်၊ကျောင်းဒါယကာကြီး ဦးလှရွှေ (R.T.C၊ ငြိမ်း)၊ မိုးကုတ်ယောဂီ

**အသက်(၈၈)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ကုန်းတန်းကြီးကျေးရွာနေ(ဦးမောင်မြင့်-ဒေါ်ခင်ညွှန့်) တို့၏သား၊ ရန်ကုန်မြို့၊တာမွေမြို့နယ်၊ အရှိုးကုန်းရပ်ကွက်၊ ၁၄၇ လမ်း၊ အမှတ် ၃၈/A နေ (ဒေါ်မြရွှေ)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးမောင်မောင်ဝင်း(ဒုရဲမှူး-ငြိမ်း၊ Cadet-17)- ဒေါ်တင်တင်မာ၊ (ဦးကြည် -ဒေါ်ခင်ခင်မြင့်)၊ ဦးဝင်းနိုင်-ဒေါ်အေးသစ်၊ ဒေါ်သန်းသန်းမြင့်၊ ဦးမင်းအေးသက်ထွန်း(MD, Zing Company Limited)-ဒေါ်စန်းစန်းဝင်း၊ ဦးခင်မောင်ထွေး (Marico Marine Co.,Ltd)-ဒေါ်မိုးမိုး(ဦးစီးအရာရှိ၊ ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့)တို့၏ဖခင်၊ မောင်ပြည့်ဖြိုးသော်၊ မမယ် ထွေးလေးတို့၏အဘိုးသည် ၁၉-၁၁-၂၀၁၈ရက်(တနင်္လာနေ့) ညနေ၄း၅၇နာရီတွင် ကွယ်လွန် သွားပါသဖြင့် ၂၁-၁၁-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁၁-၂၀၁၈ရက်(တနင်္ဂနွေနေ့)နံနက်တွင် အထက်ပါ တာမွေမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်မြင့်စိန် (မြန်အောင်) အသက်(၈၁)နှစ်

မြန်အောင်မြို့နေ (ဦးကျော်ငြိမ်း-ဒေါ်အုန်းစိန်)တို့၏သမီး၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင် (၅)လမ်း၊ အမှတ် ၃၈နေ (ဦးရှိန်)၏ဇနီး၊ ဦးကျော်စိန်၊ ဦးတင်လှိုင်၊ ဒေါ်ခင်နွဲ့တို့၏အစ်မ၊ ဒေါ်မြင့်မြင့်ဦး၊ ဒုတိယဗိုလ်မှူးကြီးဝင်းကျော် ဦး(ငြိမ်း)-ဒေါ်ဖြူဖြူနွယ်၊ (ဒေါ်နီလာဦး)၊ ဦးအောင်မိုးဦး-ဒေါ်သဇင်ဝင်း၊ (ဦးကျော်မိုးဦး)တို့၏မိခင်၊ မောင်ကိုကိုဦး-မမေသစ်လွင်၊ ဗိုလ်ကြီးကောင်းထက်မှူး၊ ဗိုလ်ကြီးမြင့်သိန်း-မမေမျက်သွယ်၊ မဆုစန္ဒီဝင်း၊ မောင်ဟိန်းတေဇာ၊ မအေးပြည့်သန့်ရှိန်တို့၏အဘွား၊ မမေစပယ်ကို၏ဘွားဘွားကြီးသည် ၂၀-၁၁-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၁း၁၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ နံနက် ၁၀နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး ဒေါ်သောင်းတင် (ဖားကူးကျေးရွာ)

**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ကေတုမတီလမ်း၊ အမှတ် ၆၂၄နေ (ဦးသိန်းရွှေ)၏ဇနီး၊ ဦးစိုးလွင်-ဒေါ်ခင်မာကြည်(ကိုစိုးလွင်သစ်သီးပွဲရုံ၊ သီရိမင်္ဂလာဈေး)၊ ဒေါ်စန်းစန်းအေး(မင်္ဂလာဈေး)၊ ဦးမြင့်ဝေ-ဒေါ်မြညွှန့်၊ ဦးအုန်းလွင်-ဒေါ်တင်အေး၊ ကိုအောင်ကျော်စိုး တို့၏ချစ်လှစွာသောမိခင်၊ မြေး၁၀ယောက်၊ မြစ်တစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၂၀-၁၁-၂၀၁၈ ရက်(အင်္ဂါနေ့)မွန်းလွဲ ၂း၄၅နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၂-၁၁-၂၀၁၈ရက် (ကြာသပတေးနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၆-၁၁-၂၀၁၈ရက်(တနင်္လာနေ့)နံနက်၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်တင်အေး (ထားဝယ်) အသက်(၆၉)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ကရပ်ပြင်မြောက်ရပ်၊ ဂေါ်သဇင်လမ်းနေ(ဦးအောင်လှ-ဒေါ်ကြည်) တို့၏သမီး၊ (ဦးသိန်းတင်-ဒေါ်စီ)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ ပုလဲလမ်း၊ အမှတ် ၂၀(လေးလွှာ)နေ ဦးတင့်ဆွေ(ဆရာရွှေပုလဲလမ်း ဝပ်ရှော့)၏ဇနီး၊ ဦးသန်းငွေး၏ အစ်မ၊ (မအေးအေးခိုင်)၊ မသွဲ့သွဲ့သူ၊ မဇင်နွယ်အေးတို့၏ မိခင်သည် ၂၀-၁၁-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၈း၃၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၁၁-၂၀၁၈ရက် (စနေနေ့) မွန်းတည့်၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ရဟန်းဒါယကာကြီး ဒုအရာခံဗိုလ်တင်ထွန်း (ငြိမ်း) အသက်(၆၈)နှစ်

**တပ်မတော်(ရေ) မှတ်တမ်းဌာန**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ပေါက်တောရပ်ကွက်၊ စိတ္တသုခလမ်း၊ အမှတ် ၁၁၈နေ (ဦးလှတင်-ဒေါ်မြကြည်)တို့၏သား၊ (ဦးကံညွှန့်-ဒေါ်ခင်မြင့်)တို့၏ သားသမက်၊ (ဦးလှဖေ-ဘောလုံး)-ဒေါ်စန်းရီ(ကုန်သွယ်/လယ်ယာ၊ငြိမ်း)တို့၏ ညီ/မောင်၊ ဦးကျော်သောင်း-ဒေါ်တင်တင်မေတို့၏အစ်ကို၊ ကိုမျိုးမြင့်ထွန်း (လက်/ညွှန်၊ နတလ)၊ ဗိုလ်ကြီးမင်းမင်းထွန်း(တပ်မတော်-ရေ၊ ငြိမ်း)(မြန်မာမဟာထွန်းကုမ္ပဏီလီမိတက်)-ဒေါ်တင်မီလတ်၊ ဗိုလ်ကြီးသူရိန်သန်း(ငြိမ်း) (TTCL Co.,Ltd)-မစုစုမြတ်၊ကိုကျော် ကျော်တို့၏ဖခင်၊ မြေးငါးယောက်တို့၏ အဘိုး၊ဒေါ်မြင့်မြင့်ကြည်၏ ချစ်လှစွာသော ခင်ပွန်းသည် ၂၀-၁၁-၂၀၁၈ရက် (အင်္ဂါနေ့)နံနက် ၇း၁၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၂-၁၁-၂၀၁၈ရက် (ကြာသပတေးနေ့)မွန်းလွဲ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။

[ကွယ်လွန်သူအား ရည်စူး၍ ၂၆-၁၁-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက် ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

## ဦးသက်နိုင် (BE:Civil) အသက်(၄၉)နှစ်

**လ/ထ ညွှန်ကြားရေးမှူး(မြို့ပြ)၊ တည်ဆောက်ရေး(၃) တောင်ဥက္ကလာပ၊ တံတားဦးစီးဌာန**

သူငယ်ချင်း မဥမ္မာသန်း(မြို့မ-ဆံပင်ညှပ်ဆိုင်၊ ဟသ်ာတမြို့)၏ခင်ပွန်း ဦးသက်နိုင်သည် ၁၈-၁၁-၂၀၁၈ရက်တွင် မဟာမြိုင်ဆေးရုံ၌ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ငယ်သူငယ်ချင်းများ-လင်းလင်း၊ မေဖြူ၊ အိငယ်၊ ခင်မီမီကျော်၊ အေးမြမြ၊ စံပယ်၊ နှင်းဆီ**

# နိုင်ငံတော်အတွင်း နိုင်ငံခြားငွေဖြင့် ငွေပေးချေခြင်း၊ လွှဲပြောင်းခြင်းကို သာမန်အားဖြင့် ဆောင်ရွက်ခွင့်မရှိ မဖြစ်မနေဆောင်ရွက်ရန် လိုအပ်ပါက မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ခွင့်ပြုချက်ကို တောင်းခံဆောင်ရွက်သွားရမည်

**နေပြည်တော် နိုဝင်ဘာ ၂၀**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ ပြင်ဆင်ချက် ဥပဒေကြမ်းတစ်ခု ဆွေးနွေးခြင်းနှင့် အစီရင်ခံစာတစ်ခု ဖတ်ကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

## နိုင်ငံခြားသုံးငွေ ဝယ်ယူရောင်းချလဲလှယ်ပေးသည့် ငွေလဲကောင်တာများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးတွင် ဖွင့်လှစ်ခွင့်ပြုထား

အစည်းအဝေးတွင် ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစိုးသိန်း၏ **နိုင်ငံပိုင်ငွေကြေး ပိုမိုခိုင်မာလာစေရန်နှင့် တရားမဝင် ငွေကြေးသုံးစွဲမှုများကို ထိန်းချုပ်နိုင်ရန် နိုင်ငံခြားသုံးငွေအား မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ပြည်တွင်း၌ ကျပ်ငွေအဖြစ် လဲလှယ်သုံးစွဲစေရန် တွန်းအားပေးမည့် အစီအမံများ ရှိ/မရှိ** သိရှိလိုခြင်း မေးခွန်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဘိုဘိုငယ်က မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် မြန်မာနိုင်ငံ၏ ငွေကြေးတန်ဖိုးမြင့်မားလာစေရေးနှင့် ပြည်တွင်းတွင် ဒေါ်လာကို ကျယ်ပြန့်စွာသုံးစွဲခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် Dollarization မဖြစ်စေရေးကို အဓိကရည်ရွယ်၍ ပြည်သူလူထုလက်ဝယ်တွင်ရှိသည့် အမေရိကန် ဒေါ်လာများကို ကျပ်ငွေသို့ လွယ်ကူစွာလဲလှယ်နိုင်ရန်အတွက် နိုင်ငံခြားသုံးငွေ ဝယ်ယူရောင်းချလဲလှယ်ပေးသည့် ငွေလဲကောင်တာများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးတွင် ဖွင့်လှစ်ခွင့်ပြုထားပါကြောင်း။

ယခုကဲ့သို့ စီစဉ်မှုများ ပြုလုပ်ပေးထားသော်လည်း လိုက်နာမှု အားနည်းလျက်ရှိပါကြောင်း၊ လက်ရှိအခြေအနေတွင် ဟိုတယ်များ၊ စားသောက်ဆိုင်အချို့၊ ပြည်တွင်းတွင် လာရောက်ဖွင့်လှစ်သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ကျောင်းများ၊ နိုင်ငံခြားသားများကို တိုက်ခန်းငှားရမ်းမှုများ၊ အမှတ်တရပစ္စည်းဆိုင်များ စသည်တို့တွင် ကျပ်ငွေအစား အမေရိကန်ဒေါ်လာဖြင့် ပေးချေဆောင်ရွက်နေသကဲ့သို့ ဝန်ကြီးဌာနများအနေဖြင့်လည်း မြေငှားရမ်းခြင်းများ၊ နိုင်ငံခြားနှင့် ဖက်စပ်ရင်းနှီးမြှုပ်နှံမှုများတွင်လည်း မိမိတို့ရရှိမည့် လုပ်ငန်းဆောင်ရွက်မှုဝင်ငွေများအား နိုင်ငံခြားငွေဖြင့် လက်ခံဆောင်ရွက်နေသည်ကို တွေ့ရှိရပါကြောင်း၊

*စာမျက်နှာ ၇ ကော်လံ ၁* ◆




အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ ကချင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာပြည်သူများအတွက် လူသားချင်းစာနာထောက်ပံ့မှုပစ္စည်းများ ပေးအပ်လှူဒါန်း



**နေပြည်တော် နိုဝင်ဘာ ၂၀**

မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ ကချင်ပြည်နယ်အတွင်း ရှိ နေရပ်စွန့်ခွာပြည်သူများအတွက် လူသားချင်းစာနာထောက်ပံ့မှုပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

*စာမျက်နှာ ၇ ကော်လံ ၁* ❍

ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး၊ ငြိမ်းချမ်းရေးကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာ တင်မျိုးဝင်း၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ခက်အောင်နှင့် တာဝန်ရှိသူများ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ ကချင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာ ပြည်သူများအတွက် လူသားချင်းစာနာထောက်ပံ့မှုပစ္စည်းများ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်ကြစဉ်။




မြန်မာ့အလင်း
ယနေ့ရန်ကုန်
Yangon Today
၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက်
၂၀၁၈ ခုနှစ်၊ နိုဝင်ဘာ ၂၁ ရက်၊ ဗုဒ္ဓဟူးနေ့

# ရန်ကုန်မြို့ပြနေပြည်သူတို့ နေ့စဉ်စားသောက်ကုန်များမှ ဘေးအန္တရာယ်ကင်းဝေးစွာဖြင့်

**သော်တာနမ့်စန်**

**မြန်မာ** နိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသောနိုင်ငံဖြစ်သည်နှင့်အညီ တစ်ပိုင်တစ်နိုင် စားသုံးရန်နှင့် ထုတ်လုပ်ရောင်းချ စိုက်ပျိုးရာတွင် ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးကို သုံးစွဲနေရလျက်ရှိသည့်နည်းတူ စားသောက်ကုန်များ တာရှည်ခံရောင်းချနိုင်ရန် ဓာတုဆေးများကို အသုံးပြုနေဆဲဖြစ်ရာ ရန်ကုန်မြို့နေ ပြည်သူတို့နေ့စဉ်စားသုံးနေသော ဟင်းသီး၊ ဟင်းရွက်နှင့်အသား၊ ငါးတို့လတ်ဆတ်စွာရောင်းချ၊ စားသုံးခြင်းဖြင့် အစာလည်း ဆေး၊ ဆေးလည်းအစာဟူသောစကားနှင့်အညီ မျိုးဆက်သစ်လူငယ်အပါအဝင် ပြည်သူတို့ ကျန်းမာကြံ့ခိုင်စွာဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍကို များစွာအထောက်အပံ့ဖြစ်စေမည်ဖြစ်သည်။

ရန်ကုန်မြို့နေပြည်သူတို့ နေ့စဉ်စားသုံးရန် ဟင်းသီးဟင်းရွက်ကို တညင်းကုန်းဈေး၊ သီရိမင်္ဂလာဈေးတို့မှ ဖြန့်ချိရောင်းချလျက်ရှိပြီး ကြက်၊ ဘဲနှင့် အသား၊ ငါးတို့ကို ကြည့်မြင်တိုင်ငါးဈေး၊ ရွှေပိတောက်ငါးဈေး၊ ဆင်မလိုက်မှ အသားနှင့် ကြက်ဘဲဈေးတို့မှ နေ့စဉ်ဖြန့်ဖြူးရောင်းချလျက်ရှိရာ သက်ဆိုင်ရာ မြို့နယ်ဈေးတို့တွင် ပြန်လည်ရောင်းချရာ၌ ညနေပိုင်းကျန်သော အသား၊ ငါးတို့ကို နောက်တစ်ရက်ရောင်းချရန်ရေခဲရိုက်ခြင်းထက် ဖော်မလင်ဆေးကို အသုံးပြုခြင်းက အကုန်အကျသက်သာစေသောကြောင့် အသား၊ ငါးသာမက ပဲပြား၊ ပဲသွေး၊ ငါးချဉ်နှင့် အခြားစားသောက်ကုန်များတွင် ရောင်းချအသုံးပြုလျက်ရှိရာ ရေရှည်တွင် စားသုံးသူများအနေဖြင့် ကျန်းမာရေးကို ထိခိုက်စေနိုင်သည်။ ယနေ့ ရန်ကုန်မြို့ရှိ ပြည်သူ့ဆေးရုံ၊ ပုဂ္ဂလိကဆေးရုံတို့တွင် ကုသနေရသောရောဂါအများစုမှာ စားသောက်ကုန်မှရရှိသော ရောဂါကြောင့် ကုသနေရသည်ကို တွေ့မြင်ရမည် ဖြစ်သည်။

မြန်မာနိုင်ငံတွင်လည်း အစားအစာကြောင့် ရောဂါဝေဒနာများကို လူတန်းစားမရွေး ထိခိုက်နိုင်သည့် အတွက် အထူးသတိပြုလျက် အစဉ်မပြတ်စနစ်တကျလုပ်ဆောင်ရန် လိုအပ်လျက်ရှိသည်။ အထူးသဖြင့် မြို့ကြီးများတွင် ပို၍ လုပ်ဆောင်ခြင်းဖြင့် မြို့ပြနေပြည်သူတို့ ဘေးဘယာဝေးကွာလျက် တိုင်းပြည် အတွက် အကျိုးရှိစေမည်ဖြစ်သည်။



စားသောက်ကုန် အချို့တွင် ဖော်မလင်ဆေးကို အသုံးပြုရာ၌ အမြင်လှစေရန်နှင့် ကြာရှည်ခံရန်ဟူ၍ အသုံးပြုခြင်း ဖြစ်သည်။ ငါးသည် ကြာရှည်ခံသော စားသောက်ကုန်မဟုတ်သောကြောင့် ဖော်မလင်စိမ်လိုက်ပါက ငါးအညှီနံ့ပျောက်ကာ ငါးမှာ တင်းတင်းရင်းရင်းဖြင့် ကြည့်ကောင်းပြီး ကြာရှည်ထားခံသောကြောင့် ဈေးများနှင့် ရေလုပ်ငန်းတွင် ဖော်မလင်ကို အများဆုံး အသုံးပြုနေခြင်းဖြစ်သည်။ လူကြိုက်များသော ပြည်ကြီးငါးသည် ပျော့ပြီး အညှီနံ့ရှိသောကြောင့် ဖော်မလင်စိမ်လိုက်ပါက ဝေးလံသောနေရာသို့ ပို့ဆောင်ရာတွင် အဆင်ပြေစေပြီး အမြင်တွင်လည်း မာဆတ်နေကာ အနံ့အသက်ကင်းသည့်အတွက် စားသုံးသူအကြိုက် ဖြစ်စေလျက်ရှိသည်။ ပင်လယ်တွင်း ငါးဖမ်းရာ၌ ရက်ရှည်ဖမ်းဆီးမိသော ငါး၊ ပုစွန်များ ပျက်စီးမှု မရှိစေရန် ရေခဲရိုက်ခြင်းထက် ဖော်မလင်ကို အသုံးပြုလျက်ရှိသည်။

**အချပ်ပို (ခ) သို့**





# အရှေ့တောင်အာရှမှာ တောရိုင်းတိရစ္ဆာန်ထွက်ပစ္စည်းတွေ တရားမဝင် ကုန်သွယ်မှု ကင်းစင်တဲ့ ပထမဆုံးမြို့တော်အဖြစ် ကြိုးစားနေတဲ့ ရန်ကုန်

**ဝေယံဦး**

**ရန်ကုန်မြို့** ကို ဘက်ပေါင်းစုံက တိုးတက်ဖွံ့ဖြိုးအောင် ကြိုးစားဆောင်ရွက်တဲ့အခါ အရှေ့တောင်အာရှမှာ တောရိုင်းတိရစ္ဆာန်ထွက်ပစ္စည်းတွေ တရားမဝင် ကုန်သွယ်မှုကင်းစင်တဲ့ ပထမဆုံးမြို့တော် ဖြစ်လာစေဖို့ ရည်ရွယ်ပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရော သက်ဆိုင်ရာဆက်စပ်နေတဲ့ ဌာနအဖွဲ့အစည်းတွေရော ဆောင်ရွက်နေပြီဖြစ်ပါတယ်။

ရန်ကုန်မြို့မှာရှိတဲ့ စားသောက်ဆိုင်တွေမှာ တောရိုင်းတိရစ္ဆာန်တွေရဲ့ အသား၊ ဝမ်းတွင်းကလီစာ၊ အရိုးစတဲ့ တောရိုင်းတိရစ္ဆာန်ထွက် ပစ္စည်းတွေကို ရောင်းဝယ်ခြင်း မပြုလုပ်ဖို့ အဲဒီ စားသောက်ဆိုင်ပိုင်ရှင်နဲ့ တာဝန်ရှိသူတွေကို ဝန်ခံလက်မှတ်ထိုး တားမြစ်ဆောင်ရွက်လျက် ရှိပါတယ်။ ရန်ကုန်မြို့မှာ ဗိုလ်ချုပ်အောင်ဆန်းဈေး၊ ရွှေတိဂုံဘုရား စောင်းတန်းမှာရှိတဲ့ဆိုင်အချို့မှာ အရင်က တောရိုင်းတိရစ္ဆာန်ထွက်ပစ္စည်းတွေ အသုံးပြုပြီး ရုပ်တုနှင့် အသုံးအဆောင်ပစ္စည်းတွေ ရောင်းချတာမျိုး ရှိခဲ့ပါတယ်။

ဒါ့အပြင် ရန်ကုန်မြို့ရဲ့ စားသောက်ဆိုင်ကြီး အချို့နဲ့ စားသောက်ဆိုင်အလတ်တွေ၊ အသေးတွေမှာပါ တောရိုင်း တိရစ္ဆာန်တွေရဲ့ ဟင်းလျာတွေ ရောင်းချခဲ့တာမို့ တရားမဝင် ရောင်းဝယ်မှု မပြုလုပ်ကြဖို့ အခုလို တားမြစ်ပိတ်ပင်မှုတွေ ပြုလုပ်နေတာ ဖြစ်ပါတယ်။ တောရိုင်းတိရစ္ဆာန်တွေကို ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၇ ရက်က စတင်ပြီး ရောင်းဝယ်ခြင်း၊ အမဲလိုက်ခြင်း၊ သတ်ဖြတ်ခြင်း မပြုလုပ်ဖို့ တားမြစ်ထားပါတယ်။



ရန်ကုန်မြို့မှာ တောရိုင်းတိရစ္ဆာန်ထွက်ပစ္စည်းတွေ ရောင်းဝယ်ဖောက်ကားခြင်းကို တရားဝင် ပိတ်ပင်တားမြစ်မှုအပေါ် ကြိုဆိုတဲ့အနေနဲ့ "တောကောင်လေးတို့အတွက် ရင်တွင်းစကားသံ ဂီတဖျော်ဖြေပွဲ" ကို ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၂ ရက်က မဟာဗန္ဓုလပန်းခြံမှာ ပြုလုပ်ကာ ပြည်သူတွေ အသိပညာနဲ့အမြင်တွေ နက်ရှိုင်းစေဖို့ ဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုဖျော်ဖြေပွဲတွေဟာ အရင်က တောရိုင်းဆင်များကာကွယ်ရေးအတွက် ငါးလကြာ လူထုလှုပ်ရှားမှုအဖြစ် ရန်ကုန်မြို့မှာ အခမဲ့ဂီတပွဲတော် ကျင်းပခဲ့ပါတယ်။ နောက်ပိုင်းဆက်ပြီးတော့လည်း ရန်ကုန်မြို့ရဲ့လမ်းဆုံတွေ၊ လူစည်ကားရာနေရာတွေမှာလည်း တိုးချဲ့လုပ်ဆောင်နိုင်ဖို့ လိုအပ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ တောရိုင်းတိရစ္ဆာန်ထွက်ပစ္စည်းတွေကို ရောင်းဝယ်ခြင်းအပေါ် တရားဝင်ပိတ်ပင်မှုနဲ့ပတ်သက်ပြီး "အရှေ့တောင်အာရှမှာ ပထမဆုံးတိုင်းဒေသကြီး တစ်ခုအနေနဲ့ ထုတ်ပြန်တဲ့ ကြေညာချက်ဖြစ်တဲ့အတွက် ကျွန်တော်တို့အဖွဲ့အနေနဲ့ အများကြီး ဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ်" လို့ WWF ရဲ့ မြန်မာဌာနေ ညွှန်ကြားရေးမှူး ခရစ္စတီးဝီလျံက ပြောကြားထားပါတယ်။

တောရိုင်းတိရစ္ဆာန်တွေနဲ့ ပတ်သက်ပြီး အသစ်ထုတ်ပြန်ထားတဲ့ ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေအရ ပြစ်မှုကျူးလွန်ရင် အနိမ့်ဆုံး ထောင်ဒဏ်သုံးနှစ်၊ အမြင့်ဆုံး ထောင်ဒဏ် ၁၀ နှစ်

**အချပ်ပို (ခ) သို့**

**အရှေ့တောင်အာရှမှာ ..... မှ**

ကျခံရမှာဖြစ်ပြီး ငွေဒဏ်ရော ထောင်ဒဏ်ပါ ကျခံရမယ့် ပြစ်ဒဏ်တွေလည်း သတ်မှတ်ပြဋ္ဌာန်းထားပါတယ်။

ဒီလိုပြဋ္ဌာန်းတာကလည်း တောရိုင်းတိရစ္ဆာန်တွေကို နည်းမျိုးစုံနဲ့ အမဲလိုက်၊ သတ်ဖြတ်၊ ရောင်းဝယ်ဖောက်ကားမှုတွေက တဖြည်းဖြည်း မြင့်မားလာလို့ပဲ ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး “မြန်မာနိုင်ငံအတွင်းမှာ ဆင်နဲ့ကျားကဲ့သို့ ရှားပါးတိရစ္ဆာန်တွေအပါအဝင် တောရိုင်းတိရစ္ဆာန်တွေကို တရားမဝင် အမဲလိုက်၊ သတ်ဖြတ်မှုတွေ၊ တရားမဝင်ကူးသန်းရောင်းဝယ်မှု ကျူးလွန်နေတာဟာ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာတယ်” ဟု သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဦးအုန်းဝင်းက နေပြည်တော်ရှိ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးရုံးမှာ အောက်တိုဘာ ၄ ရက်က ပြောကြားထားပါတယ်။

ကမ္ဘာ့တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေး ရန်ပုံငွေအဖွဲ့ (WWF) ရဲ့ ထောက်ပံ့မှုနဲ့ ပူးပေါင်းစခန်းတွေ ထားပြီး တောဆင်ကာကွယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်။ မြန်မာနိုင်ငံမှာ သီတင်းတစ်ပတ်ကို ပျမ်းမျှဆင်တစ်ကောင် အသတ်ခံနေရပြီး ၂၀၁၇ ခုနှစ်မှာ ဆင်အသတ်ခံရမှု ၅၉ ကောင် အထိရှိကြောင်း သစ်တောဦးစီးဌာန တာဝန်ရှိသူတွေက ပြောကြားနေပါတယ်။

တောရိုင်းတိရစ္ဆာန်တွေကို တရားမဝင် အမဲလိုက်ခြင်း၊ မှောင်ခိုကူးသန်းရောင်းဝယ်ခြင်းတွေကနေ သိမ်းဆည်းရမိတဲ့ တိရစ္ဆာန်ထွက်ပစ္စည်းတွေကို ရန်ကုန်နဲ့ နေပြည်တော်တို့မှ စုစည်းပြီး ပထမအကြိမ် မီးရှို့ဖျက်ဆီးမှုအဖြစ် နေပြည်တော်မှာ ၂၀၁၈ ခုနှစ် အောက်တိုဘာ ၄ ရက်က ပြုလုပ်ခဲ့ပါတယ်။ ဒီလို ဖျက်ဆီးခဲ့တဲ့နေရာမှာ တိရစ္ဆာန်သားရေမျိုးစုံ ၄၅ ချပ်၊



တိရစ္ဆာန်ဦးချိုမျိုးစုံ ၁၅၄၄ ချောင်း၊ သင်းခွေချပ်အကြေးခွံ ၄၅ ဒသမ ၅ ကီလို၊ ဆင်စွယ် ၂၇၇ ချောင်း၊ ဆင်အရိုးနဲ့ တိရစ္ဆာန်အရိုးမျိုးစုံ ၂၂၇ ချောင်းတို့အပြင် အခြားတောရိုင်းတိရစ္ဆာန်အစိတ်အပိုင်းမျိုးစုံ ၁၂၈ ခုတို့ ပါဝင်ခဲ့ပါတယ်။

မြန်မာနိုင်ငံဟာ အရှေ့တောင်အာရှဒေသမှာ ကျား၊ အာရှဆင်နဲ့ သင်းခွေချပ်တွေ ပေါများကြွယ်ဝစွာရှိတဲ့ နိုင်ငံဖြစ်ပေမယ့် တရားမဝင် မှောင်ခိုရောင်းဝယ်၊ သတ်ဖြတ်မှုတွေ တိုးမြှင့်လာတာမို့ တောရိုင်းတိရစ္ဆာန်ကောင်ရေ တဖြည်းဖြည်း လျော့နည်းလာပါတယ်။ အချို့ တောရိုင်းတိရစ္ဆာန်တွေဆိုရင် မျိုးသုဉ်းပျောက်ကွယ်တော့မယ့် အရေအတွက်အထိ နည်းပါးလာတာမို့ မဖြစ်မနေ ဂရုစိုက်ကာကွယ်ထိန်းသိမ်းရမယ့်အနေအထား ရောက်နေတာကို ပြည်သူတွေ ကျယ်ကျယ်ပြန့်ပြန့် သိရှိဖို့၊ ဝိုင်းဝန်းစောင့်ရှောက်ဖို့ လိုအပ်နေပြီ ဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ တောရိုင်းတိရစ္ဆာန်တွေကို အမဲလိုက် သတ်ဖြတ်မှု၊ ရောင်းဝယ်ဖောက်ကားမှုကို အခုလို ကြေညာချက်ထုတ်ပြန်ပြီး ဥပဒေနဲ့အညီ အရေးယူဆောင်ရွက်မှုတွေ ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်ရင်တော့ တဖြည်းဖြည်း လျော့နည်းကင်းစင်သွားမှာ

**“ ကမ္ဘာ့ တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးရန်ပုံငွေအဖွဲ့ (WWF)ရဲ့ ထောက်ပံ့မှုနဲ့ ပူးပေါင်းစခန်းတွေထားပြီး တောဆင်ကာကွယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်။ မြန်မာနိုင်ငံမှာ သီတင်းတစ်ပတ်ကို ပျမ်းမျှ ဆင်တစ်ကောင် အသတ်ခံနေရပြီး ၂၀၁၇ ခုနှစ်မှာ ဆင်အသတ်ခံရမှု ၅၉ ကောင် အထိရှိ”**

ဖြစ်ပါတယ်။

ရန်ကုန်မြို့မှာ အရင်က နာမည်ကြီးစားသောက်ဆိုင်အချို့မှာ တောရိုင်းတိရစ္ဆာန်တွေရဲ့ အသားတွေကို ဟင်းလျာအဖြစ် ရောင်းချခဲ့မှုကြောင့် စားသုံးသူတွေ စိတ်ဝင်စားပြီး အားပေးမှုတွေရှိခဲ့ပေမယ့် ဒီနေ့ ဒီအချိန်မှာတော့ ဥပဒေအရ ပိတ်ပင်မှုတွေရှိလာပြီမို့ ပြည်သူတွေရော၊ ရောင်းဝယ်ဖောက်ကားသူတွေပါ ရှောင်ကြဉ်ကြဖို့၊ လိုက်နာဖို့ လိုအပ်နေပြီ ဖြစ်ပါတယ်။

ဒါဆိုရင်တော့ ရန်ကုန်မြို့ဟာ အရှေ့တောင် အာရှဒေသမှာ တောရိုင်းတိရစ္ဆာန်ထွက်ပစ္စည်းများ တရားမဝင် ကုန်သွယ်မှုကင်းစင်သည့် ပထမဆုံးမြို့တော်အဖြစ် ပီပီပြင်ပြင်ထွက်ပေါ်လာမှာ ဖြစ်ပါတယ်။ ။

**ရန်ကုန်မြို့ပြနေပြည်သူတို့ ..... မှ**

ပင်လယ်အတွင်း တစ်လ၊ နှစ်လ အထားခံပြီး အညှီနံ့လည်း ပျောက်ကာ မာသွားသောကြောင့် ထိခိုက်မှုဒဏ်ကို ခံနိုင်ရည်လည်း ရှိသွားသည်။ ခွင့်ပြုချက်မရှိသော်လည်း သုံးစွဲလျက်ရှိနေဆဲပင် ဖြစ်သည်။

ယခုအခါ အများပြည်သူစားသုံးသော အစားအစာတို့တွင်လည်း ဖော်မလင်ကို သုံးစွဲလျက်ရှိသည်။ အထူးသဖြင့် တိုဟူး၊ ပဲပြား၊ ပဲသွေး၊ မုန့်ဖတ်၊ ခေါက်ဆွဲဖတ်တို့တွင် အများဆုံး တွေ့မြင်ရမည် ဖြစ်သည်။ အခြေခံပြည်သူများ အများဆုံးစားသုံးသော စားသောက်ကုန်ဖြစ်သောကြောင့် အထူးသတိပြုသင့်သည်။ နံနက် မိုးသောက်အလင်းရောက်သည်နှင့် လက်ဖက်ရည်၊ မုန့်ဟင်းခါးနှင့် ခေါက်ဆွဲတို့ဖြင့် စတင်မိတ်ဆက်လေ့ရှိသော ရန်ကုန်မြို့နေပြည်သူတို့ အခြေခံစားသောက်ကုန်များကို အသိ၊ သတိဖြင့် ရောင်းချ၊ စားသောက်သင့်ပြီ ဖြစ်သည်။ တိုဟူးသည် မူလက ပျော့ပျောင်းသောအရာဖြစ်၍ လက်ညှိုးဖြင့် ဖိလိုက်ပါက ချိုင့်ရာဖြစ်ခြင်း၊ အတွင်းသို့ ဝင်ရောက်သွားခြင်းနှင့် ကြေလွယ်ခြင်းတို့ ဖြစ်လေ့ရှိသည်။ နှစ်ရက်အတွင်း အချဉ်နံ့ ထွက်လေ့ရှိသည်။ ပဲပြား၊ ပဲသွေးလည်း ထိုသို့ပင် ဖြစ်သည်။ ဖော်မလင်စိမ်လိုက်ပါက ရော်ဘာကဲ့သို့ မာဆတ်သွားပြီး အမြင်လည်း ကြည့်ကောင်းသွားကာ အချိန်ကြာမြင့်စွာ မပျက်စီးဘဲ ထားနိုင်သောကြောင့် ရောင်းသူတို့ အကြိုက်ဖြစ်သည်။ မုန့်ဖတ်၊ ခေါက်ဆွဲဖတ်သည် မူလရနံ့ရှိပြီး တစ်ရက်ကျော်ပါက အနံ့မကောင်းသောကြောင့် တစ်နေ့တာ စားသုံးရန်သာ သင့်လျော်သော စားသောက်ကုန် ဖြစ်သည်။ သို့သော် ဖော်မလင်စိမ်လိုက်ပါက အနည်းငယ် မာဆတ်ပြီး အရောင်လှကာ မုန့်ဖတ်ခေါက်ဆွဲရနံ့ ပျောက်ကွယ်သွားလေ့ရှိသည်။ ခေါက်ဆွဲဖတ်အစိုလည်း ထိုသို့ပင် ဖြစ်သည်။ မုန့်ဖိုများတွင် အများဆုံးအသုံးပြုလေ့ရှိပြီး ရေရှည်အထားခံသည်။ ဈေးကွက်အတွင်း ဖော်မလင်ပါသော အစားအစာများစွာ ရောက်ရှိနေသည်ကို ရန်ကုန်မြို့နေပြည်သူတို့ သတိပြုစေချင်ပါသည်။ နို့နှင့် နို့ထွက်ပစ္စည်းများတွင်လည်း အသုံးပြုနေသောကြောင့် ကျောင်းသားကလေးငယ်များအတွက် ဆရာ၊ ဆရာမနှင့် မိဘများက အထူးသတိပြုသင့်ပါသည်။

နိုင်ငံတကာကျန်းမာရေးဌာနမှ အစားအစာများတွင် အသုံးပြုနိုင်သောအရာများကို ခွင့်ပြုထားမှုနှင့်အတူ တားမြစ်ထားသည်များလည်း ရှိသည်။ ဆင်းရဲသောနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံတို့တွင် တားမြစ်ထားသောအရာများကို စားသောက်ကုန်တို့တွင် အသုံးပြုနေသောကြောင့် သက်ဆိုင်ရာနိုင်ငံတို့တွင် စားသောက်ကုန်ကာကွယ်ထိန်းချုပ်ရေးကို လုပ်ဆောင်နေကြခြင်း ဖြစ်သည်။ ထိုသို့ ထိန်းချုပ်နေသည့်ကြားမှပင် နေ့စဉ်ပြည်သူတို့ စားသောက်သောအစားအစာများမှ ရောဂါဝေဒနာများ ရရှိခံစားနေရလျက်ရှိသည်။ အချို့က သိ၍ ရှောင်သည်။ အချို့ကမသိ၍ စားသည်၊ သိလျက်နှင့် တစ်ကြိမ်တစ်ခါဟူသော အတွေးဖြင့် စားသုံးနေကြသူများလည်း ရှိသည်။ ကွမ်းယာစားသုံးမှုကိုကြည့်လျှင်လည်း သိနိုင်ပါသည်။ နေ့စဉ်စားသောက်ကုန်များတွင်လည်း အိမ်ရှင်မများ သတိပြုနေသည့်ကြားမှပင် ငရုတ်

**❐ ဖော်မလင်စိမ်လိုက်ပါက ရော်ဘာကဲ့သို့မာဆတ်သွားပြီး အမြင်လည်း ကြည့်ကောင်းသွားကာ အချိန်ကြာမြင့်စွာ မပျက်စီးဘဲထားနိုင်သောကြောင့် ရောင်းသူတို့ အကြိုက်ဖြစ်သည်။**

**❐ ဖော်မလင်များသော အစားအစာကို စားသုံးမိပါက အစာအိမ်ပျက်စီးပြီး အူလမ်းကြောင်းတစ်လျှောက် ရောင်ရမ်းခြင်း၊ အထက်လန်အောက်လျှောဖြစ်ခြင်း၊ ဦးနှောက်နှင့် အာရုံကြောထိခိုက်ခြင်း၊ ကျောက်ကပ်ပျက်စီးခြင်းတို့ဖြစ်**



သီးမှုန့်၊အစိမ်းမှုန့်၊ နနွင်းမှုန့်တို့ ဆိုးဆေးဘဝက မလွတ်ကင်းဘဲ ရှိနေကြသည်။ နေ့စဉ်လည်း စားသုံးနေကြလျက်ရှိသည်။ အကျိုးအပြစ်ကိုသိ၍ အိမ်တွင်မသုံးစွဲသော်လည်း ပြင်ပတွင် ရှောင်မရ၍ ဖြစ်စေ၊ သတိမမူ၍ ဖြစ်စေ နေ့စဉ်ရုံးဝန်ထမ်းနှင့် ခရီးသွားများ နေ့စဉ်စားသုံးနေကြလျက် ရှိသည်။ ထုတ်လုပ်သူနှင့် တစ်ဆင့်ပြန်လည်ရောင်းချသူတို့ အထူးပင်သတိပြုသင့်ပါသည်။ မိမိနိုင်ငံ၏ ကျန်းမာရေးအခြေအနေကို ပြန်လည်ကြည့်သင့်ပြီ ဖြစ်သည်။

ဖော်မလင်အသုံးပြုထားသော အစားအစာများကို စားသုံးမိပါက ကျန်းမာရေးကို ထိခိုက်စေနိုင်သည်။ ဖော်မလင်သည် အရည်နှင့် အငွေ့ဟူ၍ နှစ်မျိုးရှိပြီး အငွေ့ကို ဖော်မယ်ဒီအိုင်ဂက်စ်ဟုခေါ်၍ အရည်ကို ဖော်မလင်ဟု ခေါ်ဆိုသည်။ အငွေ့ကို ထိမိပါက ရောင်ရမ်းပြီး ထိခိုက်ပျက်စီးစေသည်။ ထိုအငွေ့ရှိသော အခန်းအတွင်း ဝင်ရောက်မိပါက မျက်စိရောင်ခြင်း၊ ပျက်စီးခြင်းနှင့် နှာအတွင်းပိုင်းနှင့် နှာခေါင်းအတွင်းပိုင်းကို ရောင်ရမ်းစေနိုင်သည်။ အသက်ရှုလမ်းကြောင်းကို ထိခိုက်စေပြီး အဆုတ်ကို ထိခိုက်စေသည်။ ဖော်မလင်သုံးထားသော မုန့်ဖတ်၊ ညှပ်ခေါက်ဆွဲတို့သည် ဟင်းရည်အပူရှိန်ကြောင့် စားသောက်စဉ် မျက်နှာကို ဟပ်မိ၍ အသက်ရှူလမ်းကြောင်းကို ထိခိုက်စေပြီး မျက်နှာကိုလည်း ထိခိုက်စေတတ်သည်။ ဖော်မလင်များသော အစားအစာကို စားသုံးမိပါက အစာအိမ်ပျက်စီးပြီး အူလမ်းကြောင်းတစ်လျှောက်ရောင်ရမ်းခြင်း၊ အထက်လန်အောက်လျှောဖြစ်ခြင်း၊ ဦးနှောက်နှင့် အာရုံကြောထိခိုက်ခြင်း၊ ကျောက်ကပ်ပျက်စီးခြင်းတို့ဖြစ်ပေါ်သည်ဟု ဆိုသည်။ တစ်နေ့လျှင်အနည်းငယ်စားသုံးမိခြင်းသည် အများစုကြုံတွေ့နိုင်၍ ရေရှည်တွင် ကျန်းမာရေးကို ထိခိုက်စေသည်ကို သတိပြုသင့်သည်။ အထူးသဖြင့် ခန္ဓာကိုယ်အတွင်း ကင်ဆာဖြစ်စေသော အစားအစာများကို စားသုံးခြင်းကြောင့် ကင်ဆာဖြစ်ပေါ်ခြင်းပင် ဖြစ်သည်။ ဖော်မလင်သုံးထားသော မုန့်ဖတ်၊ ခေါက်ဆွဲ၊ ညှပ်ခေါက်ဆွဲတို့ကို နေ့စဉ်စားသုံးနေပါက အစာအိမ်ပျက်စီးတတ်ပြီး အူလမ်းကြောင်းကိုလည်း ထိခိုက်စေသည်။ ယနေ့ မြန်မာနိုင်ငံတွင် ကျောက်ကပ်ဝေဒနာခံစားရခြင်းသည် အစားအစာများမှ ရရှိခဲ့သော အကျိုးကျေးဇူးပင် ဖြစ်လိမ့်မည်။ ဖော်မလင်ပါသော အစားအစာများကို စားသုံးခဲ့၍ ဖြစ်မည်။

၂၀၁၆ ခုနှစ်တွင် FDA က ဈေးကွက်များအတွင်းရှိ စားသောက်ကုန်များကို စစ်ဆေးခဲ့ပြီး ဖော်မလင်ပါသော စားသောက်ကုန်များကို သတင်းထုတ်ပြန်ခဲ့သည်ကို တွေ့ရမည် ဖြစ်သည်။ ၂၀၁၈ ခုနှစ်တွင် ရန်ကုန်မြို့သည် ပို၍ လူဦးရေတိုးတက်လာပြီး အသား၊ ငါးနှင့် ဟင်းသီးဟင်းရွက်ကို ပိုမိုစားသုံးလာကြသည်။ မြို့ပြသို့ ပြောင်းရွှေ့နေထိုင်မှု များလာသောကြောင့် အခြေခံစားသောက်ကုန်များ ပို၍ အရောင်းသွက်ကြသည်။ ဈေးသက်သာပြီး လွယ်ကူသောအစားအစာများကို ပို၍ ခံတွင်းတွေ့လာကြလျက်ရှိသည်။ အသင့်ရောင်းသော ဟင်းလျာသည် ၎င်းတို့အတွက် ပို၍လက်တွေ့ဆန် နှစ်ခြိုက်လာလျက်ရှိသည်။ ပဲဟင်းတွင် အသုံးပြုသောဆီနှင့်အရောင်တင်၊ အချိုမှုန့်ကို ဂရုပြုရခြင်းထက် လွယ်ကူမြန်ဆန်အကုန်အကျ သက်သာမှုကိုသာ ဦးစားပေးလာကြလျက်ရှိသည်။ ထို့ကြောင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှိ ပြင်ပလူနာဌာနတွင် လူနာ ၂၀၀ ကျော် တန်းစီပြသနေကြခြင်း ဖြစ်သည်။ ထိုလူနာများတွင်အများစုမှာ အခြေခံပြည်သူတို့သာ ဖြစ်သည်။ စားသောက်ကုန် ထုတ်လုပ်ရောင်းချသူများအနေဖြင့် မိမိအကျိုးစီးပွားအတွက် ထုတ်လုပ်ရောင်းချရာ၌ စေတနာထား၍ ချက်ပြုတ်ရောင်းချခြင်းသည် မိမိထံတွင် လာရောက်စားသောက်သူများ၏ ကုသိုလ်ကို နေ့စဉ်ရရှိခြင်းပင် ဖြစ်ရာ စားသုံးသူအပေါင်း ကျန်းမာသန့်ရှင်းရောဂါကင်းပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှု၏ အဓိကမဏ္ဍိုင်ကြီးဖြစ်သည့် လူ့စွမ်းအားအရင်းအမြစ်များ ပိုမိုဖွံ့ဖြိုးစေရေးဝိုင်းဝန်း ပူးပေါင်းကူညီရန် လိုအပ်သည်။ ဈေးများမှ နေ့စဉ်စားသုံးနေရသော စားသောက်ကုန်များ သန့်ရှင်းလတ်ဆတ်ရောဂါကင်းဝေးစေလျက် မှန်ကန်စွာ ရောင်းချခြင်းဖြင့် ရန်ကုန်မြို့ပြနေပြည်သူတို့ နေ့စဉ်စားသောက်ကုန်များမှ ဘေးအန္တရာယ်ကင်းဝေးပါစေကြောင်း တင်ပြလိုက်ပါသည်။ ။

**သော်တာနမ့်စန်၊ ဓာတ်ပုံ - သစ္စာ**

# ရန်ကုန်မြေပေါ်မှ ရှုပ်ထွေးနေသော ဆက်သွယ်ရေးကြိုးများ

# မြို့တော်အင်္ဂါရပ်နှင့်အညီ ပြောင်းလဲတပ်ဆင်နေပြီ

**တင်ဝင်းလေး (ကြည့်မြင်တိုင်)၊ ဓာတ်ပုံ- ဘော်ဂါသွေး**

စာရေးသူတို့ငယ်ငယ်က စကားပြောဆက်သွယ်ရေးအနေဖြင့် အိမ်ဖုန်း (ကြိုးဖုန်း) များသာ ရှိခဲ့သည်။ ဖုန်းလိုင်းကြိုးများကို သစ်သားတိုင်များဖြင့် စိုက်ထူသွယ်တန်းကြရသည်။ ထိုစဉ်က သွယ်တန်းသောကြိုးများမှာ အလုံးသေးပြီး အသုံးပြုသူလည်း နည်းပါးသည့်အတွက် တိုင်များတွင် ကြိုးများ ရှုပ်ရှုပ်ထွေးထွေး မရှိလှပေ။

ယနေ့ ခေတ်မီပြောင်းလဲလာသောကာလဝယ် သွားရာတွင် လွယ်ကူပေ့ါပါးစွာ ယူဆောင်သွားနိုင်ခြင်း၊ ကာလခေတ်ဈေး အနေဖြင့်လည်း ပြည်သူအများ ဝယ်ယူနိုင်ခြင်းကြောင့် လူတိုင်းကိုယ်စီ လက်ကိုင်ဖုန်းများကို ကိုင်ဆောင်လာနိုင်ကြပြီ ဖြစ်သည်။

ဆက်သွယ်ရေးကွန်ရက်အနေဖြင့်လည်း နေရာမလပ် ချိတ်ဆက်နိုင်ပြီး စက္ကန့် မိနစ်ပိုင်းအတွင်း တစ်ဦးနှင့်တစ်ဦး လှမ်း၍စကားပြောနိုင်၊ အကြောင်းအရာကိစ္စများ ပေးပို့လာနိုင်ကြပြီ ဖြစ်သည်။ သို့အတွက် ယနေ့ကမ္ဘာကြီးအတွင်း ဖြစ်ပျက်သမျှကို အချိန်နှင့်တစ်ပြေးညီ ကြည့်ရှုမြင်တွေ့ ခံစားနိုင်ကြပြီ ဖြစ်သည်။ ကမ္ဘာကြီးမှာ ဆက်သွယ်ရေးလျင်မြန်မှု အကျိုးတရားများကြောင့် ယနေ့အခါမှာ ရွာလေးတစ်ရွာမျှသာ ဖြစ်သွားပြီဟု ဥပမာပေး ဆိုလာကြသည်။ ရွာဒီဘက်ထိပ်က အော်လိုက်လျှင် ရွာဟိုဘက်ထိပ်က အတိုင်းသားကြားနိုင်သည်ဟု တင်စားလာကြသည်။

**ဆက်သွယ်ရေးကောင်းမွန်မှုနှင့် စီးပွားရေး**

ရန်ကုန်မြို့သည် မြန်မာနိုင်ငံ၏ လူဦးရေအများဆုံးနေထိုင်ရာ မြို့ကြီးတစ်မြို့ ဖြစ်သည်။ စီးပွားရေးဆောင်ရွက်ရာ အချက်အချာကျသော မြို့ကြီးတစ်မြို့လည်း ဖြစ်သည်။ စီးပွားရေး ဆောင်ရွက်ရာတွင် အဓိကအရေးကြီးဆုံးမှာ ဆက်သွယ်ရေးပင် ဖြစ်သည်။ ဆက်သွယ်ရေးကောင်းမွန်ပါမှ အချိန်တိုအတွင်း ဈေးကွက်စီးပွားရေးပြောင်းလဲမှုကို အမြန်ဆုံး သိနိုင်မည် ဖြစ်သည်။ စီးပွားရေးသမားများအတွက် ဖုန်း၊ အီးမေးလ် စသော ဆက်သွယ်မှု ဆက်သွယ်ရေးလိုင်းများသည် လုံးဝပြတ်တောက်၍ မရနိုင်ပေ။ ထို့အတွက် ဆက်သွယ်ရေးအော်ပရေတာများသည် လည်း မိမိတို့လိုင်း အစဉ်အမြဲကောင်းစေနိုင်ရေးအတွက် ကြိုးပမ်းလျက်ရှိနေကြသည်။




အနော်ရထာလမ်းနှင့် ၃၄ လမ်းထောင့်၌ ရှုပ်ထွေးဆက်သွယ်ရေးကြိုးများကို ရှင်းလင်းအပြီး တွေ့ရစဉ်။




ရှုပ်ထွေးနေသော ဆက်သွယ်ရေးကြိုးများ

အကောင်းနှင့် အဆိုးသည် အမြဲဒွန်တွဲနေတတ်သည်ဟု လူကြီးသူမတို့၏ ဆိုရိုးအတိုင်း ဆက်သွယ်ရေးလမ်းကြောင်းများ ကောင်းလာသည်နှင့်အမျှ ထိုဆက်သွယ်ရေးနှင့်ဆိုင်သော ကြိုးကြီးများက ရန်ကုန်မြေဝယ် ငါးဖမ်းကျွန်းပမာ စိပ်စိပ်လာခဲ့ သည်။တစ်နေ့တခြား များပြားမှုနှင့်အတူ ရှုပ်ထွေးလာခဲ့သည်။

အချို့သော ယာဉ်သွားရာလမ်းကြောင်းတွင် ဒုက္ခများ ပေးလာခဲ့သည်။ စာရေးသူ ကိုယ်တွေ့ပင်၊ ကြည့်မြင်တိုင်မြို့နယ် ဗားကရာလမ်း (အ.ထ.က ၁ ကျောင်းရှေ့) တွင် လမ်းဖြတ် ဆက်သွယ်ထားသော ကြိုးများနှင့် ယာဉ်များ မလွတ်ကင်း သည့်အတွက် နှစ်ကြိမ်တိုင်တိုင် ကြိုးနှင့် ကားငြိ၍ ဆက်သွယ်ရေး တိုင်များ အပြိုပြိုအလဲလဲ ဖြစ်ခဲ့ရသည်။

**ဝန်အားမမျှ ဆက်သွယ်ရေးတိုင်**

အချို့သော ဆက်သွယ်ရေးတိုင်များတွင် ကြိုးများ ချိတ်ဆွဲထားမှုမှာ ဝန်နှင့်အား မမျှပေ။ အလိပ်လိပ်အခွေခွေဖြင့် ဆက်သွယ်ရေးတိုင်မှာ ပြိုလဲလုနီးပါး ယိမ်းယိုင်နေသည်ကို နေရာအတော်များများတွင် တွေ့မြင်နေရသည်။ ထို့အပြင် လျှပ်စစ်ဓာတ်တိုင်များတွင်ပါ ရောပြွမ်းချိတ်ဆွဲထားသည့်အတွက် အန္တရာယ်ရှိနိုင်သည်ဟု ဆိုကြသည်။

သို့အတွက် မင်္ဂလာတောင်ညွန့်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂) လွှတ်တော်ကိုယ်စားလှယ် ဦးရန်အောင်က ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ် အတော်များများ၌ သွယ်တန်းထားသော ဆက်သွယ်ရေးကြိုး ကြီးများသည် တစ်နေ့တခြား များပြားရှုပ်ထွေးလာသည့်အပြင် အဆိုပါကြိုးများကြောင့် ဓာတ်တိုင်များ ယိုင်နဲ့နေခြင်း၊ လိုအပ် သည်ထက် အိတွဲလျော့ရဲ၍နေခြင်းကြောင့် အချိန်မရွေး အန္တရာယ်ဖြစ်ပေါ်နိုင်၍ မည်ကဲ့သို့အစီအမံများဖြင့် အန္တရာယ် ကင်းရှင်းအောင် ဆောင်ရွက်မည့် အစီအစဉ်များကို သိလို ကြောင်း မေးမြန်းမှု ရှိခဲ့သည်။

အဆိုပါမေးခွန်းနှင့် ပတ်သက်၍ သက်ဆိုင်ရာ တိုင်းဒေသ ကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဌာန ဝန်ကြီး ဒေါ်နီလာကျော်က ပြန်လည်ဖြေကြားပေးခဲ့သည်။

ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း MPT ၏ တယ်လီဖုန်းတိုင်ပေါင်း ၂၄၅၉၉ တိုင်ရှိပြီး ကြံ့ခိုင်မှုအားနည်း သောတိုင်ပေါင်း ၃၀၀၀ ကျော်ကို အစားထိုးလဲလှယ်ရန်နှင့် လိုအပ်သောနေရာများတွင် တိုင်ပေါင်း ၂၅၀ ခန့် ထပ်မံစိုက်ထူ သွားရန် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ညှိနှိုင်းစီစဉ် ဆောင်ရွက်သွားမည်ဟု ဆိုခဲ့သည်။

**ကေဘယ်လ်ကြိုးများချိတ်ဆွဲထားမှု စစ်ဆေးမည်**

ထို့အပြင် မြန်မာ့ဆက်သွယ်ရေးတိုင်များပေါ်၌ လာရောက် ချိတ်ထားသော အခြားအော်ပရေတာများ၏ ကေဘယ်လ်ကြိုး များကိုပါ အမြန်ဆုံးဖယ်ရှားနိုင်ရေးအတွက် အကြောင်းကြား စီစဉ်လျက်ရှိနေပြီဟု သိရသည်။ တစ်ဖန် YESC အနေဖြင့်လည်း လျှပ်စစ်ဓာတ်တိုင်များတွင် ဆက်သွယ်ရေးကေဘယ်လ်ကြိုးများ ချိတ်ဆွဲထားခြင်းကိုလည်း စစ်ဆေးစီစဉ် ဆောင်ရွက်သွားမည်ဟု သိရသည်။

ကနဦးစီစဉ်မှုအနေဖြင့် အချက်အချာကျသော လမ်းလေးခွ ဆုံမီးပွိုင့်အနီး သွယ်တန်းထားသော ကြိုးကြီးများအား မော်တော်ယာဉ်များသွားလာမှု၊ ခရီးသွားများသွားလာမှု စိတ်အနှောင့်အယှက် မဖြစ်စေရန်အတွက် Overhead ကေဘယ်လ်ကြိုးများအစား Underground ကေဘယ်လ် ကြိုးများဖြင့် အစားထိုးလဲလှယ်မှုကို တွေ့မြင်နေရပြီ ဖြစ်သည်။

Pilot Project အနေဖြင့် မြေအောက်မှ ပိုက်များထိုး၍ သွယ်တန်းမှုကို ပုဇွန်တောင်အိတ်ချိန်းနယ်မြေအတွင်း သိမ်ဖြူ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ဗိုလ်တထောင်ဘုရားလမ်းနှင့် သာယာကုန်းလမ်းထောင့်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဗိုလ်တထောင်လမ်းထောင့်တို့တွင် ဆောင်ရွက်နေကြပြီ ဖြစ် သည်။

MPT အနေဖြင့် မြို့တော်အင်္ဂါရပ်နှင့်ညီစေရန် သေသပ်မှု ရှိစေရန်အတွက် အဆင့်မြင့်ကြိုးများဖြင့် အစားထိုးလဲလှယ်သွား မည်ဖြစ်သည်။ ကွန်ကရစ်တိုင်များပေါ်ရှိ လျော့ရဲရဲဖြစ်နေသော ကေဘယ်လ်ကြိုးများအစား ကေဘယ်လ် 96 Overhead များ ပြောင်းလဲခြင်းကြောင့် အန္တရာယ်ဖြစ်နိုင်ခြင်းမှ ရှောင်လွှဲလာ နိုင်မည်ဖြစ်သည်။

**ဆက်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားချက်အရ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့်လည်း ဆက်သွယ်ရေးကွန်ရက်လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက် ဆက်သွယ်ရေးဝန်ဆောင်မှု လိုင်စင်ရ ကုမ္ပဏီများ က စည်ပင်သာယာနယ်နိမိတ်အတွင်း ကေဘယ်လ် ကြိုးများနှင့် ဆက်သွယ်ရေးကိရိယာ ချိတ်ဆွဲတပ်ဆင်ခြင်းနှင့် ဆက်သွယ်ရေးတိုင်များ စိုက်ထူခြင်းကို တရားဝင်လျှောက်ထား ရန် အသိပေးကြေညာမှုများ ပြုခဲ့သည်။ ယနေ့အထိ YCDC နှင့် စာချုပ် ချုပ်ဆိုပြီးသော ကုမ္ပဏီအနေဖြင့် ၂၅ ခုအထိရှိ ကြောင်း ကြားသိလာရသည်။

ထို့ကြောင့် ဆက်သွယ်ရေးကဏ္ဍအနေဖြင့် ဆောင်ရွက်ရာ တွင် ၂၀၁၈ ခုနှစ် စက်တင်ဘာ ၅ ရက်ကပြုလုပ်သော ရန်ကုန် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အစည်းအဝေး ၁၂/ ၂၀၁၈ ၌ ဝန်ကြီးချုပ်က YCDC နှင့် စာချုပ် ချုပ်ဆိုပြီးသော ကုမ္ပဏီများ၏ ဆက်သွယ်ရေးကြိုးများနှင့် ဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ တည်ဆောက်ပြီးစီးမှုစာရင်းကို တိုင်းဒေသကြီးအစိုးရထံ တင်ပြရန် ညွှန်ကြားချက်ပေးခဲ့ပြီး ယင်းကိစ္စအား ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ YCDC၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ YESC တို့မှ ကြပ်မတ် ဆောင်ရွက်သွားတော့မည်ဖြစ်ရာ မကြာမီသော အချိန်ကာလ အတွင်း ရန်ကုန်မြို့ပြတွင် အမြင်ရှုပ်ထွေးနေသော ဆက်သွယ် ရေးကြိုးများမှာ ရှင်းလင်းသွားတော့မည်ကို မျှော်မှန်းကြည့်မိ ပါတော့သည်။ ။



**စလစ်ကတော့ ကားအရောင်းအဝယ်ထက် ဒီတစ်ပတ်မှာ လူစိတ်ဝင်စားတဲ့အကြောင်းအရာ ဖြစ်လာတယ်။ စလစ်က အရောင်းအဝယ်မရှိသလောက်ပါပဲ။ ဒါပေမယ့် ဈေးကတော့ လုံးဝကျမသွားတာ။ သက်တမ်း နှစ် ၂၀ ယာဉ်အို ယာဉ်ဟောင်း အပ်နှံတဲ့စနစ်အရ အပ်ကား တန်ဖိုးက ငွေကျပ် သိန်း ၁၃၀ စွန်းစွန်း ဖြစ်နေတယ်။ အပ်ကားကလည်း တော်တော်လေး ရှားလာနေပြီ။**

တစ်ပတ်အတွင်း
ရန်ကုန်
ကားဈေးကွက်

# ကားသစ်တွေဘက် ခြေဦးပိုလှည့်လာတဲ့ ရန်ကုန်ဈေးကွက်

**မင်းသော်**

**တစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့သည့် ကားဈေးနှုန်းများ**

| ယာဉ်အမျိုးအစား | Model | လိုင်စင် | အင်ဂျင်ပါဝါ | နေရာ | ဈေးနှုန်းကျပ်သိန်း |
|---|---|---|---|---|---|
| RVR | 2012 | ရန်ကုန် | 1800cc | အပြင်ဈေး | ၃၇၈ |
| Alphard | 2004 | ရန်ကုန် | 2400cc | အပြင်ဈေး | ၅၀၀ |
| Vitz | 2002 | ရန်ကုန် | 1300cc | အပြင်ဈေး | ၁၆၀ |
| CRV | 2012 | စတိ | 2000cc | အပြင်ဈေး | ၆၁၅ |
| Belta | 2008 | ရန်ကုန် | 1500cc | အပြင်ဈေး | ၁၆၀ |
| Probox | 2010 | ရန်ကုန် | 1300cc | အပြင်ဈေး | ၁၅၀ |
| Fit | 2013 | ရန်ကုန် | 1300cc | အပြင်ဈေး | ၃၂၀ |
| Crown | 2009 | ရန်ကုန် | 3000cc | အပြင်ဈေး | ၆၅၈ |
| Surf | 2006 | ရန်ကုန် | 2700cc | အပြင်ဈေး | ၆၆၀ |
| Civic | 2007 | ရန်ကုန် | 1300cc | အပြင်ဈေး | ၁၇၀ |

ဈေးနှုန်းများမှာ ကားအမျိုးအစား၊ အရည်အသွေးနှင့် အခြားသောကိစ္စရပ်များကြောင့် ပြောင်းလဲနိုင်ပါသည်။

**ပွင့်လင်းရာသီအစမို့** အရောင်းစင်တာများ၊ ကားပြပွဲများ ပိုမိုများပြားလာသည့်အတွက် ဂျပန်တစ်ပတ်ရစ်ကားဈေးကွက် ထင်သလောက် အလုပ်မဖြစ်ကြောင်း ဈေးကွက်အတွင်း ကျွမ်းကျင်သူများက ပြောကြားသည်။

"ကားပြပွဲတွေက ဆက်တိုက်ရှိလာတယ်။ ကားစင်တာတွေကလည်း အရောင်းပြပွဲတွေ လုပ်တယ်။ ပရိုမိုးရှင်းတွေ များတယ်။ ဒါကြောင့် ဈေးမကျပေမယ့် ကားအသစ်တွေ လူပိုစိတ်ဝင်စားလာကြတယ်။ ပြောရရင်တော့ စင်တာတွေမှာလည်း Consignment ကားတွေက ၃၀၀ လောက်ရှိတယ် ကြားတယ်။ သူတို့တွေကလည်း စလစ်ပါမှဖြစ်မှာဆိုတော့ အခက်အခဲကလည်း ရှိနေတယ်။ စလစ်ဈေးကပ်လိုက်ရင်လည်း ဈေးကမြင့်သွားတယ်။ ဒေါ်လာဈေးကလည်း မကျတော့ လက်ရှိမှာ ကားသစ်ဈေးကျဖို့မရှိဘူး။ ဒါပေမယ့် သူ့မှာအားသာချက်တွေ အများကြီးရှိတယ်။ ဥပမာပြောရရင် အရစ်ကျစနစ်နဲ့ဝယ်လို့ရတယ်။ ငွေဖြူဆိုရင် ဝင်ငွေခွန် ထပ်ဆောင်စရာမလိုဘူး။ လုပ်ရကိုင်ရတာ ကားဟောင်းထက် ပိုပြီးရှင်းလင်းတယ်။ ဒါကြောင့် ကားသစ်တွေဘက် ခြေဦးလှည့်ကြတယ်" ဟု ကားအရောင်းအဝယ်လုပ်ကိုင်သူ ကိုကျော်ဇေယျာဝင်းက ပြောသည်။

လက်ရှိတွင် Consignment ကားများကို စလစ်အစားထိုးစနစ်မပေးရန် သေချာသွားပြီဖြစ်သည်။ ထို့ကြောင့် စလစ်ဈေးနှုန်းမှာ မူလထက်ငွေကျပ် သုံးသိန်းမှငါးသိန်း ကျပ်အထိမြင့်တက်သွားကြောင်း သိရှိရသည်။

ဂျပန်တစ်ပတ်ရစ် ကားဈေးကွက်အတွင်း ဈေးနှုန်းများ တည်ငြိမ်နေသည်ဟု သိရှိရပြီး နယ်ဝယ်လက်များက ကထိန်ရာသီမို့ အဆင်းအတက် ပြန်နည်းသွားကြောင်း၊ တန်ဆောင်မုန်းလပြည့်ကျော်ပြီးမှသာ အရောင်းအဝယ်ပြန်လည် လည်ပတ်လာနိုင်ကြောင်း၊ ပိတ်ရက်များသဖြင့် ယခုသီတင်းပတ်အတွင်း အရောင်းအဝယ်မလုပ်ကြခြင်းဖြစ်ကြောင်း ကားဝယ်ရောင်းလောကသားများထံမှ သိရသည်။

"စလစ်ကတော့ ကားအရောင်းအဝယ်ထက် ဒီတစ်ပတ်မှာ လူစိတ်ဝင်စားတဲ့အကြောင်းအရာ ဖြစ်လာတယ်။ စလစ်က အရောင်းအဝယ်မရှိသလောက်ပါပဲ။ ဒါပေမယ့် ဈေးကတော့ လုံးဝကျမသွားတာ။ သက်တမ်း နှစ် ၂၀ ယာဉ်အိုယာဉ်ဟောင်း အပ်နှံတဲ့စနစ်အရ အပ်ကားတန်ဖိုးက ငွေကျပ်သိန်း ၁၃၀ စွန်းစွန်း ဖြစ်နေတယ်။ အပ်ကားကလည်း တော်တော်လေးရှားလာနေပြီ။ ဝန်ကြီးဌာနက အပ်ကားတွေ ထွက်လာနိုင်ရင်တော့ တော်တော်လေး လျှပ်ခတ်သွားနိုင်တယ်။ အချို့ဝန်ကြီးဌာနတွေက အပ်ကားတွေ ထုတ်ချင်တယ်လို့ ပြောကြတာလည်း ကြားတယ်။ မတော်တဆများ ဝန်ကြီးဌာနပိုင် မော်တော်ယာဉ်တွေ ယာဉ်အိုယာဉ်ဟောင်းအပ်နှံခွင့်နဲ့ အကုန်အပ်ကြပြီဆိုရင် လက်ရှိတက်နေတဲ့ စလစ်ဈေးက ထိုးပြီးကျနိုင်တယ်။ ဒါကလည်း အပြောသာ ရှိတာ။ လက်တွေ့မှာ မလွယ်ကူဘူး။ အဆင့်ဆင့်တင်ပြဖြတ်သန်းကြရမှာဆိုတော့ သိပ်မျှော်လင့်လို့ မရသေးပါဘူး။ ဒါကြောင့် စလစ်ဈေးအမြင့်ကိုတော့ ကြုံနေကြရမှာပါ"ဟု ကားဝယ်ရောင်း ကိုသစ္စာကလည်း လက်ရှိအခြေအနေကို ပြောပြသည်။

ဂျပန်တစ်ပတ်ရစ်ကားဈေးကွက်တွင် အင်ဂျင်ပါဝါသင့်၊ ၂၀၁၄ ဝန်းကျင်မော်ဒယ်လ်ကားများ ယခုသီတင်းပတ်အတွင်း ပိုမို အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရှိရသည်။ အများစုမှာ အင်ဂျင်ပါဝါ ၁၈၀၀ မှ ၂၅၀၀ အကြား၊ ခရီးသွားလာရ အဆင်ပြေပြီး လူခုနစ်ဦး၊ ကိုးဦးစသည့်အရေအတွက်ဆံ့ မော်တော်ကားများ ပိုမိုအရောင်းအဝယ်ရှိကြောင်း ဈေးကွက်အတွင်းမှ သိရှိရသည်။

ဈေးကွက်အတွင်း အခြေခံသတ်မှတ်ချက်အချို့အား ရာဖြတ်အခွန်စံနှုန်းသတ်မှတ်ချက်ပေးရာတွင် ထည့်သွင်းအဖြေရှာရန် ထည့်သွင်းထားသည့်အပေါ် ကားလောကသားများက ကျေနပ်မှုရှိကြောင်းလည်း ထူးခြားသည့်သတင်းတစ်ခုအဖြစ် သိရှိရသည်။ ဂျပန်တစ်ပတ်ရစ်ကားအများစုကို ရာဖြတ်၍အခွန်သတ်မှတ်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများကို ယင်းအချက်များက အထောက်အကူပြုစေပြီး ကားဈေးကွက်အပြောင်းအလဲနှင့် ဈေးနှုန်းအတက်အကျတွင်လည်း အထောက်အကူရရှိနိုင်သည့်အပြင် တစ်ပတ်ရစ်ကားဝယ်ယူသူများအတွက်လည်း သတိပြုနိုင်ကြောင်း ကားကျွမ်းကျင်သူများက ပြောသည်။ ယင်းအချက်များတွင် ရန်ကုန်လိုင်စင်၊ နယ်လိုင်စင်ဈေးကွာခြားမှု ငွေကျပ် သိန်း ၃၀၊ ကားအရောင်ပေါ်မူတည်၍ ငွေကျပ် ၁၅ သိန်းအထိ ကွာခြားနေတတ်ခြင်း၊ ထုတ်လုပ်သည့်ခုနှစ်တူသော်လည်း ယာဉ်တပ်ဆင်ပစ္စည်းကွာခြားနိုင်ခြင်း၊ ကြမ်းခင်းဈေးတူသော်လည်း အခွန်ဆောင်စဉ် ဖော်ပြထားသည့် ဈေးနှုန်းကွာခြားခြင်းနှင့် အကွာရာပေါ်မူတည်၍ ကွာခြားခြင်းတို့ ရှိကြောင်း ပါဝင်သည်။ ။

